
www.burmeseclassic.com

# မောင်သွေးရှင်

## ရေအောက်ဝိညာဉ်မြို့တော်



ပန်းချီ ထွန်းအောင်

www.burmeseclassic.com

www.burmeseclassic.com

စိစစ်သူ
ကျော်ကျော်

[illegible] — ကိုထွန်းအောင်
[illegible] — Master Color
[illegible] — ထက်အာကာကျော်
[illegible] — Deep Blue
[illegible] — ဝေါ်မျို ဝိသာအုရ (၅၆) လမ်း
[illegible] — ၂၀၀၉– ဇူန်၊ မတ်လ
တန်ဖိုး — (၅၀၀) ကျပ်

ပုံနှိပ်မှတ်တမ်း

[illegible]အမှတ် – ၁၃၅၈/၂၀၀၄ (၁၂)
မျက်နှာဖုံးမှင်ခြိမ်းမျက်အမှတ် – ၁၃၄၉/၂၀၀၄ (၁၂) အရ...
ရှေ့ပြေးပုံနှိပ်တိုက်၊ ဒေါက်တာ ခိုဆန် (၂၉၉၄)
အမှတ် (၅၃)၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားအနှင့် မျက်နှာဖုံးရိုက်နှိပ်၍
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ (ဝ၉၁၀)
အမှတ် (၁၁၁)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ
ပထမအကြိမ်... အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

ဖြန့်ချိရေး

ဆောင်းစာပေ
အမှတ် (၁၆၀)၊ မဟာဗန္ဓုလလမ်းနှင့် (၅၃) လမ်းထောင့်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၉၆၁၉၂၊ ၂၉၉၄၈၁

နှမောဗုဒ္ဓသ
ဝါသနာစာပေ (စာစဉ်-၁)

# မောင်သွေးရှင်

# ရေအောက်ဝိဇ္ဇာဥမြို့တော်

နှင့်

ဖြစ်ရပ်ဆန်းကြယ် ဂမ္ဘီရဝတ္ထုတိုများ

ဝါသနာစာပေ
အမှတ်(၁၉၁)၊ ၃၂လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၂၅၃၄၆၆

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

✦✦


| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | ထူးတဲ့ဝိညာဉ် | ၆ |
| ၂။ | ကျွန်မတို့ကိုလည်း အမျှဝေပါ | ၁၅ |
| ၃။ | စကျေးဥချစ်တဲ့သူ | ၂၉ |
| ၄။ | ရေအောက်ဝိညာဉ်မြို့တော် | ၄၂ |
| ၅။ | သူငယ်ချင်းရဲ့လှမ်းလက်ဆောင် | ၅၆ |
| ၆။ | အသက်ဘေးနှင့်ဝေးခဲ့ပြီ | ၇၀ |
| ၇။ | နှင်းဆီရိပ်ဝိညာဉ် | ၇၉ |
| ၈။ | တစ္ဆေစေတ | ၁၀၀ |
| ၉။ | ခွဲလမ်းမှုရောက်ဝယ် | ၁၁၄ |
| ၁၀။ | ကျွန်ုပ်နှင့်ထူးဆန်းသောဆေးတံ | ၁၂၄ |
| ၁၁။ | မိတ်ဆွေထံငွေတောင်းတဲ့ဝိညာဉ် | ၁၄၁ |
| ၁၂။ | ဆရာဒေါင်းနွယ်ဇော်ဟောင်မှုးဘဝဖြစ်ရပ်ဆန်းများ(၁) | ၁၅၀ |
| ၁၃။ | ဆရာဒေါင်းနွယ်ဇော်ဟောင်မှုးဘဝဖြစ်ရပ်ဆန်းများ(၂) | ၁၆၁ |
| ၁၄။ | မြွေသူစိုး | ၁၇၉ |


✦✦

ဘုရားရှင် ဟောကြားတော်မူအပ်သော သုံးဆယ့်တစ်ဘုံ သည်ကား လွန်စွာကျယ်ဝန်းနက်နဲလှပေ၏။

ထိုထိုသော သုံးဆယ့်တစ်ဘုံ သတ္တလောကဝယ် ထူးဆန်းသော အဖြစ်အပျက်များသည်လည်း အခါအားလျော်စွာ ဖြစ်ပျက်နေလေ၏။

ဝင်ဝင် ကျဲသို့ဖြစ်ပျက်နေခြင်းသည် ဘာမှမထူးဆန်း လောက မှုတာတစ်ရပ်သာဖြစ်ချေ၏။

သို့သော်...

ထိုအဖြစ်အပျက်များကို လူတို့ ကိုယ်တွေ့ကြုံကြိုက်ကြရလေ သောအခါ ထူးထူးဆန်းဆန်း အံ့သြဖွယ်ဖြစ်ကြရလေ၏။

အထူးသဖြင့် လူသားတို့နှင့် ပရလောကဆက်နွယ်မှုများသည် လျှို့ဝှက်နက်နဲ၍ ကျွံရဆန်းလှပေ၏။


ဤစာအုပ်တွင် ကျွံရဆန်းသောဖြစ်ရပ်ဆန်းများကို တစ်စကြီး ဝတ်ရှုနိုင်ကြပါလိမ့်မည်ဟု...

မောင်ဧသွေရှင်

www.burmeseclassic.com

www.burmeseclassic.com

# ထူးတဲ့ဝိညာဉ်



## ထူးတဲ့ဝိညာဉ်

တစ်နေ့တွင် ကျွန်ုပ်၏အိမ်သို့ ဧည့်သည်တစ်ဦးရောက်ရှိလာလေ၏။ ထိုဧည့်သည်မှာ စာရေးဆရာမင်းနန္ဒသူရိန်ဖြစ်လေ၏။ ကျွန်ုပ်တို့နှစ်ဦးသည် ကော်ဖီသောက်၍ စကားစမြည်ပြောရင်း ပရလောက၏ ထူးခြားချက်နှင့် ဝိညာဉ်များအကြောင်း ဆွေးနွေးဖြစ်ကြလေ၏။

ဆရာမင်းနန္ဒသူရိန်က သူကိုယ်တွေ့ပရလောကသားတို့နှင့် ဆက်သွယ်သောဖြစ်ရပ်ဆန်းများကို ပြောပြလေရာ ကျွန်ုပ် အံ့ဩလှစွာ ခေါင်းတညိတ်ညိတ်ဖြစ်နေလေတော့သည်။ သူပြောပြသည်များမှာ အလွန်ထူးဆန်း၍ စိတ်ဝင်စားဖွယ်ကောင်းလှသည်ဖြစ်ရာအား စာရှုသူများသို့ ပြန်လည်ဖောက်သည်ချ ရေးသားလို့ ခွင့်တောင်းမိလေတော့၏။

ယခုရေးသားမည့်ဖြစ်ရပ်မှာ တကယ့်ဖြစ်ရပ်ဖြစ်ပြီး ဖြစ်ခဲ့

www.burmeseclassic.com



မှ လူပုဂ္ဂိုလ်လည်း ယခုတိုင်ရှိနေကြောင်း သိရ၏။ ၎င်းတို့၏ အမည်းလိပ်စာများကို လွှဲပြောင်းရေးသားသည်မှအပ ဖြစ်ရပ်မှာ အမှန်ဖြစ်ခဲ့ပါကြောင်း ဝန်ခံအပ်ပါ၏။

▶▶◀◀

ဦးရွှေတင်ကား ရေလုပ်သားကြီးတစ်ဦးဖြစ်၏။ ကျိုက္ခမီ ပင်လယ်ကမ်းခြေရှိ ရွာတစ်ရွာမှာ နေထိုင်၏။ ရွာလယ်တွင် အိမ်ရှိသော်လည်း ဦးရွှေတင်က ကမ်းခြေရှိတဲမှာ အနေများသည်။

သီတင်းကျွတ်၊ တန်ဆောင်မုန်း ငါးခြောက်လှမ်းသည့်ရာသီဆို ကမ်းစပ်ရှိ ငါးခြောက်စင်များစောင့်ရင်း ကမ်းခြေကတဲမှာသာ နေဖြစ်တော့၏။

ဇနီးနှင့်သမီး တစ်ဦးတစ်ဦးလည်း ထိုအချိန်မျိုးတွင် ငါးခြောက်တဲမှာလာ၍ တစ်နေကုန်ငါးရွေးကြရ၏။ ပိုက်မှပါလာသည့် ငါးမျိုးစုံတို့ သူ့အမျိုးနှင့်သူ တူရာရွေး၍ စုပုံထားကြရ၏။ ညနေစောင်းလျှင်တော့ လုပ်ခနှင့် ဟင်းစားငါးများယူ၍ သားအမိနှစ်ယောက် ပြန်ကြသည်။ ဦးရွှေတင်ကတော့ မပြန်ရ။ ငါးခြောက်တဲမှာပဲ အိပ်ရသည်။

တစ်နေ့တွင် ဦးရွှေတင် ည (၁၀)နာရီခန့်မှာမှ အိပ်ရာဝင်သွား၏။ ထိုညတွင် အလွန်ထူးခြားသောအိပ်မက်ကို မက်လေ၏။

အိပ်မက်ထဲတွင် ဖြူဖြူပုပုပေါက်ဖော်တစ်ဦးသည် အလွန်





ဝမ်းနည်းသောမျက်နှာဖြင့်...

"ဟိုကောင်တွေ ငါ့ကိုဝိုင်းသတ်ကြတယ်။ ပါးစပ်ကို အဝတ်ဆို့၊ လက်ကိုကြိုးတုပ်၊ ပိုက်နဲ့အုပ်ပြီး ဝိုင်းရိုက်ကြ၊ ခုတ်ကြတယ်။ ငါ့ကို သူတို့သတ်ကြတယ်"

ဟု ပြောပြီး ပျောက်ကွယ်သွားလေ၏။ ဦးရွှေတင်လည်း လန့်နိုးပြီး အိပ်မက်လိုလို တကယ်လိုလိုနှင့် ထင်ထင်ရှားရှားကြီး ဖြစ်နေသောကြောင့် စဉ်းစားနေမိတော့၏။ နာရီကြည့်တော့ ညနှစ်ချက်ထိုးနေပြီမို့ ပြန်အိပ်လေတော့၏။

အိပ်ပျော်သွားသည်နှင့် ခုနအိပ်မက်ကို ပြန်မက်လေ၏။ သည်တစ်ကြိမ်မက်ရာခွဲမှု...

"ငါ့ကိုဝိုင်းသတ်ကြတယ်။ ငါ အခု ခိုကိုးရာမဲ့နေပြီ။ မင်းတို့နဲ့ လာနေပါရစေ"

ဟု ပြောလေ၏။

ဦးရွှေတင်က အိပ်မက်ထဲတွင် အင်းမလုပ်အဲမလုပ် နေမိလေ၏။ မနက်လင်းတော့ ဦးရွှေတင်အံ့သြရတော့၏။ အိပ်ရာမှထ၍ မျက်နှာသစ်မည်လုပ်တော့ ပင်လယ်ကမ်းစပ်သဲသောင်ပေါ်မှာ ပိုက်တွန်အထွေးလိုက်ကြီး တင်နေသည်ကို တွေ့ရ၏။ အနားသို့ အပြေးအလွှားသွားကြည့်တော့ ဦးရွှေတင် ကြက်သီးဖြန်းဖြန်းထသွားရ၏။

ပိုက်ထဲမှာ လူသေအလောင်းကြီးပါလား။ အိပ်မက်ထဲက

www.burmeseclassic.com



ပေါက်ဖော်ကြီးပုံစံမင်း။ သေချာပင်မကြည့်ရဲတော့ဘဲ အတင်းပြေး၍ ပတ်ဝန်းကျင်ကလူများကို ခေါ်ရတော့၏။ သက်ဆိုင်ရာသို့ အကြောင်းကြားရသည်။

တာဝန်ရှိသူများမှ အလောင်းကိုလာရောက်စစ်ဆေးကြည့်ရှု၏။ ဆေးရုံသို့ သယ်သွားကြလေ၏။ ဦးရွှေတင်မှာ လူများဝိုင်းအုံကြည့်နေစဉ် အလောင်းကို သေချာပြန်ကြည့်ရာ အလောင်းမှ ညာဘက်လက်ခလယ်နှင့် လက်သူကြွယ် လက်ချောင်းလေးနှစ်ချောင်းမှာ နှစ်ဆစ်ခန့်ပြတ်နေသည်ကို မြင်ရ၏။ ဘာကြောင့်ဟုတော့ မသိချေ။ ပေါက်ဖော်တစ်ဦး၏ ပုံစံဖြစ်သော်လည်း အလောင်းမှာ ညိုမည်းနေချေပြီ။

လူများရှဲသွားတော့မှ ကိုယ့်တဲကိုယ် ပြန်၍နားနေရသည်။ အိမ်မှရောက်လာကြသော ဇနီးနှင့်သမီးကလည်း အဖြစ်အပျက်အလုံးစုံကို စူးစမ်းမေးမြန်း၏။

ဦးရွှေတင်က အိပ်မက်အကြောင်း နှင့် ယနေ့မနက် တိုက်တိုက်ဆိုင်ဆိုင် အလောင်းတွေ့ရပုံကို ပြောပြလိုက်၏။ ထိုအခါ ဇနီးသည်ဒေါ်ကြည်က တအံ့တဩဖြင့် ဤသို့ပြောလေတော့၏။

"အလိုတော်...တိုက်တိုက်ဆိုင်ဆိုင် ကျုပ်လည်း ညက အဲဒီအတိုင်း အိပ်မက်မက်တာ။ တော့်ကို ပြောမလို့ပဲ"

"မင်းဘယ်လိုမက်တာလဲ။ ငါ့အတိုင်းပဲလား"

"အကုန်တော့ မမှာတ်ဘူး။ ပုံစံကတော့ ဖြူဖြူပုပု တရုတ်ပုံ





စံ။ သူပြောတာက ငါ့နေစရာမရှိလို့ နင်တို့နဲ့လာနေပါရစေတဲ့။ ဒါပဲပြောတာ"

"မင်းက ဘာပြောလိုက်လဲ"

"မနေချင်ပါနဲ့။ ဆင်းရဲပါတယ်လို့ ပြောလိုက်တော့ ပျောက်သွားတယ်။ ဆက်မမက်တော့ဘူး"

"အင်း...တော့်တော့်ကိုထူးတာပဲနော်။ တို့နဲ့ ဘာယ်လိုများ ပတ်သက်နေပါလိမ့်"

▶▶◀◀

ငါးလခန့်ကြာသော် ဒေါ်ကြည်မှာ ကိုယ်ဝန်ရှိလေ၏။ ကိုယ်ဝန်ရှိမှန်းသိသောအခါ အိပ်မက်ထဲမှပေါက်ဖော်များ ဖြစ်လေမလားဟု တွေးနေမိကြလေတော့၏။

အတွေးကား မှန်ခဲ့ပါပြီ။ ဒေါ်ကြည်မွေးတော့ ယောကျာ်းလေး။ သို့သော် မဖြူဘဲ အသားညိုနေ၏။ ထူးခြားသည်မှာ ယာတ်ခလယ်နှင့် လက်သူကြွယ်နှစ်ချောင်းမှာ ငုတ်စိလေးသာပါသည်။ ကျန်လက်ချောင်းများမှာ အကုန်ပါလေ၏။

ဦးရွှေတင်စဉ်းစား ပြီ။ အိပ်မက်ထဲမှ ပေါက်ဖော်ရဲ့ မျက်နှာ ဘာလို့ညိုနေရသနည်း။ လက်ချောင်းလေး နှစ်ချောင်း ဘာလို့ ပြတ်နေ ဟုတ်လို့။ ကျန်တာအကုန်တူပြီး ညို

ဘာပဲဖြစ်ဖြစ် သားသမီး



www.burmeseclassic.com

www.burmeseclassic.com



တုန်လို့။ အခုည်ထိုတော့ လွှတ်လွှယ်မဲမေးလိုက်ရသည်။

ပေါက်ဖော်...တဲ့။

ပေါက်ဖော်လေး၏ ထူးခြားချက်မှာ ရေအလွန်ကြောက်သည်။ ငါးဖမ်းပိုက်များကို ကြောက်သည်။ သုံးလေးနှစ်အရွယ်ခန့်တွင် ပင်လယ်ပြင်ကြီးကိုငေးကြည့်ပြီး မျက်ရည်များကျနေတတ်သည်။

ထို့ကြောင့် ပေါက်ဖော်လေးကို ပင်လယ်ကမ်းခြေသို့ ခေါ်မလာဘဲ ရွာထဲကအိမ်မှာပဲ ထားသည်။ စကားပြောတတ်သောအရွယ်တွင် မေးမြန်းကြည့်ရာ၌ ဘာမျှမပြောချေ။

မိဘများကလည်း သားလေးစိတ်မချမ်းသာမှာစိုး၍ ဘာမျှမမေးတော့။ ပေါက်ဖော်လေးမှာ မိဘများနှင့် ပျော်ရွှင်စွာနေရင်း အသက်(၂၀)သို့ ရောက်သောအခါ မိန်းမလိုချင်ကြောင်း ပူဆာလေတော့၏။ သူကြိုက်သောမိန်းကလေး၏ မိဘများမှာ သူတို့ထက်ပြည့်စုံသည်ဖြစ်ရာ သွားမတောင်းရဲဘဲရှိလေ၏။ ထိုအခါ ပေါက်ဖော်က...

"သွားသာသွားပါ အဖေတို့ရာ။ အဆင်ပြေမှာပါ"

ဟု တဖွဖွပြောလေ၏။ သို့နှင့် လူကြီးစုံရာနှင့် သွားရောက်တောင်းရမ်းရာ သူပြောသလိုပင် အထစ်အငေါ့မရှိ အဆင်ပြေခဲ့သဖြင့် မိဘများအံ့သြကြရလေ၏။

မိန်းကလေးမှာလည်း ပေါက်ဖော်၏အကြောင်း သိပြီးဖြစ်ရကား ကြင်နာစွာပေါင်းသင်းလေ၏။ တစ်နေ့တွင် မိန်းကလေးက





ပေါက်ဖော်အား ဤသို့မေးလေ၏။

"ပေါက်ဖော်...ရှင်က လှိုင်းစားဆိုတော့ ဟိုဘဝ ကိုယ့်ကို သတ်ခဲ့တဲ့လူတွေကို မမှတ်မိဘူးလား"

"ဒါတွေ မမေးပါနဲ့တော့ဟာ။ မှတ်မိရင်လည်း နင်တို့မသိပါဘူး။ ငါက ဟိုးအဝေးကြီးကလာတာ"

"မမေးတော့ပါဘူးတော်။ ဒါထက် ရှင်က ပေါက်ဖော်ဆိုပြီး မဖြူဘဲ ဘာလို့ညိုနေရတာတုံး"

ဒါကိုတော့ ပေါက်ဖော်က သွက်သွက်လက်လက်ပြန်ဖြေလေ၏။

"ပင်လယ်ထဲမှာ ဆားရေလည်းထိ၊ နေလှန်းထားသလိုလည်းဖြစ်လို့ မည်းသွားတာပါဟာ။ အစက ငါ့အသား ဖြူပါတယ်"

ပေါက်ဖော်က ဒါကိုသွက်သွက်လက်ဖြေလေ့ရှိပေမယ့် ကျန်တာတွေ ဘာမှမဖြေ။ လက်လေးနှစ်ချောင်းပြတ်ရတာတော့ သူလည်းမသိတဲ့။ စိတ်မကောင်းမှာစိုး၍ ဒီကိစ္စကိုလည်း သိပ်မမေးကြ။

ပေါက်ဖော်ကား အိမ်ထောင်ကျသွားပြီးနောက် ဟိုဘဝ အကြောင်းများကို မေး၍မကြိုက်။ သိပ်မဖြေတော့ပါချေ။

ပေါက်ဖော်ကို ကြည့်ရသည်မှာ ယခုလက်ရှိဘဝ၌ ပျော်နေပုံရသည်။ အနိဋ္ဌာရုံလွှမ်းသော အတိတ်ကို ပြန်တွေးချင်ပုံမရ။

တစ်ချက်စဉ်းစားရခက်သည်မှာ ပေါက်ဖော်၏အလေလည်းသည် ပိုင်ရှင်မရှိ။ လူသတ်မှုဟု လက်စမပေါ်။ တရားလိုလည်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com

အည်ဖြိုး၊ သည်အသေ မဟုတ်ဟုသာ ဆုံးဖြတ်ကြရသည်။

သို့လျှင် ပေါက်ဖော် ဘယ်ကလာသနည်း။ လူတွေအများကြီးထဲမှာ ဘာကြောင့် ဦးရွှေတင်တို့လင်မယားကို အိပ်မက်ပေးရသနည်း။

ဘာကြောင့် ဦးရွှေတင်တို့မိသားစု၌ ဝင်စားချင်ရသနည်း...။

မိန်းမသွားလောင်းတာ အဆင်ပြေလိမ့်မည်ဟု ဘာကြောင့် ပေါက်ဖော်ပြောနိုင်ရသနည်း...။

စဉ်းစားလျှင် အဖြေခက်လှသည်။ စေ့စေ့တွေးလည်း ရေးရေးမပေါ်။ လောက၏ပရိယာယ်ကား ကြွယ်ဝလှပါဘိ။

ဘာပဲဖြစ်ဖြစ် ပေါက်ဖော်ကတော့ ဘဝသစ်မှာ ချစ်သူနှင့်လက်တွဲလျက် ပျော်လို့ရွှင်လို့ပါပဲလေ။ ။

မနောအိုမဂ္ဂဇင်း (၂၀၀၄၊ ဖေဖော်ဝါရီ)



www.burmeseclassic.com

# ကျွန်မတို့ကိုလည်း အမျှဝေပါ

လောကကြီးသည် လွန်စွာ လျှို့ဝှက်ဆန်းကြယ်မှုများနှင့် ပြည့်နှက်လျက်ရှိလေ၏။ လူတို့ဉာဏ် လိုက်၍မမီသော ဆန်းကြယ် ဖြစ်ရပ်များစွာတို့ကိုလည်း ကြားဖူးကြမည်ဖြစ်ပေ၏။ တချို့လည်း ကိုယ်တိုင်ပင်ကြုံဖူးကြပေလိမ့်မည်။

ဤသို့ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်တစ်ရပ်ကို ဒေါ်စန်းရီ ကြုံခဲ့ဖူးလေ၏။ ဒေါ်စန်းရီဆိုသူကား ကျွန်ုပ်၏အစ်မအကြီးဆုံးပင် ဖြစ်၏။ အသက်(၅၀)ကျော် ရှိလေပြီ။

ဒေါ်စန်းရီသည် ဘာသာတရားကိုင်းရှိုင်းသူတစ်ဦးဖြစ်၏။ သန်လျင်မြို့တွင် နေထိုင်သည်။ သန်လျင်ဈေးကြီးအတွင်း၌ ရွှေဆိုင် ဖွင့်ထား၏။

ဒေါ်စန်းရီကား သဘောကောင်း၍ ကြင်နာတတ်သူတစ်ဦး





ည်းဖြစ်သည်။ မနက်လင်း၍ အိပ်ရာမှထပြီဆို သူ့ထံသို့ မုန့်ဖိုး တောင်းမည့်သူ၊ ငွေချေးမည့်သူ၊ တစ်နည်းအားဖြင့် အကူအညီတောင်း မည့်သူများ ရောက်လာပြီဖြစ်၏။

လာသမျှသူများအား ခေါင်းခါလွှတ်ခြင်းမရှိ။ ပေးသင့် သလောက်ပေး၍ ကူညီနိုင်သလောက် ကူညီလိုက်သည်သာဖြစ်လေ ၏။

ဒေါ်စန်းရီစီးနေသော Vista ကားဖြူလေးမှာ သူများကိစ္စများ င့် မအားလပ်ရသဖြင့် ကားမောင်းပေးရသူ သားတော်မောင်ကဖွင့် ည်းညူ၏။ ကားမောင်းပို့ပေးရသူများမှာ ကလေးဆေးရုံသွားလိုသူ များ၊ သာရေးနာရေးကိစ္စများ ဖြစ်ချေ၏။ ကားဖြင့်လိုက်ပို့ပေးရသဖြင့် ဆီဖိုးလည်းမယူ။ ကားခလည်းမတောင်း။ အိတ်စိုက်လိုက်ကူညီပေး င်းသာလျှင် ဖြစ်ချေ၏။

ဆိုင်ကိုရောက်၍ ဆိုင်ဖွင့်ပြီဆိုလျှင်လည်း ကြည့်ဦး။ ဆိုင်ဖွင့် ည်နှင့် သူ့ဆိုင်မှာ လူစည်လာသည်။ ရွှေလာဝယ်သူများမဟုတ်ပါ။ ချေးသူ၊ မုန့်ဖိုးတောင်းသူ၊ လက်ဖက်ရည်ဖိုးတောင်းသူများသာ လျှင် ဖြစ်၏။

အခက်အခဲအကျပ်အတည်းရှိ၍ လာပြောလျှင် နှစ်ခါမပြော ဆိုင်မှာထိုင်၍ လာသမျှလူ ကျွေးမွေးပေးကမ်းနေရလျှင် ဒေါ်စန်းရီ နေသည်။ ဆိုင်ရောင်းကောင်းတာ၊ မရောင်းကောင်းတာ ဆိုင်အရေး ။ သူ့မှာ ပွပင်စရာဆို၍ သားလူပျိုပေါက်တစ်ဦးသာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်သားသမီးများက သူ့အိမ်ထောင်နှင့်သူ ဖြစ်ကုန်ကြလေပြီ။

ဒေါ်စန်းရီသည် ရွှေဆိုင်ထိုင်ရင်း တစ်နေ့၌ ထူးခြားသော ဖြစ်ရပ်တစ်ခုနှင့် ကြုံရလေ၏။ ဒေါ်စန်းရီတွေ့ကြုံလိုက်ရသည့် ဖြစ်ရပ်မှာ ထူးဆန်းလွန်းနေသဖြင့် ဒေါ်စန်းရီကိုယ်တိုင်ပင် ယုံရခက်နေသေး၏။ ကိုယ်တိုင်ကြုံရသည့်ဖြစ်ရပ်ဆိုတော့လည်း မယုံ၍မဖြစ်တော့။

'ကုသိုလ်လည်းရ ဝမ်းလည်းဝ' ဆိုသည့်စကားအတိုင်း ကြုံခဲ့ရသည့်ဖြစ်စဉ်လေးအား တစ်ရက်တွင် ဒေါ်စန်းရီက ကျွန်ုပ်အား ပြောပြလေ၏။

ဒေါ်စန်းရီပြောပြသော ဖြစ်ရပ်ဆန်းကြယ် ဖြစ်စဉ်လေးမှာ ဤသို့တည်း။

▶▶ ◀◀

တစ်နေ့...

ဒေါ်စန်းရီသည် ဆိုင်ဖွင့်ပြီး ဘုရားပန်းများလဲလှယ်နေ၏။ နှုတ်မှလည်း မေတ္တာသုတ်တော်ကို တိုးတိုးလေးရွတ်ဆိုနေမိ၏။

ထိုစဉ် ဒေါ်စန်းရီဆိုင်သို့ အမျိုးသမီးငယ်နှစ်ဦး ရောက်လာ၏။ ဒေါ်စန်းရီ ဘုရားပန်းလဲနေတာမြင်၍ ထိုင်စောင့်နေကြသေးသည်။





"သမီးတို့ ခဏလေးနော်"

ဒေါ်စန်းရီက ဘုရားပန်းလဲနေရာမှ လှမ်းပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ရှင့်"

အမျိုးသမီးငယ်နှစ်ဦးက ယဉ်ကျေးသိမ်မွေ့စွာ ပြန်ဖြေကြသည်။ အသံလေးများက သာယာနာပျော်ဖွယ်ရှိလှ၏။

"ကဲ. .ပြော. . သမီးတို့ ဘာလိုချင်လို့လဲ။ ရွှေဝယ်ချင်ကြလို့လား"

ဒေါ်စန်းရီက ဘုရားပန်းလဲပြီး ရွှေကောင်တာရှေ့မှာ ဝင်ထိုင်ရင်း မေးလိုက်၏။ မိန်းကလေးနှစ်ဦးက နှစ်လိုဖွယ်လေးပြုံးပြပြီး...

"ရွှေဝယ်ချင်တာ မဟုတ်ပါဘူးအဒေါ်။ ရွှေရောင်းချင်လို့ပါ"

ဆိုပြီး ကတ္တီပါရှုံ့အိတ်ထဲမှရွှေကို ထုတ်ပြလေ၏။

ဒေါ်စန်းရီ အံ့သြသွားသည်။ သူတို့ပြသောရွှေမှာ လက်ဝတ်ရွှေညည်းမဟုတ်။ လက်သန်းလုံးနီးပါးရှိ ရွှေတောင့်ကလေးဖြစ်နေ၍ဖြစ်သည်။ အခြားရွှေများနှင့်မတူဘဲ ဝင်းအိနေ၏။ အခေါက်ရွှေစစ်စစ်ဖြစ်မှန်း သိသာသည်။

ဒေါ်စန်းရီက သူတို့ပေးသည့်ရွှေကိုယူ၍ လက်ဝါးပေါ်တင်ကာ လှည့်ပတ်ကြည့်နေမိသည်။ မှတ်ကျောက်ကိုယူ၍ တိုက်ကြည့်လိုက်သည်။

ရွှေရည်ကား ၁၆ ပဲရည်လွန်နေပြီး ငရုံမီးချကြည့်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေကောင်းဖြစ်ကြောင်း ပြနေ၏။ ထုံးစံအတိုင်း ချိန်ခွင်ထဲထည့်၍ အလေးချိန်ကို ကြည့်လိုက်သည်။ အလေးချိန်က သုံးကျပ်ခွဲသား။

ဒေါ်စန်းရီ မျက်မှောင်ကုပ်မိသည်။ ရွှေကိုတစ်လှည့်၊ မိန်းမပျိုကလေးနှစ်ဦးကိုတစ်လှည့် အကဲခတ်ကြည့်မိသည်။

မိန်းကလေးနှစ်ဦးမှာ ငယ်ရွယ်နုနယ်၍ ချောမောလှပလွန်းလှသည်။ မျက်တောင်လေးများ ကော့နေ၏။ နှာတံပေါ်သည်။ နှုတ်ခမ်းကလေးများက ရဲလို့။ ပါးလေးများက မို့၍ ပန်းနုရောင်ပြေးနေသည်။ သွေးကြောစိမ်းစိမ်းလေးများကို မြင်နေရ၏။ တကယ့်ကို ကြွေရုပ်လေးများနှယ် လှပကြသည့် မိန်းမချောလေးများတည်း။ သူတို့ကို ယခင်က ဒေါ်စန်းရီမမြင်ဖူးချေ။

"သမီးတို့ ဘယ်ကလဲဟင်။ အရင်က မမြင်ဖူးပါဘူး"

ဒေါ်စန်းရီက စပ်စုလိုက်၏။ သူတို့ရွှေနှင့်ပတ်သက်၍ ဒေါ်စန်းရီသံသယဝင်နေမိသည်။ ထိုရွှေသည် သာမန်ရွှေမဟုတ်မှန်းလည်း သိနေသည်။ ကောင်မလေးများက ဒေါ်စန်းရီအား နှစ်လိုဖွယ်ပြုံးပြရင်း ပြောလေ၏။

"သမီးတို့က ကုက္ကိုခြံရွာကပါ"

"ဪ...သိတယ်။ အဲဒီရွာမှာ အဒေါ့်မိတ်ဆွေတွေရှိတယ်။ အဒေါ်ရောက်ဖူးတယ်။ သမီးတို့က ရွာဘယ်အပိုင်းမှာ နေကြတာလဲ"

"သမီးတို့နေတာ ရွာတောင်ပိုင်းမှာပါ။ ဘုရားမျက်လေးများ တင်မပါပဲ။ ဒီရွှေရောင်းရတာလည်း အဲဒီဘုရားကို ပြင်ချင်လို့ပါ"





မိန်းကလေးများက အရိုးခံအတိုင်းဖြေမှန်း ဒေါ်စန်းရီသိလိုက်သည်။ ရိုးသားသူလေးများဖြစ်ကြောင်းလည်း သိသာနေသည်။ ပြောပုံ၊ ဆိုပုံ၊ လှုပ်ရှားပုံလေးများကအစ သိမ်သိမ်မွေ့မွေ့ရှိလှသည်။ ဝတ်စားထားသည်မှာလည်း ရိုးရိုးယဉ်ယဉ်လေး မြန်မာဆန်ဆန် ဝတ်စားထားကြသည်။ သူတို့ဝတ်ထားသည့်အဝတ်အစားများက ရှေးဆန်သော်လည်း အဖိုးတန်ပိုးဖဲစများဖြစ်နေသည်။

တစ်ဦးက ပန်းရောင်ဝမ်းဆက် ဝတ်ထားသည်။ တစ်ဦးက ကြက်သွေးရောင်ဂမ်းဆက် ဝတ်ထား၏။ ညီအစ်မများ ဖြစ်ပုံရသည်။ ရုပ်ချင်းကလည်း ဆင်လှ၏။

မိန်းကလေးများကိုကြည့်၍ ဒေါ်စန်းရီ ချစ်ခင်စိတ်ဝင်သွားသည်။ အသားအရေဖြူဖွေးဆွတ်နုလှပလွန်းသော မျက်နှာလေးများကို တစိမ့်စိမ့်ကြည့်ရင်း အရိုးခံအတိုင်းပြောလိုက်သည်။ အခြေအနေမှန်ကိုလည်း ဖွင့်ပြောလိုက်သည်။

"သမီးတို့ရွှေက ကောင်းလှတယ်။ သုံးကျပ်ခွဲသားဆိုတော့ ပေါက်ဈေးနဲ့ဆို နှစ်သိန်းကျော်ကျနေတယ်။ အဒေါ့်မှာ လောလောဆယ် ဝယ်ဖို့ငွေမပြည့်ဘူးဖြစ်နေတယ်။ ဒါကြောင့် သမီးတို့ကို တခြားဆိုင်မှာ ရောင်းပေးမယ်နော်"

"ဟင့်အင်း...ဒီပစ္စည်းကို တခြားဆိုင်မှာ မရောင်းပါနဲ့။ အဒေါ်နဲ့ ပဋ္ဌာန်းဆက်ရှိလို့၊ အဒေါ်နဲ့ထိုက်လို့ အဒေါ့်ဆိုင်ကို တမင်လာတာ။ ပစ္စည်းဖိုးငွေ ပေးလိုက်စရာမလို့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဘယ်လိုရယ်"

ဒေါ်စန်းရီ ပါးစပ်အဟောင်းသားဖြစ်သွားၿ၏။ ထူးထူးဆ

ဆန်း ကြားလိုက်ရသည့်စကားကြောင့် အံ့သြနေမိသည်။ ရွှေရော

ပြီး ငွေယူမသွားဘူးဆိုတာ ဒေါ်စန်းရီတစ်သက်တွင် မကြုံဖူး၊ မကြ

ဖူးခဲ့။

"ဒီလိုပါ။ သမီးတို့က ဒီရွှေရောင်းပြီး ဘုရားသာပြင်ချင်တာ

မလုပ်တတ်ကြဘူးလေ။ ငွေလည်း ကိုင်မသုံးတတ်ပါဘူး"

"ဟင်...သမီးတို့ဟာ ဘယ်လိုလုပ်မှာလဲ။ ဦးဆောင်ပေ

လူကြီး မရှိဘူးလား"

"မရှိပါဘူး။ ဒါကြောင့် အဒေါ်ဆီလာခဲ့ကြတာ။ အဒေါ်

ကူညီပြီး ဦးဆောင်ပေးပါ။ ပစ္စည်းဖိုးလေးပုံတစ်ပုံကို အဒေါ်ယူ

ကျန်ငွေနဲ့ သမီးတို့ပြောတဲ့ဘုရားကို ပြင်ပေးပါ။ ကူညီပါနော်"

မိန်းကလေးများက တောင်းတောင်းပန်ပန်ပြောနေကြသ

ဒေါ်စန်းရီအကြံအိုက်သွားသည်။ စဉ်းစားရလေပြီ။ သူ မသိသ

မျက်နှာစိမ်းလေးများက သူ့အား ယုံစားစွာ ပုံအပ်နေလေပြီ။ ဘု

ပြင်ပေးဖို့လည်း အကူအညီတောင်းခံနေလေပြီ။

ဒေါ်စန်းရီ ဘာလုပ်ရပါမည်နည်း...။

စဉ်းစားရလေပြီ။ တွေးတောရလေပြီ။ မိန်းကလေးမျာ

လည်း ချစ်ခင်စိတ်ဖြစ်နေပြီ။ ရရှိလာသည့် အခွင့်အရေးကလ

ကသိုလ်လည်းရ ဝမ်းလည်းဝ အခွင့်အရေးဖြစ်နေၿ၏။





ပြီး...ဘုရားပြင်ခြင်း၊ ထီးတင်ခြင်းများကိုလည်း ဒေါ်စန်းရီ

ဝါသနာထုံၿ၏။ လုပ်လည်းလုပ်ခဲ့ဖူးလေပြီ။ လုပ်လည်းလုပ်ချင်ပါသေး

ၿ၏။

သို့သော် ယခုဟာက သူများကိစ္စဖြစ်နေသည်။ လူကြီးတစ်

 စုံတစ်ဦးလည်းမပါ။ ကလေးမလေးနှစ်ဦးတည်းဖြစ်နေ၍ ဒေါ်စန်းရီ

စဉ်းစားရခြင်းပါ။ ဒါကို ရိပ်မိဟန်ရှိသော ကလေးမလေးများက...

"သမီးတို့ကို စိတ်ချပါအဒေါ်။ သမီးတို့ရဲ့ပစ္စည်းတွေလည်း

သန့်စင်ပါတယ်။ သမီးတို့ အဲဒီဘုရားကို ပြုပြင်ချင်လွန်းလို့ ကြိုးစား

ပမ်းစား စီစဉ်ခဲ့ကြရတာပါ။ ကူညီပါအဒေါ်ရယ်...နော်"

မိန်းကလေးများက တောင်းပန်လွန်းမက တောင်းပန်နေကြ

ၿ၏။ နောက်ဆုံး ဒေါ်စန်းရီလည်း သဘောတူကြောင်း ခေါင်းညိတ်မိ

တော့သည်။ ကူညီပါမည်ဟု ကတိပေးလိုက်ရတော့ၿ၏။

"ကျေးဇူးပါပဲ အဒေါ်ရယ်။ သမီးတို့ စိတ်အေးသွားရပါပြီ။

အဒေါ် ဘုရားပြုပြင်ပြီး ရေစက်ချရင် သမီးတို့ညီအစ်မနှစ်ယောက်

ကိုလည်း အမျှဝေပါနော်"

"သမီးတို့က အဲဒီနားတင် နေတာဆို"

"ဟုတ်ပါတယ်။ ဘုရားနားတင် နေတာပါ။ အမျှဝေမယ်ဆို

မိသက်နဲ့မိခက်တို့ညီအစ်မ လာကြလို့ ခေါ်လိုက်ပါနော်"

မိန်းကလေးနှစ်ဦးက သေချာစွာကြားပြီး ပြန်သွားကြသည်။

ဘုရားကိုလည်း တပေါင်းလပြည့်နေ့အမီ ပြုပြင်၍ ထီးတင်ရန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြားသွားကြသေးသည်။

ဝတ်စားပုံ၊ ပြောပုံဆိုပုံများကအစ ထူးခြားလှသော ညီအစ်
နှစ်ယောက်ကိုကြည့်ရင်း ဒေါ်စန်းရီ မှင်တက်နေမိသည်။ ငေးမောရင်
ကျန်ရစ်ခဲ့ရသည်။

ထူးခြားသော ညီအစ်မနှစ်ဖော်ကတော့ သူ့ကိုကျောခိုင်း
ပြန်သွားကြပါပြီ။ သူတို့ထားခဲ့သည့် ရွှေတုံးလေးကတော့ မှန်ပုံးထဲမှ
လဲလျောင်းလို့ရှိချေ၏။

တစ်ချက်ထူးခြားသည်မှာ ထိုမိန်းကလေးနှစ်ဦးရောက်
ချိန်၌ ဆိုင်သို့ ဧည့်သည်တစ်ဦးတစ်ယောက်မှဝင်မလာကြဘဲ မိန်း
ကလေးနှစ်ယောက် ပြန်သွားပြီးမှ ဆိုင်သို့ လူများစုပြုံရောက်ရှိလာ
ခြင်းဝင်။

ဘာပဲဖြစ်ဖြစ်...

ဒေါ်စန်းရီတစ်ယောက် ကတိပြုလိုက်သည့်အလုပ်တစ်ခု
တော့ လုပ်ရပေဦးမည်။

►► ◄◄

မိန်းကလေးများပြောသည့်ရွာသို့ ဒေါ်စန်းရီ ရောက်သွား
ထင်သည့်အတိုင်းပင် ဘုရားပျက်ကိုတွေ့ရသည်။ ဘုရားအနီး၌ ရ
နေအိမ်မရှိ။ ဒေါ်စန်းရီ စုံစမ်းရှာဖွေရလေပြီ။





"ဒီရွာမှာ မိသက်နဲ့မိခက်ဆိုတဲ့ ညီအစ်မနှစ်ယောက် နေကြ
ပါသလားရှင်"

ဒေါ်စန်းရီ၏အမေးကို ရွာခံလူများက ခေါင်းခါကြသည်။
ဒေါ်စန်းရီကလည်း အလျှော့မပေး။ တစ်ရွာလုံးလှည့် စုံစမ်းမေးမြန်း
သည်။ စနည်းနာသည်။

ဘုရားပျက်ကို ပြုပြင်၍ ထီးတင်လိုကြောင်း ရှင်းပြတော့
ရွာသားများ စိတ်ဝင်စားကြသည်။ ဒေါ်စန်းရီကိုလည်း သူတို့သိကြ
သည်။

ရွှေဆိုင်ပိုင်ရှင် ဒေါ်စန်းရီက ထူးထူးခြားခြား သူတို့ရွာမှာ
ဘုရားလာပြုပြင်မည်ဆိုတော့ တစ်ရွာလုံးက စိတ်ဝင်စားကြသည်။
အထူးစိတ်ဝင်စားကြသည်က ဒေါ်စန်းရီထံလာသွားကြသည်ဆိုသော
ညီအစ်မနှစ်ဖော်အကြောင်းပင်။

ထိုကလေးမနှစ်ဦးသည် အကောင်အထည်နှင့် မရှိသော်
လည်း ရွာခံများက ဘုရားပျက်နားမှာ မကြာခဏတွေ့မြင်ဖူးကြောင်း
ပြောကြသည်။ အထူးသဖြင့် လပြည့်နေ့ညများတွင် ဘုရားကန်တော့
နေသည်ကို မြင်ရတတ်ပြီး အနားသွားကြည့်လျှင် ပျောက်သွားတတ်
သည်ဟု ပြောကြသည်။ သူတို့ရွာအတွက်တော့ ထိုအဖြစ်အပျက်သည်
သာမန်မျှသာဖြစ်နေပြီ။

ထိုဘုရားပျက်အနီးသို့ လူညီး တောင်ရုံတန်ရုံနှင့် မသွားကြ။
ညညဆို ပို၍မသွားရဲကြချေ။ သို့နှင့် ဘုရားပျက်လေးမှာ ကျွန်ုပ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများဖြင့် ဖုံးလုလုဖြစ်နေလေပြီ။

ယခု ဒေါ်စန်းရီရောက်လာပြီး ထိုဘုရားပျက်လေးကို ပြုပြင်မည်ဆိုတော့ တချိ်ရွာလုံးဝမ်းသာကြသည်။ ဝိုင်းဝန်းကူညီကြသည်။ ချုံရှင်း၊ မြက်ရှင်း၊ တောရှင်း၏။ လုပ်အားဒါန ပေးကြသည်။

ဘုရားပျက်ကို ပြုပြင်ရမည့် ဒေါ်စန်းရီသည်လည်း ပီတိတွေလွှမ်းခြုံနေလေပြီ။ ညီအစ်မနှစ်ဖော်အကြောင်းကို တွေး၍လည်း ခေါင်းတဆတ်ဆတ်ညိတ်နေမိသည်။

ဒေါ်စန်းရီကောင်းမှုသဘောပေါက်ပါပြီ။ သူ့ထံရောက်လာသူလေးများမှာ ဘဝခြားက ဘုံသားများဖြစ်ကြသော်လည်း ဘုရားတရားတော့ ကြည်ညိုရှာ၏။ သူတို့ဆန္ဒအတိုင်း ဘုရားပြုပြင်ပေးပြီး ဒါနကောင်းမှုများပြုကာ အမျှပေးဝေလိုက်လျှင် သူတို့ ကျွတ်ချင်ကျွတ်ကြပေလိမ့်မည်။ တိုးတက်မြင့်မားသော ဘုံဘဝများသို့ ရောက်ကောင်းရောက်ကြပေလိမ့်မည်။ ဘုရားကြည်ညိုသည့် သူတို့စိတ်ထားကပင် ကုသိုလ်တွေဖြစ်နေပါပြီ။

ဒေါ်စန်းရီ ဦးဆောင်၍ ဘုရားပျက်ကိုပြုပြင်သည်။ ဒေါ်စန်းရီကိုယ်တိုင် အဓိဋ္ဌာန်ဝင်၍ ဆောင်ရွက်သည်။

အဓိဋ္ဌာန်ဝင်စဉ်ကာလအတွင်း တရားထိုင်၊ ပုတီးစိပ်စဉ် ဒေါ်စန်းရီ၏ အာရုံထဲမှာ မိသက်၊ မိခက်တို့ညီမနှစ်ဖော်ကို မြင်ရသည်။

ထုံးစံအတိုင်း နှစ်ရှိုဖွယ်အပြုံးလေးများဖြင့် ဒေါ်စန်းရီကို ပြုံးပြနေကြသည်။





လက်အုပ်ကလေးများချီ၍လည်း ကန်တော့ကြသေးသည်။ ထိုမိန်းကလေးများ၏ မျက်လုံးများကား ကျေနပ်ခြင်း၊ ကျေးဇူးတင်ခြင်းများဖြင့် လွှမ်းခြုံလျက်ရှိချေ၏။

▶▶ ◀◀

တပေါင်းလပြည့်နေ့...

ထိုနေ့ကို ဒေါ်စန်းရီမေ့ရနိုင်မည်မဟုတ်ပါ။ ဘုရားပြုပြင်ပြီး၍ ထီးတင်ရန် စီစဉ်သည်။ ထိုနေ့က ဘုရားထီးတော်သစ်တင်ပွဲမှာ စည်ကားလှသတည်း။

ဒေါ်စန်းရီ မမေ့ပါ...။

ရေစက်ချ၊ တရားနာမည့်အချိန်၌ သူတို့ညီအစ်မနှစ်ဦးကို နေရာပေး၍ ပင့်ဖိတ်ထားလိုက်သည်။ ဘုရားမှာလည်း ကောင်းမှုရှင်ကမ္ပည်းကို သူတို့ညီအစ်မနှစ်ဦးနာမည်နှင့် ရေးထိုးပေးလိုက်သည်။


တရားနာကြပြီး ရေစက်ချ၊ အမျှဝေ၍ သာဓုခေါ်သံများကြား၌ ထူးထူးခြားခြား အမျိုးသမီးငယ်လေးနှစ်ဦး၏ သာဓုခေါ်သံကို ဒေါ်စန်းရီကြားမိလိုက်သည်ဖြစ်ရကား ဒေါ်စန်းရီတစ်ယောက် ကြက်သီးဖျန်းဖျန်းထ၍ ပီတိများလည်း ဝေခဲ့ရပါပြီကော။ ။

နေ့လတ္တိဂျာနယ် (၁.၁၂.၂၀၀၃)



www.burmeseclassic.com

www.burmeseclassic.com




# ကျေးဥချစ်တဲ့သူ

ကျွန်မနာမည် ကျေးဥပါ။ ကျွန်မနေတာ အထက်အညာဒေသက မထင်ရှားတဲ့ ရွာလေးတစ်ရွာပါ။ ရွာနာမည်က 'ရဂုံတန်း' တဲ့လေ။ ရဂုံတန်းဆိုတော့ တောတန်းရွာလို့ ဆိုရမှာပေါ့နော်။ ဟုတ်ပါတယ်။ ကျွန်မတို့အရပ်က ခေါင်သလောက် တောနဲ့နီးလှပါတယ်။

တောနဲ့နီးတော့ ရွာသူရွာသားတွေရဲ့အလုပ်ကလည်း တောအလုပ်၊ တောင်အလုပ်ပဲပေါ့။ ထင်းခွေ၊ မျှစ်ချိုး၊ အင်ဖက်ခူး၊ ဝါးခုတ်၊ မှိုနုတ်အပြင် မုဆိုးအလုပ် လုပ်တဲ့သူတောင်ရှိသေး။ အဲဒီ မုဆိုးလုပ်တဲ့အထဲမှာ ကျွန်မယောက်ျားတောင် ပါနေတယ်လေ။

သူက ငယ်ငယ်ကတည်းက သူ့အဖေနဲ့အတူ တောလည်လိုက်ခဲ့တာဆိုတော့ တောလိုက်ဝါသနာအတော်ပါတယ်။ တောလည်းကျွမ်းတယ်။ တောလိုက်လည်း ကျွမ်းကျင်တယ်လေ။ သူ့တောထဲဝင်သွားတဲ့နေ့ကတော့ သားကောင်တွေအတွက် အကုသိုလ်စင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေ့ပဲပေါ့။ တောလိုက်ပြီဟေ့ဆိုတာနဲ့ သားကောင်မရတဲ့နေ့ဆိုတာ မရှိသလောက်ပါပဲ။

ဩော်...ကျွန်မယောက်ျားနာမည်လား။ ကိုနေဝင်းတဲ့။ ပုပု ပြတ်ပြတ် ဂင်တိုတိုရယ်ပါ။ စိတ်ကတော့ ဆတ်တယ်။ ဒါပေမဲ့ ကျွန်မ အပေါ်မှာတော့ စိတ်ရှည်တယ်။ ကျွန်မကို သိပ်ချစ်တယ်။ အလိုလိုက် တယ်။

သမီးလေးတစ်ယောက် မွေးပြီးတဲ့အထိ အချစ်က လျော့ မသွားဘူး။ ပိုတောင်တိုးလာသလိုပဲ။ ကျွန်မကိုများ ကျေးဥ...ကျေးဥ နဲ့ ပါးစပ်ဖျားကကို မချဘူး။

အဲ...ထူးခြားတဲ့ကိစ္စကတော့ သူ့မှာ သိပ်ထင်ရှားကြီးမားတဲ့ အမှတ်ကြီးတစ်ခုရှိတယ်။ သူ့ရဲ့ဘယ်ဘက်ပါးအောက်နားမှာ တစ် လက်မလောက်ရှိတဲ့ အမှတ်ကြီးပဲ။ အမှတ်ကမည်းပြီး ထင်ရှားလွန်း လှတယ်။ အမှတ်ပေါ်မှာ အမွေးနက်ရှည်ရှည်လေးတွေ ပေါက်နေ တယ်။ အဲဒီအမှတ်အကြောင်းမေးရင် သူမကြိုက်ဘူး။ ဖြေလည်းမဖြေ ဘူး။

"ကျေးဥရယ်...ဒီအမှတ်အကြောင်း ဘာလို့မေးနေရတာလဲ။ မွေးကတည်းက သူ့ဘာသာသူ ပါလာတာ။ ငါလည်း ဘယ်သိပါ့ မလဲ။ ဘာမှလည်းအရေးမပါတဲ့ဟာကို မေးမနေပါနဲ့"

ကျွန်မမေးတာကိုတောင် သူမကြိုက်သလိုပဲ။ သူမကြိုက် မှန်းသိလေ၊ ကျွန်မကလည်း သူ့ကိုစချင်စိတ်နဲ့ မေးလေပါပဲ။ သူက





လည်း မေးတိုင်း အမြဲကျွဲမြီးတိုပုံရတယ်။

သူက ကျွန်မနဲ့သမီးလေးအပေါ်မှာသာ စိတ်ရှည်တာရှင့်။ အပြင်မှာတော့ ဒေါသကြီးတတ်တယ်။ ရှုးရှူးဒိုင်းဒိုင်းလုပ်တတ် တယ်။ အထူးသဖြင့် အမဲလိုက်ရာမှာ ပိုဆိုးတယ်လို့သိရတယ်။ သား ကောင်ကို သူ့မြားချက်ထိပြီး ထပြေးရင် မရမကလိုက်တတ်တယ်။ မိရင် အတင်းဝင်ပြီး ဓားမြှောင်နဲ့ထိုးတော့တာပဲ။

သူနဲ့အတူ အမဲလိုက်တဲ့သူတွေက သူ့ကို သိပ်သတ္တိကောင်း တယ်လို့ ပြောကြတယ်။ သားကောင်ကို ချောင်းပြီးလိုက်တဲ့၊ သတ်တဲ့ နေရာ၊ အမဲဖျက်တဲ့နေရာမှာတော့ သိပ်သွက်သိပ်မြန်ဆိုပဲ။ ကျားတောင် ကောင်လား ထင်မှတ်မှားရပါသတဲ့။

ဟုတ်မှာပါ။ အမဲလိုက်ရမယ်ဆို အမြဲပျော်နေတတ်သလို အမြဲပဲ အမဲလိုက်ဖို့သာ စဉ်းစားနေတတ်ပါတယ်။ ဘယ်လျှိုမှာဖြင့် ဆာဝက်ရှိတယ်။ ဘယ်ချောင်မှာဖြင့် ချေ၊ ဆတ်ရှိတယ်။ အမြဲတွေး နေတဲ့သူပါ။

သူ့မှာ အကျင့်ကောင်းလေးတော့ရှိပါတယ်။ အရက်မသောက် ဘူး။ ကွမ်းမစားဘူး။ အသားဟင်းနဲ့ အသားခြောက်တို့တော့ အရမ်း စားတယ်။ အသားဟင်းမပါရင် ထမင်းမစားတတ်ဘူးလေ။ သူ့အတွက် အသားဟင်းအမြဲချက်ပြုတ်ပေးနေရပေမယ့် ကျွန်မအတွက် အစပ် အခဲမရှိလှပါဘူး။ သူပစ်ခတ်ရရှိလာတဲ့ သားကောင်နဲ့ အသားခြောက် တို့က အမြဲရှိနေတာကိုး။ ဆတ်သားခြောက်တို့တော့ သူအကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပေါ့။ အလကားနေ ဆတ်သားခြောက်မီးဖုတ် ဆီဆမ်းပြီး ရေနွေးကြမ်းနဲ့ မြည်းနေတတ်ပါရဲ့။

ဪ...ကျွန်မလား။ ကျွန်မ သူ့ကိုချစ်ပါတယ်။ ဒီလောက်ကျွန်မအပေါ်ကောင်းတဲ့သူ၊ ကျွန်မအပေါ်ချစ်တဲ့သူအပေါ် ကျွန်မမချစ်ဘဲနေပါ့မလား။ သူနဲ့ကျွန်မက အသက်ငါးနှစ်ကွာတယ်။ သူ့အသက်က သုံးဆယ်၊ ကျွန်မက နှစ်ဆယ့်ငါးလေ။ သူ့ကို ယောကျ်ားလိုတစ်မျိုး၊ အစ်ကိုလိုတစ်မျိုး ချစ်ရတာပါ။

▶▶◀◀

"ကျေးဥရယ်...မင်းကို အစ်ကိုသိပ်ချစ်တယ်။ အစ်ကို ဘယ်ဘဝရောက်ရောက် မင်းကိုချစ်နေမှာ သေချာတယ်။ မင်းကရော ဘဝခြားသွားရင် ချစ်ဦးမှာလား"

တစ်နေ့ သူက အဲဒီလိုမေးပါတယ်။ သူ့အမေးက နည်းနည်းဆန်းနေသလိုပဲ။ ကျွန်မ သူ့ကို ဂရုစိုက်ကြည့်မိတယ်။ ဒီတစ်ခါ သူ့ကြည့်ရတာ တစ်မျိုးပဲ။ ဘယ်လိုမျိုးလဲဆိုတာကိုတော့ ရှင်းမပြတတ်ဘူး။

မှတ်မိနေတယ်။ အဲဒီနေ့က သူစကားတွေထူးထူးဆန်းဆန်းပြောသလို ကျွန်မတို့သားအမိအပေါ်လည်း တယုတယရှိလှတယ်။ တစ်နှစ်အရွယ်သမီးလေးကိုလည်း တစ်နေ့လုံး လက်ပေါ်ကမချဘူးလေ။ သမီးလေးကိုနမ်းလိုက်၊ ကျွန်မကိုလည်းနမ်းလိုက်နဲ့ သူဘာဖြစ်နေမှန်းမသိဘူး။ ဆန်းတာတော့ အမှန်ပဲ။

ဒါပေမဲ့ တွေးမနေအားပါဘူး။ နောက်နေ့မနက် သူအမဲပစ်





ထွက်မှာမို့ လိုအပ်တာတွေ စီစဉ်ပေးနေရတယ်။ ဒီတစ်ခေါက် တောထဲမှာ နှစ်ရက်လောက်ကြာချင်ကြာမယ်လို့ သူပြောတယ်။ ဆတ်တစ်ချပ်ရဲ့သတင်းကို ခြေရာခံမလို့တဲ့လေ။ အခုတလော ဆတ်မရတာကြာလို့ သူ ဆတ်သိပ်ပစ်ချင်နေတယ်။

ဒါကြောင့် သုံးရက်စာရိက္ခာတွေ ယူသွားမယ်တဲ့။ သူနဲ့အတူသူ့ညီအစ်ကိုဝမ်းကွဲ ဖိုးငွေနဲ့ဖိုးအေးတို့လည်း လိုက်ကြမှာ။ ဖိုးငွေနဲ့ဖိုးအေး ညီအစ်ကိုနှစ်ယောက်ကလည်း သူ့အစ်ကို ကိုနေဝင်းကို သိပ်အားကျကြတယ်။ သူနဲ့လိုက်ရမယ်ဆို စန်မလေး၊ နောက်မတွန့်ကြပါဘူး။ လိုက်တိုင်းလည်း သားကောင်က မလွတ်တမ်းရနေခဲ့ကြတာကိုး။

"အစ်ကိုနဲ့ တောလိုက်ရင်တော့ သားကောင်ကြီးကြီးရမှာသေချာတယ်"

"တို့အစ်ကိုက ယုန်လိုက်၊ ဖွတ်လိုက်တဲ့ မုဆိုးမှမဟုတ်တာ။ ဆယ့်မုဆိုးကျော်ကြီးကွ"

ဖိုးငွေတို့ညီအစ်ကိုက အစ်ကို့ကိုချီးမွမ်းနေကြတယ်။ နံနက်စာကို အိမ်မှာ တဝတပြစားကြပြီးမှ တောဝင်မှာဖြစ်တယ်။ သွားခါနီးအစ်ကိုက ကျွန်မပါးကို ခိုးနမ်းလို့ ဟန့်တားလိုက်ရသေးတယ်။

"ဟိုမှာ ဖိုးငွေတို့ရှိတယ်"

"ရှိရှိကွာ...။ ဒီကောင်တွေများ ဂရုစိုက်လို့။ ကိုယ့်မိန်းမကိုယ်နမ်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုက ကျွန်မကို ဖွတ်နမ်းတယ်။ အိပ်ပျော်နေတဲ့ သမီး လေးကိုလည်း တယုတယနမ်းသွားသေးတယ်။ တကယ်တော့ အစ်ကို့ အနမ်းတွေက ချိုမြိန်လှပါတယ်။ ရမ္မက်မပါတဲ့ အနမ်းတွေပေါ့၊ အစ်ကို့ အနမ်းဟာ ဝန်းလေးတစ်ပွင့်ကိုနမ်းတဲ့ အနမ်းမျိုးပါပဲ။

အဲဒီတုန်းက ဒီလိုချိုမြိန်တဲ့အနမ်းတွေဟာ ကျွန်မအတွက် နောက်ဆုံးပဲဆိုတာ ကျွန်မမသိခဲ့ရှိုးအမှန်ပါ။

ကျွန်မသိလိုက်ရတဲ့ အချိန်ကတော့...

▶▶◀◀

"အစ်မကျေးဇူး...အစ်မကျေးဇူး"

"ကျေးဇူး...ကျေးဇူး။ ထစမ်း...ထစမ်း"

အိမ်ရှေ့ကအသံများကြောင့် ကျွန်မလှုးလဲထလိုက်ပါတယ်။ မီးခွက်ထွန်းပြီး အိမ်ရှေ့ထွက်လာတော့ ရွာသူကြီးဦးထွန်းခင်ကို အရင် တွေ့လိုက်ရပါတယ်။ သူ့နောက်က ဘယ်သူတွေလဲကြည့်လိုက်တော့ ဖိုးငွေတို့ပါ၊ သူတို့ထမ်းလာတာ ဘာလဲ စူးစမ်းမိတော့ ပထမတော့ သားကောင်ထင်မိပါသေးတယ်။ သေချာကြည့်မှ လူတစ်ယောက်ဖြစ် နေတာ သိရတယ်။

"ဘာဘာ...ကိုနေဝင်းရော။ ဟဲ့...ဖိုးငွေ နင်တို့အစ်ကိုရော နင့်ကျောပေါ်က ဘယ်သူတုံး"

ကျွန်မ မေးခွန်းတွေ ဆက်တိုက်မေးပစ်လိုက်မိပါတယ်။ ရင် တွေလည်း တုန်နေပါတယ်။ မေးမယ့်သာ မေးရတယ်။ ရင်ထဲမှာ





သိနေသလိုပါပဲ။ အစ်ကိုဘဲ့များဖြစ်လာပါလိမ့်၊ အစ်ကိုကံကောင်းပါ စေလို့ ဆုတောင်းမိတယ်။

သူတို့က သယ်ပိုးလာသူကို အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ အသာ ချတယ်။ မှုန်ဝါးတဲ့လရောင်အောက်မှာ သေချာကြည့်လိုက်တော့ အစ်ကိုရယ်...။ သွေးတွေကလည်း မြင်မကောင်းဘူး။ အဝတ်အစား တွေကလည်း စုတ်ပြတ်ထွက်နေတယ်။ မျက်နှာတွေ၊ တပ်ပိုးတွေမှာ လည်း အသားစုတွေ စုတ်ပြတ်နေတယ်။ အို...မမြင်ရက်စရာပါပဲ။ သူဟာ အသက်ဝိညာဉ်ကင်းမဲ့နေပါပြီ။ သူ့အလောင်းကိုကြည့်ပြီး ကျွန်မ...ကျွန်မပုံလဲသွားပါတော့တယ်။

ကျွန်မသတိရတော့ အစ်ကို့အလောင်းကို ရွာကပဲ ဝိုင်းဝန်း ဆောင်ရွက်ပြင်ဆင်ထားပြီးပါပြီ။ လိုအပ်တာတွေလည်း အကုန်လုပ် ပေးကြပါတယ်။

အစ်ကိုဘယ်လိုဖြစ်သလဲမေးတော့ တောနက်ကြီးထဲအထိ ဝင်ရောက်ပြီး သားကောင်ချောင်းရင်း ဝက်ဝံကြီးတစ်ကောင်နဲ့ ပက် ပင်းတိုးကြလို့တဲ့။ ဝက်ဝံကြီးက အတော့်ကိုကြီးမားလို့ အတော်တိုက် ခိုက်ယူရကြောင်း၊ အစ်ကိုသတ္တိကောင်းလို့ အစ်ကို့ရဲ့ဓားချက်တွေနဲ့ ဝက်ဝံကြီးလည်း သေသွားပါတယ်တဲ့။ ဝက်ဝံရဲ့လက်ချက်နဲ့ အစ်ကို လည်း သေပွဲဝင်ခဲ့ရပြီကော။

ဝက်ဝံကြီးကိုတော့ နောက်နေ့မနက် ရွာသားတွေသွားယူ ခဲ့ကြတယ်။ ဝံသားရေကိုတော့ ကျေးဇူးကိုပေးပါတယ်။ ကျေးဇူးမယူ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါဘူး။ ကျေးဥရဲ့ ချစ်လှစွာသောအစ်ကို့ကို သတ်ခဲ့တဲ့ အမင်္ဂလာကောင်ကြီးရဲ့အရိပ်ကို ကျေးဥမကြည့်လိုပါဘူး။

ဒါနဲ့ ဝက်ဝံသားရေနဲ့ အရိုးအသားတွေကို ရောင်းချပြီး ကျေးဥကိုပဲပေးပါ့မယ်။ အစ်ကို့အတွက် အလှူ ဘန်းလုပ်၊ အမျှပေးဝေပေးပေါ့တဲ့။ ကျေးဥအပေါ် တစ်ရွာလုံးက ကောင်းကြပါတယ်။ ရိုင်းပင်းကူညီကြပါတယ်။

ကျေးဥမှာတော့ အစ်ကို့ကို လွမ်းလို့မပြေတာ အမှန်ပါပဲ။ ဘာလိုလိုနဲ့ အစ်ကိုဆုံးခဲ့တာ ငါးနှစ်ကျော်လာခဲ့ပါပြီ။ ကျေးဥ နောက်အိမ်ထောင်လည်း မပြုခဲ့ပါဘူး။ သမီးလေးရဲ့ ရှေ့ရေးအတွက် အိမ်ထောင်မပြုဘဲ အလုပ်ကိုကြိုးစားခဲ့ပါတယ်။

ရတတ်သလောက် မှုစ်ချိုး၊ မှိုနုတ်၊ ထင်းခွေနဲ့ အားရတယ်လို့တော့ မရှိပါဘူး။ တောထဲဝင်တိုင်းလည်း အစ်ကို့ကိုသတိရလို့ မျက်ရည်ကျခဲ့ရပေါင်း မနည်းတော့ပါဘူး။ အစ်ကိုတစ်ယောက် ဘယ်ဘဝရောက်နေပြီလဲလို့ ရော်ရမ်းကြည့်မိရတာလည်း အမောပါပဲ။ အစ်ကို့ကို ကျွန်မကတိပေးခဲ့တဲ့အတိုင်း အစ်ကိုဘယ်ဘဝရောက်ရောက် ချစ်နေမှာပါလို့လည်း တိုးတိုးလေးပြောနေမိတတ်ပါတယ်။

အလွမ်းတွေကို ရင်မှာပိုက်ပြီး ခါးသီးတဲ့ဘဝကို ဖြတ်သန်းလာရင်း သမီးလေးခုနစ်နှစ်အရောက်မှာ ကျွန်မဘဝအတွက် ထူးခြားတဲ့အတွေ့အကြုံတစ်ရပ်နဲ့ တွေ့ကြုံခဲ့ရပါတော့တယ်။ ဘယ်လိုမှ မျှော်လင့်မထားတဲ့ ဖြစ်ရပ်တစ်ခုပါပဲ။





အဲဒီဖြစ်ရပ်အတွက် ကျွန်မဖြင့် ကြောက်လည်းကြောက်ခဲ့တယ်။ ဝမ်းလည်းသာခဲ့တယ်။ ဝမ်းလည်းနည်းခဲ့တယ်။ အလွမ်းတွေလည်း တိုးလာတယ်။ ပြောမပြတတ်တဲ့ ခံစားမှုတွေလည်း ရင်မှာဆပွားတိုးပွားရပါတယ်။

သေချာတာတစ်ခုကတော့ အဲဒီဖြစ်ရပ်ဟာ အိပ်မက်မဟုတ်ဘူးဆိုတာပါပဲ။

▶▶ ◀◀

မှတ်မှတ်ရရဆိုတဲ့ အဲဒီနေ့ဟာ ဝါဆိုလပြည့်နေ့တစ်နေ့ပါပဲ။ တောထဲမှာ မှုစ်လည်းချိုး၊ ဝါဆိုပန်းလည်းခူးဖို့ ကျွန်မ အဖော်တစ်သိုက်နဲ့ တောဝင်ခဲ့ပါတယ်။ သွားနေကျလည်းဖြစ်၊ အဖော်ကလည်းများတော့ ကြောက်စိတ်မရှိခဲ့ပါဘူး။

ဝါဆိုပန်းတွေ အများကြီးတွေ့ရတော့ ဝမ်းသာအားရနဲ့ခူးလို့မမောနိုင်ခဲ့ကြပါဘူး။ ပန်းလေးခူးလိုက်၊ မှုစ်လေးချိုးလိုက်နဲ့ သီချင်းဆွတကြော်ကြော်နဲ့ အတော်လေးပျော်နေကြပါတယ်။ မပျော်နိုင်သူက ကျွန်မပါ။ ပန်းခူးရင်းက အစ်ကို့ကိုသတိရလို့ မျက်ရည်များတောင် ရစ်ဝဲလာပါတယ်။

ထိုစဉ်မှာပဲ 'ဝေါင်း' ခနဲ ကျားဟိန်းသံနဲ့အတူ ကျားကောင်တစ်ကောင် ကျွန်မကိုယ်ပေါ် ကျလာပါတယ်။ ကျွန်မ ရှေ့ကို ဟပ်ထိုးလဲကျသွားပါတော့တယ်။ ကျွန်မနားထဲမှာ "ကျား...ကျား...ပြေးကြ" ဆိုတဲ့ အဖော်များရဲ့အသံကို ကြားလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုတော့ ကျားဆွဲ [illegible]ဆိုတဲ့အသိ ကြောင့် တစ်ကိုယ်လုံးရှိ အကြောအခြင်တွေ တောင့်တင်းသွားပါတယ်။ လေးလံတဲ့ ဖိထားမှုရဲ့ အရွေ့ပွပွအထိအတွေ့ကြောင့် ကျွန်မဟာ ကြောက် [illegible]အားတကြီးနဲ့ သတိလစ်သွားပါတော့တယ်။

သတိရတော့ ကျွန်မရဲ့ပါးဆီက ကြမ်းရှရှအထိအတွေ့ကြောင့် မျက်လုံးမှိတ်ထားပြီး ငြိမ်နေလိုက်ပါတယ်။ ကြောက်လိုက်တာလည်း ပြောမပြတတ်အောင်ပါပဲ။ ကျွန်မဟာ ပက်လက်အနေအထားနဲ့ဖြစ်နေပြီး တစ်စုံတစ်ယောက် ဘေးကထိုင်ပြီး ပြုစုပေးနေတယ်လို့ ထင်မိပါတယ်။

ဒါပေမဲ့ မျက်လုံးမဖွင့်ရဲခဲ့ပါဘူး။ ပါးပြင်ပေါ်က ကြမ်းရှရှအာရုံဟာ လူတစ်ယောက်ရဲ့ပြုစုမှုမဟုတ်ဘူးဆိုတာ သိနေလို့ပါ။

ဒါဆို ဘာလဲ။ ငါ့ကို ဘာကောင်များ လျှာနဲ့လျက်နေပါလိမ့်လို့ တွေးမိတယ်။ အန္တရာယ်မပြုတဲ့အတွက် ကြောက်စိတ်တော့ ပြေလာပါတယ်။ ကျွန်မရဲ့ ပါး၊ နဖူးနဲ့ ဆံစများကို လျက်ပေးနေတဲ့ အကောင် ဘာကောင်ပါလိမ့်ဆိုတာ သိလိုဇောပြင်းပြလာပါတယ်။ မျက်စိကို အသာလေးဖွင့် ခိုးကြည့်လိုက်မိပါတယ်။

အလို့...ဘုရား...ဘုရား။ ကျွန်မဘေးမှာ ကျားကြီးတစ်ကောင်ပါလား။ ကျွန်မ မျက်လုံးပြန်မှိတ်ပြီး ငါ့ကိုများ စားမှာလားလို့ တွေးကြောက်နေမိပါတယ်။ ခြေတွေ၊ လက်တွေကို အသာလှုပ်ကြည့်တော့ အကောင်အတိုင်းရှိနေကြောင်း သိရတယ်။ နာကျင်မှု





ဒဏ်ရာလည်းမရှိလို့ ဒဏ်ရာဒဏ်ချက်မရှိဘူးဆိုတာ သိရပြန်ပါတယ်။

ဒီကျားကြီး ငါ့ကို အရှင်လတ်လတ် ကိုက်စားတော့မှာလား တွေးပြီး ကြောက်ဒူးတွေတုန်လာပါတယ်။ ဒီအချိန်မှာ ကျားကြီးက ကျွန်မရဲ့နဖူးကို လျှာနဲ့လျက်ပြန်ပါတယ်။ နောက်...ပါးကိုလျက်ပါတယ်။ ကျွန်မ မျက်စိစုံမှိတ်ပြီး ဘုရားစာတွေ ရွတ်ဆိုနေမိပါတယ်။

ကျွန်မရဲ့ မြေပေါ်ကျနေတဲ့ ညာဘက်လက်ဖဝါးပေါ်ကို [illegible]တစ်ချောင်းလာတင်သလို ခံစားလိုက်ရပါတယ်။ ကျွန်မရဲ့လက်ပေါ် တင်လာတဲ့ဟာ ကျားကြီးရဲ့ညာလက်တစ်ဖက်ဖြစ်နေပါတယ်။ [illegible]ပါတယ်။ လက်ကိုဖွဖွလေးတင်ထားတာပါ။ ခဏငြိမ်သက်နေလို့ ကျွန်မမျက်လုံးဖွင့်ကြည့်မိပြန်ပါတယ်။

အို...ကျားကြီးတစ်ကောင်။ ကျွန်မဘေးမှာ ဝပ်လို့ပါလား။ ကျွန်မလက်ပေါ်မှာ သူ့လက်တစ်ချောင်းကိုလည်း ဖွဖွလေးတင်ထားသား။ ကျွန်မ အကြောက်တော့ပြေသွားပါပြီ။ ကျွန်မကို အန္တရာယ်မပြုဘူးဆိုတာလည်း ယုံကြည်သွားပါပြီ။ ဒါနဲ့ပဲ ကျွန်မလည်း ကျားကြီးကို မဝံ့မရဲကြည့်လိုက်မိပါတယ်။

အို...ကျားကြီးက ကျွန်မကို စိုက်ကြည့်နေပါလား။ ကျွန်မ ပြန်ကြည့် ဘာသိတော့ ကျားကြီးရဲ့မျက်လုံးများဟာ လင်းလက်လာသလိုပါပဲ။ နောက်ပြီး ကျွန်မကို တွေကြည့်နေပါတယ်။ ကျွန်မ နားလည်နိုင်အောင် ဖြစ်နေပါတော့တယ်။

လူသားစားတဲ့ ကျားကြီးဟာ အိမ်ကြောင်လေးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်မအပါးမှာဝပ်ပြီး ကျွန်မကို တွေတွေကြီးစိုက်ကြည့်နေတာ ဆန်းလှပါတယ်။ သူ့လက်တစ်ဖက်ကို ကျွန်မလက်ပေါ်တင်ထားတာကလည်း တမင်တင်ထားမှန်း သိသာလှပါတယ်။ ကျွန်မနားမလည်နိုင်အောင် မှင်တက်နေတဲ့အချိန်မှာပဲ ကျားကြီးဟာ သူ့ခေါင်းနဲ့ ကျွန်မလက်မောင်းကို ဝှေ့ပါတယ်။ ပွတ်သီးပွတ်သပ် လုပ်ပါတယ်။

ကျွန်မဟာ ကျားကြီးကို ကြောက်ရမယ့်အစား ကြောင်လေးတစ်ကောင်လို့သာ ထင်နေမိပါတော့တယ်။ ကျားကြီးက ကျွန်မကို ချစ်ခင်တဲ့အမူအရာတွေ ပြနေတာကိုး။ ကျွန်မရဲ့လက်ဖဝါးက ကျားကြီးရဲ့ရှေ့လက်ကို အသာလေးဆုပ်ကိုင်မိလျက်သား ဖြစ်သွားပါတယ်။

ဒီအချိန်မှာ မဆီမဆိုင် ကျွန်မ အစ်ကို့ကို ဖျတ်ခနဲ သတိရလိုက်မိပါတ[...] ကျားကြီးကိုလည်း သေချာကြည့်လိုက်မိပါတယ်။

"အလို...ဘုရား...ဘုရား"

ကျွန်မ ဘုရားတမိပါတော့တယ်။ ကျွန်မ ကျားကြီးကိုလှည့်ကြည့်ခိုက် ကျားကြီးကလည်း ခေါင်းနဲ့ဝှေ့ရန် ခေါင်းလှည့်ခိုက်မှာ ကျားကြီးရဲ့ဘယ်ဘက်ပါးပြင်မှာ အမည်းမှတ်ကြီးတစ်ခု ထင်ထင်ရှားရှားတွေ့လိုက်ရလို့ပါပဲ။ အမှတ်ကြီးမှ အစ်ကို့ရဲ့ပါးကအမှတ်နဲ့ တစ်ထေရာတည်းတူတဲ့ အမှတ်ကြီးရယ်ပါ။ ဒီအမှတ်ကြီးက ကျားကြီးရဲ့ အဝါရောင် အမွေးအမျှင်တွေကြားက ထင်ထင်ရှားရှားကြီးပေါ်နေတာပါ။

ကျွန်မသိလိုက်ပါပြီ။ ကျွန်မ ကျားကြီးကို တွေ့ကြည့်နေမိ





ပါပြီ။ ကျားကြီးကလည်း မျက်ရည်များတောင် ဝေ့ဝဲနေသယောင်ပါ။

ထိုအခိုက်မှာပဲ ညာသံပေး တောနင်းလာကြတဲ့ လူသံတွေကြားရပါတော့တယ်။ ရွာကလူတွေ ကျွန်မကိုရှာဖို့ လိုက်လာကြပါပြီ။ အသံတွေက နီးသထက်နီးလာပါပြီ။

ကျွန်မ ကျားကြီးရဲ့လက်ကို ဖျစ်ထားလိုက်မိပါတယ်။ နောက်... 'သွားတော့လေ' ဆိုတဲ့သဘောနဲ့ ဖြေလွှတ်ပေးလိုက်ပါတော့တယ်။ လူသံတွေကိုနားစွင့်ရင်း ကျားကြီးက ထရပ်ပါတယ်။ ကျွန်မကို တွေကြည့်နေရာက လှည့်ပတ်နေပါတယ်။

ပတ်ပြီးတော့မှ လှည့်ကြည့်လှည့်ကြည့်နဲ့ တောထဲဝင်သွားတာကိုဖြင့် ကျွန်မမျက်စိထဲက မထွက်နိုင်အောင်ပါပဲ။

ကျွန်မလည်း ကျားကြီးသွားရာကိုကြည့်ရင်း ငုတ်တုတ်ထိုင်လို့ ငိုရှိုက်နေမိပါတော့တယ်။ ဒီအချိန်မှာပဲ ဖိုးငွေးတို့ညီအစ်ကိုနဲ့အတူ ရွာသားတွေ လက်နက်ကိုယ်စီနဲ့ရောက်လာပြီး ကျွန်မကို တအံ့တသြမေးကြမြန်းကြပါတယ်။

"ဟင်...အစ်မကျေးဥ ကျားဆွဲခံရလို့ဆို။ ဘာမှ မဖြစ်ဘူးနော်"

လို့မေးတော့ ကျွန်မက မျက်ရည်သုတ်ရင်း တစ်ခွန်းပဲ ဖြေလိုက်မိပါတော့တယ်။

"ကျားကြီးက လိမ္မာပါတယ်" ရယ်လို့ပဲလေ။ ။

ကျွန်မြစ်ကြွင်းအနားနယ် (၂၃. ၁၀. ၂၀၀၃)



www.burmeseclassic.com

www.burmeseclassic.com




# ရေအောက်ဝိညာဉ်မြို့တော်

ကျွန်ုပ်တွင် 'အောင်ရင်' ဟူသော တပည့်တစ်ဦးရှိခဲ့ဖူးလေ၏။ လူလွတ်တစ်ဦးဖြစ်ပြီး ကျွန်ုပ်ထံနေထိုင်လျက် ကျွန်ုပ်၏လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပေးနေသူဖြစ်၏။

သူသည် ကျွန်ုပ်ကဲ့သို့ပင် စာလည်းရေးသော စာရေးဆရာလေးတစ်ဦးလည်းဖြစ်၏။ သူ၏ကလောင်နာမည်မှာ ကျော်မင်းထွေး (လေးအိမ်စု)ဟူ၍ ဖြစ်၏။ လူအေးဖြစ်သော်လည်း အရက်တော့ သောက်တတ်၏။ အရက်ကြိုက်သူတစ်ဦးပင်။ တစ်ခါတစ်ရံ မော်နင်းတော်ပင် လုပ်တတ်သေး၏။

"ဆရာ...ကျွန်တော် စန္ဒာမှာ တာမူခသွားထုတ်လိုက်ဦးမယ်"

သူ့ကဗျာတစ်ပုဒ် စန္ဒာမဂ္ဂဇင်းမှာပါသဖြင့် တာမူခသွားထုတ်ည်လာပြောတော့ နံနက်ဆယ်နာရီကျော်ခန့်ရှိနေပါပြီ။ ကျွန်ုပ်တို့သည် သန်လျင်မြို့တွင် နေထိုင်ကြသည်ဖြစ်ရာ ရန်ကုန်သွားလျှင် သင်္ဘောဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကူးရ၏။

ထိုနေ့က အောင်ရင်သည် နံနက်ခါယံ့တစ်နာရီထွက်သည့် တိုင်းလုံးကျော်သင်္ဘောဖြင့် ပါသွားခဲ့၏။ ကာလအားဖြင့် ဆယ့်ရှစ်နှစ်ခန့် ကြာခဲ့ပေပြီ။

ထိုနေ့ထိုကာလမှစ၍ အောင်ရင်သည် လူ့လောကသို့ လုံးဝပြန်ရောက်လာခြင်း မရှိတော့ပါ။ သင်္ဘောနစ်မြုပ်ရာတွင် ပါသွားခဲ့ပါပြီ။ သူ့အလောင်းပင် ပြန်မရခဲ့။

အောင်ရင်သေဆုံးပြီးနောက် တစ်လခန့်ရှိသော် ကျွန်ုပ်သည် ကျိုက်ဒေးယျုံဘုရား၌ ပုတီးစိပ်နေစဉ် အာရုံထဲမှာ အောင်ရင့်ရုပ်ပုံလွှာ ပေါ်လာ၏။ အလွန်ညှိုးငယ်သော မျက်နှာလေးနှင့်ဖြစ်၏။ ဘာမှလည်းမပြော။ မျက်နှာညှိုးနွမ်းစွာဖြင့် မတ်တတ်လေးမြင်လိုက်ရပြီး ပျောက်သွား၏။

သည်နောက် နှစ်ပေါင်းအတော်ကြာမှ သူ့ကိုအိပ်မက်မက်၏။ ယခင်လို မျက်နှာခပ်ညှိုးညှိုးမဟုတ်ပါ။ ဘာမှပြောဆိုခြင်းမရှိသော်လည်း တစ်စုံတစ်ရာပြောချင်ပုံပေါ်နေ၏။ သူ့အတွက် ရည်စူး၍ စာပေအသိုက်အဝန်းမှ မိတ်ဆွေများစု၍ ကောင်းမှုပြု၊ အမျှဝေခဲ့ဖူးသည်ကို သူရမှရပါစဟု တွေးမိသေး၏။ ထိုကောင်းမှုအတွက် သူအမျှမှ ခေါ်နိုင်ရဲ့လားမသိ။ သူ့ကြည့်ရသည်မှာ ညှိုးနွမ်းလှသည်။

ကျွန်ုပ်လည်း သူ့အတွက်ရည်မှန်း၍ ကောင်းမှုများလုပ်ကာ အမျှပေးဝေခဲ့ပါသည်။ သည့်နောက် ဆယ်နှစ်ခန့်ကြာမှ သူ့ကိုအိပ်





မက်မက်ပြန်၏။

သည်တစ်ကြိမ်မှာတော့ ထူးခြားလှသည်။ အောင်ရင်သည် အိပ်မက်ထဲမှာ ကျွန်ုပ်အား စကားတွေအများကြီးပြောခဲ့သလို ယခုရေးမည့် ဝတ္ထုတစ်ပုဒ်ဖြစ်ဖို့လည်း ဖြစ်ခဲ့၏။

သည်နေရာတွင် စာရေးဆရာများ၏ဉာဉ်စရိုက်သည် သေသည်၏ ဟိုမှာဘက်ဘဝထိ စာရေးချင်စိတ်မပျောက်သေးမှန်း ကျွန်ုပ်သတိထားမိ၏။

အကြောင်းကား သည်တစ်ကြိမ်၌မူ အောင်ရင်သည် သူရောက်ရှိနေသည့် ရေအောက်ကမ္ဘာ (သို့မဟုတ်) ရေအောက်မြို့တော်အကြောင်းကို သူ့ကိုယ်စား စာတစ်ပုဒ်ရေးပါရန် ကျွန်ုပ်အားတိုက်တွန်းနေသောကြောင့်ဖြစ်ပေ၏။

သူသည် ကျွန်ုပ်အား ပါးစပ်လှုပ်၍ ပြောဆိုခြင်းဖြစ်ပေ၏။

သူပြောသမျှသည် ကျွန်ုပ်အတွက် ရုပ်ရှင်ပြကွက်အလားပြင်ပေ... ျား...သည်ဖြစ်ရကား ထိုအကြောင်းများကိုပင် 'ရေအောက်ဝိညာဉ်မြို့တော်'ဟု ခေါင်းစီးတပ်ရေးသားလိုက်ရပေတော့သတည်း။

▸▸◂◂

ကျွန်ုပ် (အောင်ရင်) သည် စက်ရှိန်မှန်မှန်ခုတ်မောင်းနေသည့် တိုင်းလုံးကျော်နှစ်ထပ်သင်္ဘောထက်မှာ ငိုက်ရင်း လိုက်ပါလျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ အချိန်မှာ နံနက်ဆယ့်တစ်နာရီကျော်ခန့်သာရှိသေး၏။ ဓော ဆောစီးစီး ဝိုက်ရခြင်းမှာလည်း ညစာအရက်သောက်များသွားခဲ့သလို ဒီမနက်လည်း နည်းနည်းသောက်ထား၍ဖြစ်၏။

ကျွန်ုပ်သည် သဘော်၏အောက်ထပ်စက်ခန်းအနီး၌ ခွေးခြေပုလေးနှင့်ထိုင်၍ လိုက်လာခြင်းဖြစ်၏။ ကျွန်ုပ်မှာ အရက်သောက်များထား၍ မူးပြီး ခေါင်းမဖော်နိုင်အောင်ဖြစ်နေရ၏။

ထိုအခိုက်တွင် လေပြင်းတစ်ချက်တိုက်ပြီး မိုးသက်လေများကျလာ၏။ အောက်တိုဘာလ (၅) ရက်ရောက်နေပြီမို့ မိုးကုန်ပြီဆိုရမည်ဖြစ်၏။ မိုးမှာ မိုးသေးမိုးဖွဲမျှသာဖြစ်သော်လည်း လေကတော့ ပြင်းပါသည်။ ခရီးသည်များက ဝမ်းဘက်သို့ပြေးကပ်သဖြင့် သဘော်အနည်းငယ်စောင်းသွားပေသည်။ သည်ခရီးတွင် ဒါမျိုးသိပ်မဆန်းလှသဖြင့် ကျွန်ုပ်ဘာသိဘာသာပင်နေလိုက်၏။ အရက်မူးနေခြင်းကြောင့်လည်း ဖြစ်ပါလိမ့်မည်။

မကြာလှပါ။ "ရေတွေဝင်နေပြီ" ဟူသောအသံများ ကြားရပြီးနောက် သဘော်ပဲ့ပိုင်းမှ နိမ့်ဆင်းသွားပါသည်။ ထိုအချိန်တွင် လူများ ရုတ်ရုတ်သဲသဲဖြစ်နေကြပါပြီ။ သဘော်လည်း ကမ်းသို့ပြေးကပ်နိုင်အောင်ကြိုးစားရင်း စုံးစုံးမြုပ်သွားပါလေတော့၏။

ကျွန်ုပ်မှာ အသက်အန္တရာယ်မှလွတ်မြောက်အောင် ကြိုးစားချိန်မရလိုက်ဘဲ ရေအောက်သို့ သဘော်နှင့်အတူပါသွားတော့သည်။

ရေမွှန်းမှပင် အမူးများပြေပျောက်သွားတော့၏။ သို့သော်





သိပ်နောက်ကျသွားပါပြီ။ ကျွန်ုပ်ရုန်းကန်လှုပ်ရှားကြည့်ပါသော်လည်း မရတော့။ လက်တချို့က ကျွန်ုပ်အားဆွဲကိုင်ထားကြသည်။ သူတို့လက်မှလွတ်ရန် ကျွန်ုပ်ရုန်းသည်။ မရ…။

အကြောက်လွန်နေကြသောသူများ၏ လက်များသည် ကျွန်ုပ်အားပြုတ်တူနှင့်ညှပ်ထားဘိသကဲ့သို့ရှိတော့၏။ ကျွန်ုပ်လည်း ကြောက်လန့်တကြား ရုန်းကန်ရင်းနှင့်ပင် အသက်ရှူကျပ်ကျပ်လာပြီး အသက်ရှူမရ ဖြစ်နေလေတော့၏။

အချိန်ကား ဘာမျှမကြာလိုက်။ ကျွန်ုပ်သည် ရေမွှန်း၍ အသက်ရှူမရတော့ဘဲ လှုပ်ရှားမှုများ တစ်စတစ်စငြိမ်သက်၍ မျက်လုံးထဲမှာ အမှောင်ကြီးမှောင်ကျသွားပါလေတော့၏။

ကျွန်ုပ်သတိပြန်ရ၍ ကြည့်လိုက်တော့ ကျွန်ုပ်ဘေးမှာ လူအချို့ ဝိုင်းရံနေပါ၏။ ထိုသူများမှာ လူဟုဆိုသော်လည်း လူတစ်မျိုးဖြစ်ကြသည်။ အသားအရေမှာ ပွယောင်းယောင်းနှင့် ညိုမှောင်နေကြသည်။ တချို့ အဝတ်ပါ၍ တချို့ အဝတ်မပါဘဲ အရှက်လုံရုံ ငါးကြေးခွံလိုလိုခါးဝတ်တန်ဆာသာပါရှိ၏။ တစ်မျိုးတော့ထူးနေသည်မှာ အမှန်။

မျက်လုံးများပြူးနေ၏။ ပါးစပ်များပိတ်ထားကြ၏။ မည်သူမျှ စကားမပြော။ သို့သော် သူတို့ပြောချင်တာကို စိတ်ထဲကပြောနေကြမှန်း ကျွန်ုပ်သိနေပါသည်။

သူတို့သည် ကျွန်ုပ်၏အမည်၊ နေရပ်များကို မေးမြန်းနေကြသည်။ သူတို့စိတ်နှင့်မေးသမျှ ကျွန်ုပ်လည်း စိတ်နှင့်ပင်ဖြေနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ကျွန်ုပ်အား ခပ်လှမ်းလှမ်းတစ်နေရာသို့ ခေါ်သွားကြပြီး ထိုင်ထားခိုင်း၏။ ကျွန်ုပ်သေား မှာ လူကြီးနှစ်ဦးစောင့်နေကြသည်။ ကျန်လူများက ခုနနေရာသို့ ပြန်ထွက်သွားကြသည်။

မကြာခင် ပြန်လာ၍ လူတပဲယောက်ကိုထားခဲ့ပြီး ပြန်ထွက်သွားကြပြန်သည်။

ကျွန်ုပ်သေားမှာ လာထားသွားသူမှာ မိန်းကလေးတစ်ဦးဖြစ်နေ၏။ သူမကို ကျွန်ုပ်ကောင်းစွာသိပါသည်။ သူမသည် ရွှေဆိုင်ပိုင်ရှင်၏ သမီးဖြစ်၏။ အလွန်မာနကြီး၍ မျက်နှာကိုအမြဲမော့ထားသူဖြစ်လေ၏။ အမြဲကျော့နေအောင် ဝတ်စားထားတတ်၏။ ယခုကျတော့လည်း ဘာအဝတ်မှမရှိ။ အရှက်လုံရုံ အတွင်းခံအဝတ်များရှိ၍သာတော်တော့သည်။ သူမကိုကြည့်ရသည်မှာ ကြောင်တိကြောင်တောင်ဖြစ်နေပုံရ၏။ ဘာမှန်းသိပုံမပေါ်။ မျက်လုံးကြီးများပြူးနေ၏။

တကယ်တော့ ကျွန်ုပ်ကိုယ်တိုင်လည်း ဘာတွေဖြစ်နေမှန်းမသိပါချေ။ ကျွန်ုပ် သေားဘီသို့ အကဲခတ်လိုက်မိသည်။ သေားပတ်ပတ်လည်မှာ ရေပြင်ကြီးပါလား။ ရေနောက်မဟုတ်။ ကြည်လင်ငြိမ်သက်နေသော ရေပြင်ဖြစ်၏။ ရေပြင်ဖြစ်ငြားသော်လည်း ကျွန်ုပ်တို့ကို စိုစွတ်ခြင်းမရှိသည်ကား အံ့သြစရာဖြစ်နေ၏။

ကျွန်ုပ် အပေါ်သို့မော့ကြည့်မိသည်။ နေရောင်မှ အလင်းရောင်များ ဖြာကျနေသည်။ အလင်းရောင်သည် အပေါ်၌သာဖြာနေပြီး အောက်ခြေထိမရောက်။ သို့သော် အောက်ခြေမှာလည်း ကြည်လင်





သောအလင်းရောင်က ရှိနေ၏။

ဖြာနေသောအလင်းရောင်ကြောင့် တအိအိပြုဆင်းလာသော လူတချို့ကို မြင်နေရသည်။ သူတို့သည် မကြာခင် ကျွန်ုပ်တို့ရောက်နေရာ ရေအောက်ကြမ်းပြင်သို့ ရောက်လာကြပေတော့သည်။

ကျွန်ုပ်သည် ကြောက်ရကောင်းမှန်းမသိ။ ထူးဆန်းသော မြင်ကွင်းများကိုသာ စူးစမ်းနေမိသည်။ ကျွန်ုပ်ရောက်နေသော ရေအောက်တွင် လူတချို့သွားလာနေကြသည်ကိုလည်း မြင်ရ၏။ တချို့ သာမန်လူကဲ့သို့ပင် ဝတ်စားထားကြသည်။ အဝတ်ဝါသည်ဖြစ်စေ မပါသည်ဖြစ်စေ တူညီတာကတော့ အသားအရေပွယောင်းယောင်း နေကြခြင်းနှင့် စကားမပြောကြခြင်းပင်။ သွားလာလှုပ်ရှားနေကြ ပုံများမှာ ရုပ်သေးကဲ့သို့၊ စက်ရုပ်ကဲ့သို့ ဖြစ်နေကြသည်။ သေားဘီဝ မကြည့်ကြချေ။

သူတို့သည် ရေထဲတွင်သွားလာနေကြသည်မှန်သော်လည်း သာမန်ပြင်ပမှာ သွားလာနေကြသလိုပင်ဖြစ်ပေ၏။ အောက် ရေပြင်သည် ကြည်လင်ပြီး လှုပ်ရှားခြင်းလည်းမရှိ။ အပေါ်ရေစီး များနှင့် တစ်ဆက်တည်းဖြစ်သော်လည်း သီးခြားတစ်လွှာအဖြစ် ရှိနေ၏။

ကျွန်ုပ်သည် စာရေးဆရာတို့၏ဉာဉ်အတိုင်း ဟိုကြည့်သည်ကြည့်နှင့် စပ်စုစူးစမ်း လေ့လာမှတ်သားနေမိခြင်းပင်ဖြစ်၏။ မကြာပေါ် ခုနလူကြီးတစ်သိုက် ပြန်လာကြသည်။ သူတို့နှင့်အတူ လူရွယ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဦးဝါလာကြပြန်၏။ ကျွန်ုပ်တို့နှင့် ရောနှောထားပြီး စစ်ဆေးမေးမြန်းနေကြ၏။ မေးမြန်းပြီးသည်နှင့် ခေါင်းဆောင်ဟုထင်ရသူက အချက်ပြလိုက်ရာ လူထွားကြီး၀ . ိ က ကျွန်ုပ်တို့လူစုကို သူတို့နောက်သို့လိုက်ခဲ့ရန် ခေါ်သွားလေတော့၏။

ကျွန်ုပ်သည် ရေအောက်တွင် လမ်းလျှောက်နေရခြင်းဖြစ်သော်လည်း ရေနင့်ပွတ်တိုက်ခြင်းမရှိ။ သွက်သွက်လည်း လှုပ်ရှားနိုင်ခြင်းမရှိဘဲ ခပ်နှေးနှေးသာသွားလာလှုပ်ရှားနေကြသည်ဖြစ်ရာ ထူးခြားသောအတွေ့အကြုံလိုဖြစ်နေ၏။

တစ်နေရာတွင် ချိုင့်ဝှမ်းလိုလိုတွေ့ရပြီး လှေကားထစ်များရှိရာ ဆင်းသွားကြရ၏။ တော်တော်လေးဆင်းမိသောအခါ ထူးဆန်းသော အဆောက်အအုံတစ်ခုကို မြင်ရ၏။ ကြီးမားလှသော ကျောက်တုံးကြီးနှင့် လိပ်ခုံးပုံသဏ္ဌာန် အဆောက်အအုံကြီးပါ။

ကျွန်ုပ်တို့အား ထိုအဆောက်အအုံထဲသို့ ခေါ်သွားကြ၏။ အထဲမှာတော့ ကျောက်စားပွဲ၊ ကျောက်ထိုင်ခုံများနှင့် လူတချို့ကို ထိုင်လျက်တွေ့ရသည်။ ခပ်လှမ်းလှမ်း၌မူ မိန်းမတစ်သိုက်သည် ချက်ပြုတ်ရန်စီစဉ်နေကြသည်ကို တွေ့ရ၏။ မီးကိုတော့ မမြင်ရချေ။ အလင်းရောင်မှာလည်း လသာနေသည့် လရောင်တမျှသာ။

ကျွန်ုပ်တို့အား စုဝေးရပ်နေစေပြီး လူကြီးတစ်ဦးက အကြီးအကဲဟု ယင်ရသူထံ အစီရင်ခံနေဟန်ရှိ၏။ နားထောင်နေသော လူကြီးမှာ ခေါင်းတညိတ်ညိတ်နှင့်ရှိလေ၏။ ပြီးလျှင် ကျွန်ုပ်တို့အားကြည့်





ကာ စိတ်နှင့်စကားပြောလေ၏။

"သင်တို့အားလုံးဟာ ရေအောက်ဝိဇ္ဇာဉ်များဖြစ်ကုန်ကြပြီမို့ ရေအောက်မြို့တော်မှာပဲ နေကြရမယ်။ ဒါဟာ သင်တို့ရဲ့အတိတ်ကံအကြောင်းကြောင့် ဖြစ်လာရတဲ့ အကျိုးဆက်ပဲဖြစ်တယ်။ သင်တို့အနေနဲ့ လောလောဆယ်မှာ ရေပြင်ထက်ကို တက်ခွင့်မရှိဘူး။ သက်ဆိုင်တဲ့ ဆွေမျိုးညာတကာများရဲ့အမျှဝေမှုကို ဝိဇ္ဇာဉ်တမန်များက သယ်ဆောင်လာခဲ့ရင် သာဓုခေါ်ခွင့်ရှိတယ်။ ကိုယ့်ရဲ့ကုသိုလ်အထိုက်အလျောက် အမျှရရှိမှုတွေအပေါ် မူတည်ပြီး ဒီဘုံကနေ လွတ်မြောက်ခွင့်ရှိတယ်။ အခုတော့ နားလည်ကြမှာမဟုတ်သေးဘူး။ နောက်တော့ သိလာကြပါ"

လူဝဝကြီး စကားအဆုံးသတ်ပြီးသည်နှင့် ကျွန်ုပ်တို့အား ကျောက်စားပွဲများတွင် အသီးသီးနေရာချပေး၍ ကျွေးမွေးရန် စီစဉ်ကြသည်။ သူတို့၏အစားအသောက်များမှာ အသားလည်းမဟုတ်၊ အရွက်လည်းမဟုတ်ဘဲ ရောင်စုံကျောက်ကျောက်တုံးများကဲ့သို့သာရှိလေ၏။ အရသာမှာ ထူးခြားကောင်းမွန်လှပေ၏။

ကျွန်ုပ်တို့အား သီးခြားနေရာပေးလေရာ ကျောက်ဂူလေးသဖွယ် အဆောက်အအုံတစ်လုံးစီ၌ နေရာရလေ၏။ အိပ်စက်ရန် ကျောက်ဖျာတစ်ချပ်စီလည်းရှိ၏။ ကျွန်ုပ်သတိပြုမိသည်မှာ ကျောက်ဂူသည် တစ်လုံးနှင့်တစ်လုံး မတူညီကြခြင်းဖြစ်၏။ ကောင်းသည့်လုံးက ကောင်း၍ ညံ့သည့်အလုံးက ညံ့လေ၏။ ရှေးအတိတ်ကံ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကွဲပြားခြင်းဟု ကျွန်ုပ်သုံးသပ်မိလေ၏။

ကျွန်ုပ်သည် ကျောက်ဂူခပ်ညှိုညှိုတစ်လုံး၌ နေရာရလေရာ အချိန်ရှိသရွေ့ ကျောက်ဖျာထက်အိပ်စက်ရင်း အချိန်ကုန်လွန်ခဲ့ရလေတော့၏။

တစ်ကြိမ်တွင်ကား ကျွန်ုပ်၏ကျောက်ဂူအတွင်းသို့ လူထွားကြီးတစ်ဦး ဝင်ရောက်လာပြီး အောက်ပါအတိုင်းပြောလေ၏။

"အမည် အောင်ရင်၊ အဖ ဦးဖိုးမောင်... သင့်အတွက် လူ့ပြည်ကပြုလုပ်ပေးတဲ့ ဒါနအတွက် အမျှဝေသံပါတယ်။ အာရုံညွှတ် သာဓုခေါ်ပါ"

ကျွန်ုပ် ဝမ်းသာအယ်လဲ ဦးခေါင်းညွှတ်၍ အမျှသံနာယူရန် အသင့်စောင့်နေမိ၏။ သူတို့ထံမှ အမျှသံကို အာရုံပြုနားစိုက်နေမိထမှာပင် လူ့ပြည်မှ ကျွန်ုပ်၏မိတ်ဆွေများ၏ ကျွန်ုပ်အမည်တပ်အမျှဝေသံကို ကြားရ၏။ ကျွန်ုပ်ကြက်သီးမွေးညင်းထသွားပြီး သာဓုသုံးကြိမ်ခေါ်လိုက်မိပါသည်။

သာဓုခေါ်အပြီးတွင် ကျွန်ုပ်၏စိတ်များ ပေါ့ပါးလန်းဆန်းသွားသလို ခံစားလိုက်ရ၏။ ကျွန်ုပ်၏ကိုယ်ပေါ်၌ အဝတ်အစားသစ်များ အလိုလိုရောက်ရှိနေ၏။ ကျွန်ုပ်ရှေ့က ကျောက်စားပွဲအောက်မှလည်း ရေမမုန့်တုံးကြီးတစ်တုံး ရောက်နေ၏။ ကျွန်ုပ်အားကြည့်ပြီး လူထွားကြီးနှစ်ယောက် ပြန်ထွက်သွားကြသည်။ ကျွန်ုပ်ကား ဖော်မပြတတ်သောပီတိများ ဝေဖြာလျက်ရှိပါသည်။





အမျှဝေသံအပေါ် သာဓုခေါ်ရခြင်း၏တန်ဖိုးကို ကျွန်ုပ်ထထမဦးဆုံးအကြိမ် သိရှိရခြင်းပါတည်း။

နောက်ထပ် ကျွန်ုပ်၏ဆရာထံမှ အမျှဝေသံများထပ်မံရရှိသောအခါ ကျွန်ုပ်မှာ အတော်လေးအဆင့်မြင့်မားသွားလေပြီ။ ပြင်ပသို့လည်း သွားလာခွင့်ရရှိလာခဲ့၏။ ကျွန်ုပ်ဆရာထံ ဆက်သွယ်အိပ်မက်ပေးခြင်းများ ပြုလုပ်လာနိုင်ခဲ့၏။

ထိုအခါ ကျွန်ုပ်သည် ရရှိသောအခွင့်အရေးကိုအသုံးချလျက် ကျွန်ုပ်ရောက်ရှိနေသည့် ရေအောက်မြို့တော်အကြောင်းကို ဆရာ့ထံဆက်သွယ်ပြောပြဖို့ ကြိုးပမ်းမိလေတော့၏။

အကြံအစည်အောင်မြင်ရန် အတော်လေး အချိန်စောင့်ကြိုးပမ်းရ၏။ ဆရာ၏မနောနှင့် ကျွန်ုပ်၏စိတ်လှိုင်းများ ဆက်သွယ်မိရန် အတော်အားထုတ်ခဲ့ရသည်။ ခက်ခဲမှုတစ်ရပ်မှာ ကျွန်ုပ်တို့ရေအောက်ဝိညာဉ်လောကသားများသည် ရေပြင်ထက်အာကာသဝိညာဉ်များကဲ့သို့ မနောစိတ်လှိုင်းကို လွတ်လပ်စွာထုတ်လွှင့်၍ မရနိုင်ခြင်းပင်။ သဘာဝရေထုကြီး၏ တားဆီးထားမှုကြောင့်ဖြစ်၏။

ဆရာ့ထံဆက်သွယ်နိုင်ရန်အတွက် ကျွန်ုပ်သည်ရေပြင်ထက်သို့ ခေတ္တတက်၍ အချိန်လုကာ မနောလှိုင်းများလွှင့်ထုတ်ရလေသည်။

ကျွန်ုပ်ပင်ပန်းလှပါသည်။ သာမန်မျှဆိုလျှင်တော့ သည်မျှပင်ပန်းမည်မထင်။ ဆရာ့အား ကျွန်ုပ်ပြောပြချင်သည်များမှာ များလှသဖြင့် ကျွန်ုပ်ပင်ပန်းရခြင်းဖြစ်လေ၏။ ဒါတောင် ကျွန်ုပ်တွေ့ကြုံခံစားရ



www.burmeseclassic.com

www.burmeseclassic.com

သမ္မုတိသည် ပြီးပြည့်စုံခြင်းမရှိသေး။

ဘဝအဓိပ္ပာယ်...

သံသရာ၏အဓိပ္ပာယ်...

ဘုံဘဝတို့၏အကြောင်းကား ခက်ခဲနက်နဲလှပါဘိ။ ဂမ္ဘီရဆန်လှပါပေ၏။

လောကကြီးသည် ကျယ်ပြန့်သောအကြောင်းအခြင်းအရာတို့နှင့် ပြည့်နှက်လျက်ရှိလေရာ ကျွန်ုပ်ပြောပြသည်တို့မှာ လောကနက်နဲမှု၏ အမှုံတစ်ထောင်ပုံလျှင် တစ်ပုံမျှပင် ရှိချင်မှရှိပါလိမ့်မည်။

ဘာပဲဖြစ်ဖြစ် သည်မျှပြောခွင့်ရလိုက်သည်ကိုပင် ကျေနပ်မိပေ၏။

ကျွန်ုပ် လေးလေးနက်နက် တစ်ခုပြောချင်ပါသေးသည်။ ကောင်းမှုပြုခွင့်မရကြရှာသော ကျွန်ုပ်တို့ဘုံဘဝသားဝိညာဉ်များအတွက် လူ့ပြည်ကပေးပို့တဲ့ အမျှဝေသံများသည်သာ အားထားရာဆော့က်တည်ရာ ဖြစ်ပါကြောင်း၊ ထိုအမျှဝေသံများကို ဝိညာဉ်ဘုံသားများအားလုံးက အမြဲမျှော်လင့်တောင့်တလျက်ရှိကြပါကြောင်း ဆိုတဲ့အချက်ပဲဖြစ်ပါပေ၏။

သံသရာတစ်လျှောက် သုံးဆယ့်တစ်ဘုံ ဘဝမျိုးစုံ၌ ကျင်လည်ကြရရှာဝယ် လူ့ဘုံဘဝကား ထူးခြားမွန်မြတ်လှပါပေသည်။ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုအစုစုတို့ကို ပြုလုပ်ခွင့်ရရှိနိုင်ကြပါပေ၏။





သင်တို့ပြုသမျှ အဖို့ဘာဂကို အမျှဝေဖြစ်ကြပါစေ။

ကောင်းမှုပြုခွင့်ရခိုက် လူ့ဘဝမှာ ကောင်းမှုများ များများပြုကြလျက် ဘုံဘဝဆိုးသို့သက်ရောက်ခြင်းမှ ကင်းဝေးနိုင်ကြပါစေသတည်း။

▶▶◀◀

ကျွန်ုပ်(စာရေးသူ)သည် အထက်ပါစာပိုဒ်များကို မှတ်မိသရွေ့ အဆုံးသတ်ရေးပြီးသည့်နောက် မျက်လုံးကိုစုံမှိတ်လျက် ကျွန်ုပ်၏ဘဝအဆက်ဆက်မှ ယနေ့ထိတိုင်အောင် ပြုခဲ့ဖူးသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ကောင်းမှုအစုစုတို့အား ကိုအောင်ရင်(ခေါ်) စာရေးဆရာကျော်မင်းထွေး(လေးအိမ်စု)သို့ ရည်ညွှန်း၍ အမျှသုံးကြိမ်ပေးဝေလိုက်မိပါတော့၏။

အမျှဝေပြီးသည်နှင့် ကျွန်ုပ်သည် ကြက်သီးဖျန်းဖျန်း ထကြွရပါတော့သတည်း။ ။

မနုစာရီမဂ္ဂဇင်း (၂၀၀၄၊ ဇွန်လ)

www.burmeseclassic.com




# သူငယ်ချင်းရဲ့ လွှမ်းလက်ဆောင်

မောင်ဝင်းတွင် အလွန်ချစ်သော သူငယ်ချင်းသုံးယောက်ရှိလေသည်။ အေးကို၊ သန်းဝင်း၊ မြင့်အောင်တို့ဖြစ်ကြသည်။ ထိုသူငယ်ချင်းသုံးယောက်ကို မောင်ဝင်းက အရမ်းချစ်သလို သူတို့ကလည်း မောင်ဝင်းအားချစ်ကြသည်။

သူတို့သူငယ်ချင်းလေးယောက်သည် ကျောင်းမှာကတည်းက သွားအတူ၊ လာအတူ၊ ကစားအတူ မခွဲဘဲ တတွဲတွဲရှိကြလေ၏။ အသီးသီး လုပ်ငန်းခွင်ဝင်ကြတော့လည်း ရတတ်သည့်အချိန်တိုင်းမှာ အမြဲတွဲ၏။

သူတို့လေးယောက်သည် ဇယ်တောက်ခုံကို အလွန်ဝါသနာထုံကြ၏။ မောင်ဝင်းတို့လမ်းထိပ်လက်ဖက်ရည်ဆိုင်တွင် ဇယ်တောက်ခုံရှိ၏။ ထိုဇယ်တောက်ခုံမှာ အချိန်ရတိုင်း ထိုင်ကစားကြ၏။ အလုပ်အားလပ်ရက်များဆို တစ်နေကုန်ထိုင်သည်။ ကျန်ရက်များမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ညဝိုင်းထိုင်ကြသည်။

သူတို့အုပ်စုဝင် မောင်ဝင်းက လက်ဖက်ရည်အလွန်ကြိုက်သည်။ ကျန်သူများက ကော်ဖီသမားများဖြစ်ကြသည်။ ဧယ်တောက်ထဲစားရင်း ကော်ဖီမှာသောက်ကြရာ၌ သူများက ကော်ဖီတစ်ခွက်သာသောက်သော်လည်း မောင်ဝင်းက လက်ဖက်ရည်နှစ်ခွက်သောက်ဖြစ်သည်။ မောင်ဝင်းကား လက်ဖက်ရည်ကို ဤမျှကြိုက်လေ၏။

တစ်ခါတစ်ရံတွင် သူတို့အုပ်စုသည် သန်လျင်မြို့၊ ပဲခူးစုရပ်တွက်အစွန်ရှိ စက်ကန်ခေါ် ရေကန်ကြီးတွင် ရေသွားကူးကြ၏။ သူတို့ထဲတွင် မောင်ဝင်းက ရေကူးအကျွမ်းကျင်ဆုံးဖြစ်သည်။

တစ်ရက်မှာတော့ သူတို့သူငယ်ချင်းတစ်သိုက်ခမျာ ကြမ္မာဆိုးနှင့်တိုးတော့သည်။ မောင်ဝင်းရေနစ်ခြင်းပင်ဖြစ်သည်။ သူ့ကို ရေနစ်လိမ့်မည်ဟု မည်သူမျှမထင်။ သူက ရေကူးအကျွမ်းကျင်ဆုံးမဟုတ်လား။

ဖြစ်ချိန်တန်၍လားတော့မသိ။ ထိုနေ့က မောင်ဝင်းသည် စက်ကန်ကို ဟိုဘက်သည်ဘက်ဖြတ်ကူးမည်ဆိုပြီး ကူးတော့သည်။ တား သော်လည်း မရ။ ကန်က ကျယ်သည်။ ရေက နက်သည်။ ရေလယ်မှာ တစ်စုံတစ်ရာဖြစ်သော် မည်သူမျှကယ်နိုင်လိမ့်မည်မဟုတ်။

မမျှော်လင့်ဘဲ မောင်ဝင်းတစ်ယောက် ရေလယ်မှာ ရေနစ်တော့သည်။ ခြေသလုံးကြွက်တက်သွားပုံရပြီး ဆက်မကူးနိုင်တော့ဘဲ ယက်ကန်ယက်ကန်နှင့် လက်ပြ၍ အကူအညီတောင်းပါသော်လည်း





ဘယ်ချိန်မရလိုက်။ ကူညီမည့်သူများရောက်လာချိန်၌ မောင်ဝင်းရေအောက်ရောက်နေပါပြီ။

ထိုနေ့က တစ်နေကုန် မောင်ဝင်းအလောင်းကို ရှာဖွေဆယ်ယူကြသူများနှင့်အတူ သူငယ်ချင်းတစ်သိုက်ရှိနေခဲ့ကြသည်။ ကူညီရှာဖွေကြသည်။ သန်းဝင်းလည်း ရေထဲဆင်းလိုက်၊ တက်လိုက်နှင့် လက်မှတစ်မတ်သားရှိရွှေလက်စွပ်မှာ ဘယ်ကျကျန်နေမှန်းမသိ။ ရေထဲကျနေခဲ့ဖို့ပဲများသည်။

ရှိစေတော့...။ လက်စွပ်ကို မနှမြောနိုင်။ ချစ်လှစွာသောသူငယ်ချင်းက အသက်ပင်စတေးခဲ့ပြီမဟုတ်လား။

▶▶ ◀◀

မောင်ဝင်း၏နာရေးကိစ္စအဝဝပြီးသည့်နောက် အေးကို၊ သန်းဝင်း၊ မြင့်အောင်တို့သုံးဦးသည် လက်ဖက်ရည်ဆိုင်ထိုင်သော်လည်း ထယ်ခုံကိုမကိုင်ကြတော့။ မကစားကြတော့။ ထိုင်နေကျဆိုင်တွင် လက်ဖက်ရည်သောက်တိုင်း မောင်ဝင်းကိုသတိရကြသည်။

တစ်ချိန်မှာတော့ သန်းဝင်းက ဘာစိတ်ကူးရသွားသည်မသိ။ သုံးယောက်သား ကော်ဖီသောက်နေရာမှ စားပွဲထိုးလေးအား လက်ဖက်ရည်တစ်ခွက်လှမ်းမှာ၏။

"ဟေ့ကောင်သန်းဝင်း...။ လက်ဖက်ရည်က ဘာလုပ်ဖို့တုံး"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဝင်းအတွက်လေကွာ"

သန်းဝင်းက ခပ်တည်တည်ပြော၏။ သန်းဝင်း၏အပြုအမူများကြောင့် သူငယ်ချင်းတစ်သိုက် မျက်မှောင်ကုပ်မိကြသည်။ အံ့သြနေပုံရသောသူငယ်ချင်းများကို သန်းဝင်းက ရှင်းပြ၏။

"ဒီလိုပါကွာ...။ ငါ မနေ့ညက မောင်ဝင်းကို အိပ်မက်မက်တယ်ကွ။ အိပ်မက်ထဲမှာ သူက ငါတို့ကိုသတိရကြောင်း၊ လွမ်းဆွတ်နေမိကြောင်း ပြောတယ်။ ငါတို့နားမှာပဲနေချင်ကြောင်း ပြောတယ်။ တို့နဲ့ သွားလာစားသောက် ကစားကြတာတွေပဲ သတိရနေသတဲ့။ သူ့ကို လက်ဖက်ရည်လေးဘာလေး တိုက်ပါဦးဆိုလို့ အခုမှသတိရပြီး လက်ဖက်ရည်တိုက်မလို့ကွာ"

"အင်း...ငါတို့သူငယ်ချင်းအဖြစ်ကလည်း သနားစရာပါကွာ။ သူ တို့ကို စွဲလမ်းသတိရနေတုန်းပဲနော်။ ဒါဆို တို့လက်ဖက်ရည်ဆိုင် ထိုင်တိုင်း သူ့စိတ်တွေ ဒီကိုရောက်နေနိုင်တယ်။ အေး...သူ့အတွက် လက်ဖက်ရည်တိုက်တာ ကောင်းပါတယ်။ မင်း ဘယ်လိုတိုက်မှာလဲ။ တို့ဝိုင်းထဲ ချတိုက်မှာလား"

အေးကိုကလည်း တွေးတွေးချင့်ချင့်ပြောလေ၏။ မြင့်အောင်ကမူ ဘာမှမပြောဘဲ ငြိမ်နားထောင်နေ၏။ သန်းဝင်းက ခေါင်းတညိတ်ညိတ်လုပ်ရင်း သူ့အစီအစဉ်ကိုပြောပြ၏။

"တို့တတွေ ညဘက်အမြဲထိုင်တဲ့ ဟိုအုတ်ခုံပေါ်မှာ သွားချထားပေးမှာပေါ့ကွာ"





မုံရည်များ လျှော့နေတတ်၏။

ရည်ခွက်အားပဲဖြစ်ဖြစ် သန်းဝင်းတို့ကျေနပ်နေကြသည်။ ရုတ်တရက်သားအုတ်ခုံနှင့် အချော်ဆုံးသူငယ်ချင်းနှင့် ယခုလိုဆက်သွယ်ခွင့်ရသည်များဖြစ်၏။ သနတွဖြစ်နေကြ၏။

နှတ်မှလည်း ဝသာ် သူတို့ပီတိများ ကြာကြာမခံ။ ပီတိများအစားပြီး...ခွက်ကိုထားခဲ့၍ မိမိစားပွဲသို့လှည့်ပြန်မျက်ဆန်ပြူး ဖြစ်ထားခဲ့သောအုတ်ခုံကို ဆိုင်ထဲမှလှမ်းမြင်နေရ၏။ အချိန်က မှောင်ကာယ်ပြီမို့ လက်ဖက်ရည်ခွက်ကိုတော့ မမြင်ရတော့။

"မင်း တိုးတိုးတိုးတိုးနဲ့ ဘာတွေပြောနေတာလဲ။ ခွက်လည်းလှမ်းကြည့်ထားဦး။ လူမ,သွားဦးမယ်"

မြင့်အောင်ဆီးမေး၏။ စိုးရိမ်ဟန်လည်းရှိ၏။ သန်းဝင်းကတော့ ခပ်အေးအေးပင်။

"သူငယ်ချင်းမောင်ဝင်းရေ...။ မင်းကြိုက်တဲ့လက်ဖက်ရည်ကွာ။ လာသောက်လှည့်ကွာလို့ ပြောနေတာပေါ့ကွ"

"အေးကွာ...။ မင်းပြောမှပဲ သူငယ်ချင်းကို သတိရလိုက်တာ။ ဒီအချိန်ဆို သူ ငါတို့နဲ့အတူ ထိုင်လက်ဖက်ရည်သောက်နေကျနော်"

အေးကိုကလည်း စိတ်မကောင်းဟန် ပြောပြန်၏။ ထို့နောက် သူငယ်ချင်းသုံးယောက်သား စကားမပြောဖြစ်ကြတော့ဘဲ တော်ဖီနှိုသာ ဆက်သောက်နေမိကြ၏။ ထိုစဉ် ဆိုင်နှင့်မလှမ်းမကမ်းဆီမှ ခွေးဆောင်သံများကြားရသဖြင့် တစ်ဦးမျက်နှာ တစ်ဦးကြည့်မိကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဝင်းအတွက်လေကွာ"

သန်းဝင်းက ခပ်တည်တည်ပြော၏။ သန်းဝင်း မှ ခွေးများ များကြောင့် သူငယ်ချင်းတစ်သိုက် မျက်မှောင်ကုပ်မိကြ၏။ နေဝုံရသောသူငယ်ချင်းများကို သန်းဝင်းက ရှင်းပြ ရည်ပန်းကန်

"ဒီလိုပါကွာ...။ ငါ မနေ့ညက မောင်ဝင်းကိုင်းတစ်ယောက် တယ်တွေ။ အိပ်မက်ထဲမှာ သူက ကိုသတိရကြောင်းပြောလေ၏။ နေမိကြောင်း သွား...။ ခွက်ထဲကလက်ဖက်ရည်တွေ မရှိတော့ တီ မောင်ဝင်းလာသောက်သွားပြီထင်တယ်။ ဝမ်းသာလိုက်တာ"

"ခွေးများသောက်သွားလားကွာ"

"ဟာ...ပန်းကန်က တို့ရှေ့က အုတ်ခုံပေါ်မှာ ထားတာ။ ပန်းကန်မမြင့်ရပေမယ့် အုတ်ခုံကြီးမြင့်နေရတာပဲဥစ္စာ။ ဘယ်ကခွေး လာလို့လဲ။ ဒါ...မောင်ဝင်းလာသောက်တာ ဖြစ်ရမယ်။ တို့ သူ့ကို နေ့တိုင်းလက်ဖက်ရည်တိုက်ရမယ်"

သူငယ်ချင်းတစ်သိုက် ဝမ်းသာအားရဖြစ်နေကြ၏။ ပျောက် ဆုံးနေသူကို ပြန်တွေ့ရသလို ဖြစ်နေကြ၏။ ကိုယ့်မျက်စိအောက်မှာ တင် တိမ်းပါးသွားခဲ့ရရှာသည့် သူငယ်ချင်းအား ယခုလို ပြန်ဆုံခွင့်၊ ကျွေးမွေးခွင့်ရသည့်အတွက် ဝမ်းသာနေကြ၏။

နောက်ရက်များတွင်လည်း မောင်ဝင်းအတွက် လက်ဖက်ရည် တစ်ခွက် အမြဲမှာတိုက်၏။ လက်ဖက်ရည်ခွက်ကို ချထားပေးပြီး စောင့် ကြည့်နေလျှင် အရာမယွင်းသဖြင့် မကြည့်ဘဲ ပစ်ထားလိုက်ကြတော့ ၏။ ကြာကြာလေးစကားပြောဆိုကြပြီးမှ သွားသိမ်းလျှင် ခွက်ထဲမှ





လက်ဖက်ရည်များ လျော့နေတတ်၏။

ဘာပဲဖြစ်ဖြစ် သန်းဝင်းတို့ကျေနပ်နေကြသည်။ ရုတ်တရက် ခွဲခွာသွားသော အချစ်ဆုံးသူငယ်ချင်းနှင့် ယခုလိုဆက်သွယ်ခွင့်ရသည် ဆိုတော့ ပီတိတွေဖြစ်နေကြ၏။

သို့သော် သူတို့ပီတိများ ကြာကြာမခံ။ ပီတိများအစား ကြောက်ရွံ့စိတ်တွေ ဖြစ်လာကြရသည်။ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ် လာကြရ၏။ အကြောင်းမှု သူတို့သူငယ်ချင်းမောင်ဝင်းသည် တကယ် ပဲ လက်ဖက်ရည်လာသောက်မသောက်တော့မသိ။ ခြောက်လှန့်သလို မျိုးများ လုပ်လာသည်။ တစ်ခါတစ်ရံ သူတို့ရှေ့သို့ ခဲများကျလာသည်။ သဲဖြင့်ပက်ခြင်းခံရသည်။

အစကတော့ မကြောက်ကြသေး။ တစ်ရက်တွင် သူတို့သုံးဦး သည် မကစားတာကြာပြီဖြစ်သော ဇယ်တောက်ခုံကို တောက်ဖို့ပြင် ကြသည်။ ထိုအချိန်တွင် မောင်ဝင်းဆုံးတာလည်း နှစ်လကျော်ခဲ့ပြီဖြစ် ၏။ သူတို့လည်း နည်းနည်းတော့ မေ့မေ့ပျောက်ပျောက်ဖြစ်နေကြ၏။ လက်ဖက်ရည်ပင် မတိုက်ဖြစ်ကြတော့။

သုံးယောက်သား လက်ဖက်ရည်သောက်ရင်း ဆိုင်ထဲမှာပဲ ဇယ်တောက်ကစားကြသည်။ ပထမတော့ ဘာမှထူးခြားမှုမဖြစ်။ တစ် အောင့်လောက်ကြာတော့ ခွေးများဟောင်လာ၏။ သုံးဦးသား အုံ့ဒ်ခုံ ဆီသို့ ပြိုင်တူကြည့်မိကြသည်။

"ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရှေ့သို့ ခဲတစ်လုံးကျလာ၏။ အားလုံး ခေါင်းနားပန်းကြီးသွားကြသည်။ မောင်ဝင်းရောက်လာလေပြီလားဟုတွေးတောရင်း ဖယ်ဆက်တောက်ဖြစ်ကြသည်။

ထူးလေစွ။ သန်းဝင်းတောက်သမျှ ဖယ်သီးများသည် မဝင်သင့်ဘဲနှင့် တွင်းထဲသို့အကုန်ဝင်၏။ အေးကိုနှင့်မြင့်အောင်တောက်လိုက်သည့် ဖယ်သီးများကတော့ တွင်းဝမှာရပ်ရပ်သွားသည်။ တွင်းဝမှာ တစ်စုံတစ်ရာခံနေသည်နှင့်တူ၏။ ဝင်သင့်သည့်ဖယ်များ မဝင်ဘဲ မဝင်ရမည့်ဖယ်များ ဝင်ကာ ပွဲပျက်ချင်ဖြစ်လာ၏။

“ဟော့ကောင်မောင်ဝင်း...မနှောက်နဲ့ကွာ”

အေးကို အတည်ပေါက်ဖြင့် ဟောက်လိုက်၏။ အသံက နည်းနည်းထန်သွားသည်။ ဤတွင် ပိုဆိုးတော့သည်။ ခုံပေါ်မှဖယ်များ ဧရှန်းသုန်းကားဖြစ်ကုန်ကြ၏။ ကြာတော့ သူတို့တတွေ သွေးပျက်လာကြ၏။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ထလစ်ကြတော့၏။

▶▶◀◀

ထိုအဖြစ်အပျက်များကို လူကြီးများသိသောအခါ သူတို့အား ဆူပူကြိမ်းမောင်းလေတော့၏။ ဘဝချင်းခြားနေပြီဖြစ်သော တမလွန်ဘုံသားများနှင့် ပတ်သက်ဆက်သွယ်ခြင်းမပြုအပ်ဟု ဆိုဆုံးမ၏။





“စိတ်ဆိုတာ စွဲလမ်းရာကို အစဉ်လိုက်တတ်တဲ့သဘောရှိတယ်။ မင်းတို့သူငယ်ချင်း မောင်ဝင်းဟာ သူငယ်ချင်းတွေချစ်ခင်စွဲလမ်းတာကြောင့် အဲဒီစိတ်ကြောင့် မင်းတို့နဲ့နီးနီးသွားလာနေတာဖြစ်လိမ့်မယ်။ စွဲလမ်းမှုကြောင့် မကျွတ်မလွတ်ဖြစ်နေရတာလည်းဖြစ်မယ်။ ဒါ့ကြောင့် သူ့အတွက် ကောင်းမှုတွေလုပ်ပြီး အမျှပေးဝေဖို့လိုလိမ့်မယ်”

သန်းဝင်း၏ဖခင် ပြောဆိုဆုံးမသည်များ နားထောင်ရင်း သူငယ်ချင်းတစ်သိုက်မှာ ကြက်သီးဖြန်းဖြန်းထမိကြလေ၏။ မောင်ဝင်း၏ သူတို့အပေါ် စွဲလမ်းစိတ်ကြီးမားပုံကိုလည်း ပြန်လည်တွေးရင်း စိတ်မကောင်းဖြစ်ကြရလေ၏။

“လူ့ဘဝမှာတုန်းက မိမိနဲ့ ဘယ်လိုပဲနီးစပ်သည်ဖြစ်စေ။ ဘဝချင်းခြားကြပြီဆိုရင်ဖြင့် ပတ်သက်ဆက်ဆံခြင်း မပြုရဘူးကွယ့်။ နှစ်ဖက်လုံးအတွက် အကျိုးမရှိပေဘူး။ သူတို့အတွက် လုပ်သင့်လုပ်ထိုက်တာကိုပဲ လုပ်ပေးသင့်တယ်”

သူတို့မိဘများက ဤသို့အသီးသီးပြောဆိုဆုံးမကြပြီးနောက် အစီအစဉ်တစ်ခုဆွဲလိုက်ကြ၏။ ထိုအစီအစဉ်ကား သူတို့သောက်နေ ရလက်ဖက်ရည်ဆိုင်ရှေ့ရှိ လမ်းထိပ်ကအုတ်ခုံမှာ ပရိတ်ရွတ်၍ အမျှ ပေးဝေရန်ဖြစ်၏။

အစီအစဉ်အတိုင်း ဘုန်းကြီးငါးပါးပင့်၍ ပရိတ်ရွတ်ကြ၏။ မောင်ဝင်းအား ပင့်ဖိတ်၍ အမျှပေးဝေကြသည်။ အမျှကို သာဓုခေါ်ကာ ကျွတ်လွတ်ကာ ကောင်းရာမွန်ရာဘုံဘဝသို့ ရောက်သွားစေရန်



www.burmeseclassic.com

www.burmeseclassic.com



ဆုမွန်ကောင်းများတောင်းကြ၏။

ကိစ္စအဝဝများပြီးသော် ပြီးပြီဟုထင်ကြ၏။ သုံးရက်ခန့်အထိ ဘာမှထူးမလာ။ မောင်ဝင်းကျူတ်လွတ်သွားပြီဟု ထင်ကြသည်။

ပရိတ်ရွတ်ပြီး ငါးရက်မြောက်နေ့မှာတော့ သန်းဝင်းအိပ်မက် မက်လေသည်။ အိပ်မက်ထဲတွင် မောင်ဝင်းက ငိုသံကြီးနှင့် သန်းဝင်း အား ဤသို့ပြောလေ၏။

"မင်းတို့ သိပ်ရက်စက်တယ်ကွာ။ ငါကတော့ မင်းတို့အပေါ် ချစ်ခင်စွဲလမ်းစိတ်နဲ့ မင်းတို့ရှိရာ လာလာနေခဲ့တယ်။ မင်းတို့ကလည်း ဖိတ်လို့ ငါလည်း သွားလို့လာလို့ရခဲ့တာ။ ငါလာမှန်းသိအောင်လည်း လုပ်ပြခဲ့တယ်။ ဒါကို မင်းတို့က ခြောက်လှန့်တယ်ထင်ပြီး ပရိတ်တွေ ရွတ်လို့ ငါပြေးခဲ့ရတယ်။ အခု ငါ မင်းတို့နဲ့ဝေးရာအရပ်ကို သွားရ တော့မယ်။ မင်းကို ငါ လက်ဆောင်လေးတစ်ခုပေးခဲ့မယ်။ ရေထဲကျ သွားတဲ့ မင်းရဲ့လက်စွပ်လေးကို စက်ကန်သောင်က အဝတ်လျှော်နေကြ တဲ့ကျောက်ဖျာနားမှာ လာရှာပါ။ မင်းကိုချစ်လွန်းလို့ ငါ နှုတ်ဆက် လက်ဆောင်အဖြစ် ပေးခဲ့တယ်မှတ်ပါ"

အိပ်မက်ထဲ မောင်ဝင်းသည် ငိုသံကြီးနှင့်ပြောရင်း သူ့ကိုကျော ခိုင်းသွားတော့၏။ တဖြည်းဖြည်း ဝေး၍ မှုန်ဝါးသွားသော မောင်ဝင်း ၏ပုံရိပ်ကိုကြည့်ရင်း သန်းဝင်းလန့်နိုးသွားသည်။ ဆက်မအိပ်သေးဘဲ အိပ်မက်ကိုစဉ်းစားရင်း အတွေးနယ်ချဲ့နေမိသည်။

"အိပ်မက်ထဲကကိစ္စ ဖြစ်နိုင်ပါ့မလား။ ငါ စိတ်စွဲပြီး မက်





နေတာများလား"

သန်းဝင်းသည် အတွေးများဖြင့် ဆက်မအိပ်နိုင်။ နံနက်ငါး နာရီသံချောင်းခေါက်သံကြားတော့မှ အရုဏ်ကျင်း၍ လင်းလုပြီဆိုတာ သိလိုက်၏။ ဆက်မအိပ်တော့ဘဲ ထ၍ မျက်နှာသစ်ကာ ဘုရားစင် ရှေ့မှာထိုင်လိုက်သည်။ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီးလျှင် မောင်ဝင်းအား အမျှဝေလိုက်သည်။ အမျှဝေနေသော သန်းဝင်း၏မျက်လုံးအိမ်မှာ တော့ မျက်ရည်စလေးများစို့နေသည်။

မောင်ဝင်းကိုလည်း သနားသည်လား၊ လွမ်းသည်လား သူ ခွဲခြားမသိ။ စိတ်ထဲမကောင်းတာတော့ အမှန်ပင်။ သူ့အပေါ် သံယော ဇဉ်ကြီးလှသော မောင်ဝင်းအား သတိရနေသည်မှာလည်း အမှန်။ ဘာပဲဖြစ်ဖြစ် အိပ်မက်ထဲမှာ မောင်ဝင်းပြောသည့်နေရာသို့ သွားကြည့် ရန်ဆုံးဖြတ်လိုက်သည်။

စောစောစီးစီး အိပ်ရာမှနိုး၍ ဘုရားစင်ရှေ့မှာ ပုတီးစိပ်နေ တာမြင်သော သန်းဝင်း၏ဖခင်ဦးကျော်စိန်က သားဖြစ်သူအား တအံ့ တသြမေးလေ၏။

"ဘယ်လိုဖြစ်ရတာလဲသား။ ထူးထူးခြားခြား"

အံ့သြစွာမေးလာသော ဖခင်အား သန်းဝင်းက ညကအိပ်မက် ကို ပြောပြလိုက်၏။

"ကျွန်တော် သွားပြီးရှာကြည့်ချင်တယ်အဖေ" ဟုလည်း ပြော ၏။ ဦးကျော်စိန်က မေးကိုပွတ်၍ စဉ်းစားရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ...။ ဒွားကြည့်တာ မမှားပါဘူး။ အဖေပါလိုက်ခဲ့မယ်"

နောက်တစ်ခေါက် သားအဖနှစ်ဦး အိမ်မှထွက်ခဲ့ကြသည်။ ဘယ်သူ့ကိုမှ ဘာမှမပြောခဲ့။ သန်းဝင်း၏ခြေလှမ်းများ သွက်နေ၏။ အနီးသားမှ သျှောက်ဖျာလေးကို လှမ်းမြင်ရတော့ ပိုရင်ခုန်လာသည်။ ကြောက်စိတ်လည်းအဖြစ်။ သူငယ်ချင်းမောင်ဝင်းကို သနားနေမိသေးသည်ပဲ။

ရောက်ပါပြီ။ သန်းဝင်းတို့သားအဖ ကျောက်ဖျာလေးနား ရောက်ပါပြီ။ သန်းဝင်းက ကျောက်ဖျာလေးအား ကမျှောသောပါးလှမ်းကြည့်လိုက်၏။

"အို...ဘုရား...ဘုရား...။ ကျောက်ဖျာ၏ထောင့်စွန်းက နွံပြင်ပေါ်မှာ သူ့လက်စွပ်လေးပါလား။ သန်းဝင်းက တုန်ရင်သောလက်ဖြင့် လက်စွပ်လေးကို ကောက်ယူလိုက်သည်။

"အဖေ...ဒီမှာ သားလက်စွပ်လေး"

သန်းဝင်းကောက်ယူပြလိုက်သည့် လက်စွပ်လေးကိုကြည့်ရင်း ဦးကျော်စိန်အံ့သြနေသည်။ သည်နေရာမှာ ကျွတ်ကျခဲ့သည်ဆိုတော့ ဦး။ အခုလို လွယ်လွယ်တွေ့ရဖို့မလွယ်။ နွံထဲမှာ နစ်နေရမလိုမို့မည်။ ဦးကျော်စိန်ပင် မတွေးတတ်တော့။

လောက၏နက်ရှိုင်းမှု၊ သံသယာဓာတ်၏နက်ရှိုင်းမှုများကို ဦးကျော်စိန်မြင်နေရလေပြီ။ ပြောမယုံ ကြုံဖူးမှသိရမည့် နက်နဲခြင်းတရား





များကို ကိုယ်တိုင်ကြုံရဖူးပြီမဟုတ်လား။

သန်းဝင်းတစ်ယောက် လက်စွပ်လေးကိုကိုင်ရင်း မျက်ရည်များလိမ့်ကျလာလေသည်။ ကြွအက်တုန်ရင်သောအသံဖြင့် "သူငယ်ချင်းရေ...အမျှ...အမျှ...အမျှ..." ဟု အမျှတွင်တွင်ပေးနေမိပါတော့သည်။

တမလွန်ရောက်သူငယ်ချင်းအတွက် အကျိုးသက်ရောက်စေသည့် ဒါနကောင်းမှုတစ်ခုခုလုပ်၍ သေချာကျနစွာ အမျှပေးဝေလိုက်ဦးမည်ဟုလည်း အားခဲလျက်၊

"အဖေ...သား မောင်ဝင်းအတွက် ဒါနတစ်ခုခုလုပ်ပြီး အမျှအေးဝေချင်သေးတယ်။ အဖေစီစဉ်ပေးပါနော်"

ဟု ဖခင်ကိုပြောလိုက်သည်။ ဖခင်ကလည်း သူ့လက်မောင်းကိုဆုပ်ကိုင်၍ ပြန်ကြရန်ခေါ်ရင်း လှိုက်လှဲစွာပင် ပြောလိုက်သည်ကား...

"သိပ်ကောင်းတဲ့အစီအစဉ်ပေါ့ သားရယ်"...တဲ့။ ။

မနုစာနိုဝင့်ဝင်း (၂၀၀၄၊ ဇူလိုင်လ)



www.burmeseclassic.com

www.burmeseclassic.com




# အသက်ဘေးနှင့်ပေးခဲ့ပြီ

"အစ်ကိုလေး...အစ်ကိုလေး"

"ဟာ...မောင်စိုး။ မိုးကြီးချုပ်မှ ဘယ်လိုဖြစ်လာရတာတုံး"

"ဟို...ဦးသံချောင်းအသည်းအသန်ဖြစ်နေလို့ အကြီးက ခေါ်ခိုင်းလိုက်တာ"

"ဟော...ဘယ်လိုဖြစ်ရတာလဲ။ အေး...အေး...အခုပဲ လိုက်ခဲ့မယ်"

အဲသေးစိတ် မေးမနေအား။ သံချောင်းအသည်းအသန်ဖြစ်ပြီဆို အရေးကြီးကြောင်း ကျွန်တော်သိသည်။ သံချောင်းကား ကျွန်တော့်သူငယ်ချင်းပါ။ မသန်မစွမ်း ဒုက္ခိတတစ်ယောက်ပါ။

သန်လျင်မြို့တွင် သံချောင်းကိုမသိသူ ခပ်ရှားရှား။ စကားပြောတတ်။ လိမ်ဖယ်ဖယ်နှင့် ခြေတစ်ရှုတ်ဆွဲ လမ်းလျှောက်သည်။ သွားရည်တမြားမြား ကျနေတတ်သည်။ သို့သော် အိမ်မကပ်။



www.burmeseclassic.com

www.burmeseclassic.com



သန်လျင်မြို့လယ်မှာ သူလျှောက်သွားနေတတ်သည်။ ကားသမားများ ဆိုက်ကားဆရာများသည် သူ့အပေါင်းအသင်းချည်းဖြစ်၏။ ကားဂိတ် ဆိုက်ကားဂိတ်များမှာ သူ့အနေများ၏။ ဆိုက်ကားပေါ်မှာ အတွေ့ရ သည်။ ညမိုးချုပ်လျှင် ဆိုက်ကားတစ်စီးစီးက သူ့ကိုအိမ်ပြန်ပို့ တတ်သည်။ သူပြန်လာလျှင် လက်ချည်းမလာ။ ခေါက်ဆွဲတစ်ထု (သို့မဟုတ်) လက်ဖက်ရည်တစ်ခွက်တော့ ပါလာတတ်သည်။ အထ ကို အမေ့ပေး၏။ အမေစားဖို့ ယူလာသည့်သဘော။ ဦးနှောက်မကော ဟုဆိုကြသော်လည်း ဒီလိုတော့ သူသိတတ်သည်။

သံချောင်းဘဝကား သနားစဖွယ်။ အရွယ်လည်းမဟုတ် အသက်သာကြီးသော်လည်း ကလေးတစ်ဦးလို ဖြစ်နေသည်။ သူခင် သော ဆိုက်ကားဆရာ၊ ကားဆရာများကိုမြင်လျှင် လက်ခုပ်တီး 'ဟေး'ဟုခေါ်တတ်သည်။ အခေါ်ခံရသူက သူ့ကို ငါးကျပ်၊ တစ်ဆ စသည်ဖြင့် ပေးသွားတတ်သည်။ ခါဆို သူပျော်၍ ရယ်မောသည် သူ့အိတ်မှာ ကျပ်တန်များဖြင့် အမြဲဖောင်းနေတတ်သည်။

အနီသံချောင်းကြောင့် စာရေးဆရာသန်လျင်မောင်မောင် နာမည်ရခဲ့သည်ဟုဆိုသော် လွန်အံ့မထင်။ သန်လျင်မောင်မောင် သည် ညီဖြစ်သူသံချောင်းအကြောင်းရေး၍ စာပေဆုရခဲ့၏။ ထို့ဝတ္ထု ဗီဒီယိုရိုက်ကူးခဲ့ရသည်။ သံချောင်းစရိုက်အတိုင်း ကျော်မင်းထွန်း သရုပ်ဆောင်သွား၏။ သန်လျင်မောင်မောင်ဦးကို အကျိုးပြုခဲ့သော ညီငယ်သံချောင်း ယခုနေမကောင်း။ မောင်မောင်ဦးလည်း ညီငယ်



မကောင်းတာကို မသိသေး။ မောင်မောင်ဦးက ရန်ကုန်မှာနေသည်။

အရေးအကြောင်းရှိ သန်လျင်မှာနေသည့် အစ်မကြီးဒေါ်စန်းရီ နှင့် အစ်ကိုကြီး ဖိုးစော(သန်လျင်)၊ ကျွန်တော်တို့ပဲ ပြေးလွှားပြုစုရ၏။ ယခု သံချောင်းအသည်းအသန်ဖြစ်နေသည်ဆိုပဲ။

ပူပန်စိတ်နှင့် သုတ်ခြေတင်ခဲ့သည်။ ဆယ်မိနစ်သာသာ လျှောက်ရုံနှင့် ရောက်၏။ သံချောင်းက အမေ့အိမ်မှာနေသည်။ အိမ် ထဲလှမ်းဝင်တော့ အစ်မကြီး၊ အစ်ကိုကြီးနှင့် ညီမများ စုံညီတွေ့ရ၏။ အားလုံး မျက်နှာမကောင်းကြ။

"ဖြစ်နေတာ ဒီနေ့ပါဆို သုံးရက်ရှိပြီ။ မသက်သာလို့ မင်းကို ခေါ်ခိုင်းလိုက်ရတာ"

အစ်မကြီးက ဆီးကြိုပြော၏။ သံချောင်းဖြစ်နေတာ ကျွန် တော်ပင်မသိ။ အလုပ်ပိနေ၍ အမေ့အိမ်ဘက်ညီးမရောက်ဖြစ်။ လာခေါ်မှ သိရတော့သည်။ ကားတစ်စီးနှင့် ဆေးရုံဆေးခန်းနှံ့ခဲ့ပြီ။ အခြေအနေ က ထူးမလာ။ ယခု အိမ်မှာ ဆရာဝန်ပင့်၍ ကုသနေ၏။ ယနေ့ပါဆို သုံးရက်ရှိလေပြီ။

အားလုံးကတော့ လက်မှိုင်ချနေကြပါပြီ။ ဆရာဝန်လည်း ဆေးထိုးပြီး ပြန်သွားပြီ။ ညလည်းနက်လာပြီမို့ လူစုကွဲစပြုပြီ။ အစ်ကို ကြီးကိုလည်း ပထမနေ့စ်ည အိပ်ပျက်ထား၍ ပြန်ခိုင်းလိုက်၏။ ယခုည ဂျူတီကား ကျွန်တော့်အလှည့်တည်း။ ကျွန်တော်နှင့်အတူ ညီမနှင့် ယောက်ဖ စောင့်ကြရမည်။ မြန်မာဆရာကြီးတစ်ဦးကလည်း သံချောင်း

www.burmeseclassic.com

www.burmeseclassic.com



အနားမှာ စောင့်နေဆဲ…။

သံချောင်းရောဂါက ဆန်းသည်။

အကြောများဆွဲ၍ တက်ခြင်းဖြစ်သည်။

တက်ပုံက ကြောက်စရာ။ အံကြိတ်၊ မေးကြောများထောင်၍ ခြေလက်ကောက်ကွေးကာ ဆန့်ငင်ဆန့်ငင်တက်သည်။မရပ်မနားတက်၏။ တက်လိုက်၊ ပြန်ကျလိုက်။ ပြန်ကျပြီး တစ်မိနစ်မပြည့်ခင် ပြန်တက်၏။ တစ်ချိန်တည်းမှာလည်း တစ်မိနစ်ခန့်သာကြာ၏။ ဆက်တိုက်ကြီးဆိုတော့လည်း မခံနိုင်။ သာမန်လူဆိုအကြောများပြတ်သွားနိုင်၏။

ကနဦးက မြန်မာဆရာမှ စုတ်နှင့်ပေါက်လိုက်လျှင် အတက်ကျ၏။ ခေတ္တ သက်သာသွား၏။

ယခု စုတ်လည်းမနိုင်တော့။

ဆရာလည်း လက်လျှော့၍ ထိုင်နေလေပြီ။

မည်သူမျှ စကားမပြောနိုင်။ သံချောင်း၏နောက်ဆုံးထွက်သက်ကိုသာ စောင့်နေကြရပြီ။ အမေသည် တရားရှိ၏။ သို့သော်-မျက်နှာမကောင်း။

"အမေအပေါ်တက်အိပ်လိုက်ဦး။ ကျွန်တော်စောင့်နေပါ့မယ်"

အမေ့ကိုချော့၍ အပေါ်ထပ်တက်အိပ်ခိုင်းလိုက်ရ၏။ အမေသည် သားကိုစိတ်မချသော်လည်း တရားနှင့်ဖြေ၍ အပေါ်တက်သွားသည်။ အမေအိပ်ပါစေ။

ဒီည သံချောင်းနားမှာ ကျွန်တော်စောင့်မည်။



သံချောင်းလက်ကိုကိုင်၍ ပရိတ်များ ရွတ်ဖတ်နေမိသည်။ အမေနာကြား၊ စိတ်ချမ်းသာစေရန် အသံမြှင့်၍ ရွတ်ရသည်။ ကျန်သူများလည်း အတွေးကိုယ်စီနှင့်…။

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော။
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဂစ္ဆထ တုမှေ ဘိက္ခဝေ ယထာဝိဟာရံ။

အထက်ပါသက်တော်မြဲဂါထာတော် **ကို** လည်း ကျွန်တော် မပြတ်ရွတ်ဆိုနေမိသည်။ ပရိတ်တော်များရွတ်ဖတ်ပြီးသည်နှင့် ယင်းဂါထာကို ရွတ်နေမိခြင်းဖြစ်သည်။ မည်မျှရွတ်သနည်းဆိုသော် ညဆယ်နာရီခန့်မှ နံနက်မိုးလင်းအထိပင်ဖြစ်၏။

နံနက်သုံးနာရီခန့်တွင် သံချောင်းအခြေအနေမကောင်း။ ဆက်တိုက်တက်နေတာ မကျတော့။ ကျွန်တော်လည်း အသက်ပါ

www.burmeseclassic.com

www.burmeseclassic.com



သွားတော့မည်ထင်၍ မျက်စိမှိတ်ပြီး ဂါထာကိုသာ ရွတ်နေမိ၏။ အသက်ထွက်သွားလည်း မနက်ကျမှ အမေ့ကိုအသိပေးတော့မည် ကြံထား၏။

ထိုသက်တော်မြဲဂါထာသည် အစွမ်းထက်လှ၍ မိမိအပေါ် မကောင်းကြံစည်သူများ ဒဏ်ခံရကြောင်း သိထားသဖြင့် တော်ရုံနှင့် ကျွန်တော်မရွတ်ဖြစ်ပါ။ မိမိအတွက်ရွတ်လျှင် သောတ္ထိမေ ဟောတု သဗ္ဗဒါ၊ တစ်ပါးသူအတွက် ရည်စူးရွတ်က 'တေ' ဟု ရွတ်ရသည်။ ဤဂါထာကိုရွတ်လျှင် သူတစ်ပါးအသက်အန္တရာယ်ပြုခြင်းမှ ကင်းဝေးစေ၏။ အသက်အန္တရာယ်မှ ကင်းစေ၏။

ယခု ထိုဂါထာကို ကျွန်တော်သည် ကျွန်တော့်ညီအတွက် ရွက်ဆိုနေပါပြီ။ ပြင်းပြင်းထန်ထန်ရွတ်နေခြင်းပါ။ ထူးလည်းထူး၏။ နံနက်သုံးနာရီခန့်က အသက်ပါလိမ့်မည်ဟု မျှော်လင့်နေသော်လည်း မသေခဲ့ပါ။ နံနက်ခုနစ်နာရီအထိ ဒီအတိုင်း။ အတက်ပင် နည်းနည်းဝေးသွားသလိုရှိ၏။

နံနက်လင်းတော့ မိသားစု စုံညီရောက်ရှိ တိုင်ပင်ကြသည်။ ဆေးရုံ၊ ဆေးခန်းလည်း စုံခဲ့ပြီ။ အားလုံးကလည်း မျှော်လင့်ချက်မဲ့ဟု ဖြေထားပြီးပြီ။ ဘာပဲဖြစ်ဖြစ် ညကအသက်ပါတော့မည်ဟု တွက်ဆထားရာမှ ယခု မနက်လင်းအထိ ကောင်းနေသေး၍ အားတက်ကြရသည်။ ဒီအခြေအနေတွင် နောက်ဆုံးကြိုးစားခြင်းအဖြစ် သန်လျင်မြေ ရှေ့ရှိ ဒေါက်တာသိန်းအောင်၏ 'အောင်'ဆေးခန်းသို့ ခေါ်သွားကြ



မည်။ ဆေးထိုးကြမည်။ အသက်ပါလျှင်တောင် သက်သာစေဦး၊ ညင်သာစေဦးပေါ့။

သံချောင်းကို မချီ၍ ကားပေါ်တင်ကြသည်။ အောင်ဆေးခန်းသို့ သွား၏။ သံချောင်းကို ဒေါက်တာသိန်းအောင်လည်း ကုပေးဖူး၍ သိနေ၏။ အကြောဆေးများ သွင်းပေးလိုက်သည်။ အိပ်သွားသည်။ အတက်ကျဲမည်။ တက်တာကို အချိန်မှတ်ထားပါဟု မှာလိုက်၏။ အိမ်ပြန်ရောက်တော့ သံချောင်းအိပ်ပျော်သွားသည်။ ညတိုင်းအိပ်မရနိုင်ဘဲ တက်နေတတ်သည်မို့ ယခု အိပ်သွားတော့ အားလုံးဝမ်းသာကြသည်။ ကျွန်တော်စောင့်သည့်တစ်ညလုံး သူ့ခမျာ အိပ်ရရှာဆေးစွ။ တက်နေသည်မှာ နားချိန်ပင်မရ။ ယခုတော့ ဟန်ကျလေပြီ။ နှစ်ခြိုက်စွာအိပ်ပျော်နေပါပြီကော။

နံနက်(၁၁)နာရီခန့်မှာ နိုးလာ၏။ အကြောမဆွဲ၊ မတက်တော့ပါချေ။ ကော်ဖီ၊ မုန့်များ သောက်စား၍ ထူထူထောင်ထောင်ဖြစ်လာသည်။ ဦးနှောက်နှင့်အာရုံကြောအထူးကုထံ ခေါ်သွားကြပြန်သည်။ ပြန်လာတော့ ရွှင်ရွှင်လန်းလန်း။ သောက်ဆေးများ ပေးလိုက်၏။ တစ်လခန့် ဆေးမှန်မှန်သောက်ရသည်။

၎င်းမှစ၍ သံချောင်း ယခုတိုင်မတက်တော့ပါ။ သုံးလေးနှစ်ခန့်ကြာခဲ့ပြီ သေပြီဟုတွက်ဆထားကြသော သံချောင်းသည် အသက်ဘေးမှ အံ့သြဖွယ်လွတ်ကင်းခဲ့၏။ သက်တော်မြဲဂါထာ၏ အစွမ်းကိုလည်း မျက်ဝါးထင်ထင်မို့ အစ်မကြီးနှင့်တစ်အိမ်သားလုံး အံ့သြနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤကား ကိုယ်တွေ့ဖြစ်စဉ်ဖြစ်ပါသည်။ မိမိတို့တွင် အသက်အန္တရာယ်ကြုံလာပါက ဖျောက်ဖတ်ပူဇော်နိုင်ကြပါသည်။ အမှန်ပင် အသက်အန္တရာယ်မှ ကာကွယ်ပေးပါလိမ့်မည်။

စာကြွင်း။ ။ သက်တော်မြဲဂါထာကို စာရွက်တွင်ရေးသား၍လည်းကောင်း၊ ပုံနှိပ်ထားသည့်ကတ်ပြားလေးများကို ရယူ၍လည်းကောင်း မိမိနေအိမ်ခေါင်းရင်း (သို့မဟုတ်) ဘုရားစင်မှာ ကပ်ထားပါ။ နေ့စဉ်ရွတ်ဖတ်ပါ။ ဂါထာ၏အဓိပ္ပာယ်မှာ ဘုရားရှင်တို့၏အသက်တော်ကို မည်သူတစ်စုံတစ်ဦးမျှ အန္တရာယ်မပြုနိုင်ကြောင်း၊ ဘုရားရှင်တို့၏အသက်သည် သူတစ်ပါးကြောင့် သေရရိုးမရှိ၊ မိမိအလိုလိုသာ ပရိနိဗ္ဗာန်ပြုရလေ့ရှိကြောင်း၊ ထိုမှန်သောသစ္စာစကားကြောင့် မိမိသော်လည်းကောင်း၊ သူတစ်ပါးသော်လည်းကောင်း ထိုထိုအလုံးစုံသော ကောင်းကျိုးတို့ကို ရရှိခံစားရပါစေသားဟူ၍ဖြစ်သည်။

နေ့စဉ် နံနက်တိုင်း မိမိအတွက် (၉) ခေါက်၊ အိမ်သားများအတွက် ရည်စူး၍ (၉) ခေါက်ရွတ်ဖတ်ပေးပါ။ ဘေးအန္တရာယ်များ ကင်းရှင်းပါလိမ့်မည်။ တစ်ခါက လေယာဉ်ပျက်ကျ၍ မသေသူတစ်ဦး၏ အိတ်ထဲမှာ ယင်းသက်တော်မြဲဂါထာကတ်ပြားလေးထည့်ထားကြောင်း သိရှိရပါသည်။

ဗုဒ္ဓဂုဏ်အင်ကို ယုံကြည်စွာ ပူဇော်ခြင်းဖြင့် အန္တရာယ်အပေါင်းမှ ကင်းဝေးနိုင်ကြပါစေ။ ။

မြင်ကွင်းစုံဂမ္ဘီရမဂ္ဂဇင်း (၂၀၀၀၊ မေ)

ဝိသုဒ္ဓာစာပေ




www.burmeseclassic.com

www.burmeseclassic.com

# နှင်းဆီနီဝိညာဉ်

**ဝတ္ထုရှင်ဒါန်း**

"ဆရာ့စာမူကို ဒီအတိုင်းမထားနဲ့ဆရာ။ ဂမ္ဘီရဝတ္ထုတစ်ပုဒ် ဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ အခုလို တိုက်ဆိုင်နေတာကပဲ ဂမ္ဘီရဖြစ်နေပြီမဟုတ်လား ဆရာရယ်"

ကျွန်ုပ်အားကြည့်ရင်း တွေးတွေးချင့်ချင့်ပြောပြနေသူကား စာရေးဆရာနောင်ဝင်းထွန်းဖြစ်လေ၏။ သူနှင့်ကျွန်ုပ်သည် စာပေဗိမာန်ရှေ့ 'လေအန်ကုန်း' မှာ ဆုံမိကြခြင်းဖြစ်ပေ၏။

ဆရာနောင်ဝင်းထွန်းနှင့် ကျွန်ုပ်တို့သည် စာနယ်ဇင်းစာမျက်နှာများပေါ်မှာ စာချင်းဆုံဖူးကြသော်လည်း လူချင်းတော့ ယခုမှကြုံကြိုက်ကာ ဆုံမိကြခြင်းပင်။ တစ်ချိန်က ကျွန်ုပ်သည် သန့်လျင်မောင်လွမ်းဇော်ဟူသောကလောင်အမည်ဖြင့် စာရေးနေစဉ်က သူ့ကလောင်အမည်မှာ နောင်ဝင်းထွန်း(မုံရွာ)ဟူ၍ဖြစ်၏။ ကျွန်ုပ်တို့နှစ်ဦးသည်





ကာလများစွာကပင် စာမျက်နှာများပေါ်၌ဆုံဖူး၍ သိနေကြသော်လည်း လူချင်းကား လုံးဝမဆုံဖြစ်ခဲ့ကြ၊ မသိခဲ့ကြချေ။

အဖြစ်ကတော့ နည်းနည်းထူးသလိုပင်။ ကျွန်ုပ်သည် စာလုံးဝမရေးဘဲ နှစ်နှစ်ကျော်နေခဲ့ရာမှ စာပြန်ရေးလိုစိတ်များဖြစ်၍ စာပြန်ရေး၏။ ရေးမယ့်ရေးတော့လည်း ဆက်တိုက်ရေး၏။ ကျွန်ုပ်ရေးသောဝတ္ထုများထဲတွင် ယခု 'နှင်းဆီနီဝိညာဉ်' သည်လည်း တစ်ပုဒ်ပါဝင်၏။ ရေးစဉ်ကတည်းက ဂမ္ဘီရမဂ္ဂဇင်းအတွက် ရည်ရွယ်ပြီးရေး၏။

ကျွန်ုပ် ဤဝတ္ထုကို ရေးပြီးကာမှ တစ်ရက်တွင် ဂမ္ဘီရမဂ္ဂဇင်းတစ်အုပ်ကိုဖတ်ဖြစ်၏။ ၂၀၀၃ ခုနှစ်၊ မတ်လထုတ်ဖြစ်၏။ ထိုအထဲမှာ ဆရာနောင်ဝင်းထွန်း၏ ဝတ္ထုတစ်ပုဒ်ကို မှတ်မှတ်ရရဖတ်မိလိုက်၏။ ကျွန်ုပ်ရေးပြီးသည့်ဝတ္ထုနှင့် တိုက်တိုက်ဆိုင်ဆိုင်လာတူနေတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်၏စာမူကို ဂမ္ဘီရမဂ္ဂဇင်းသို့ မပေးဘဲ ထားလိုက်တော့၏။ ဆရာနောင်ဝင်းထွန်းနှင့် ဆုံမိကြမှာလည်း ပြောပြလိုက်မိ၏။ ထိုအခါ ဆရာနောင်ဝင်းထွန်းက အထက်ပါအတိုင်း ပြောခြင်းဖြစ်၏။ သူပြောတာ ဘာတဲ့...။

တိုက်ဆိုင်နေတာကပဲ ဂမ္ဘီရတဲ့။

"အခုလို စာရေးဆရာနှစ်ယောက်ရဲ့ တူနေတဲ့ဝတ္ထုနှစ်ပုဒ်ကို မဂ္ဂဇင်းတစ်စောင်က တစ်ပြိုင်တည်းဖော်ပြခဲ့ဖူးသေးတယ်ဆရာရဲ့"ဟု ဆက်ပြောပါသေး၏။

သို့ဖြစ်၍ ကျွန်ုပ်လည်း ဂမ္ဘီရဆန်နေသော ဂမ္ဘီရဝတ္ထုတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



အား မူလကတည်းက ဂမ္ဘီရမဂ္ဂဇင်းသို့ ပေးပို့ရန် ဖြစ်သည့်အားလေ
စွာ ယူးပို့လိုက်ရပါတော့သတည်း။

ဂမ္ဘီရမဂ္ဂဇင်းကလည်း ထိုဝတ္ထုကို ဖော်ပြပေးခဲ့ပါ၏။

ထိုဖော်ပြခဲ့သော နှင်းဆီနီဝိညာဉ်၏ နိဒါန်းအစ ပထမစာမျ
နှာသည်ကား...

▶▶◀◀

<၁>

"ဟင်..."

ကျွန်ုပ်သည် အံ့သြခြင်းများစွာနှင့်အတူ ဆွဲလက်စပန်း
တားချပ်ပေါ်မှ လက်ကိုရုပ်လျက် ခေတ္တမျှငေးနေမိ၏။

ကျွန်ုပ်၏ရှေ့တူရူရှိ တောတောင်သဘာဝမြင်ကွင်းအတွင်း
ဆင်ဟပ်လာသည်က မိန်းမချောလေးတစ်ယောက်။

သူမသည် ဟာကယ်ပင် တောအုပ်အတွင်းမှ ထွက်လာခြ
ဖြစ်၏။ အသက်အားဖြင့် နှစ်ဆယ်ဝန်းကျင်ခန့်သာရှိဦးမည်။ သ
မိန်းကလေးသည် ကြွေရုပ်လေးတစ်ရုပ်နှယ် လှပပြေပြစ်လှ၏။

ကျွန်ုပ်သည် ရေးလက်စတောတောင်သဘာဝရှုခင်းအလှအ
များကို ဆက်မရေးနိုင်သေးဘဲ မိန်းမပျိုလေးအားငေးကြည့်နေမိတော့

သူမ...သူမ...။

လူမှ ဟုတ်ပါလေစ။ ဥစ္စာစောင့်ဆိုသည်များလား တွေးမိ





ဟုတ်တော့မဟုတ်နိုင်။ ဝတ်စားဆင်ယင်ထားသည်မှာ သာမန်လူသား
မိန်းကလေးတစ်ဦး၏ ပုံစံသာဖြစ်သည်။

ပိုးလုံချည်နီ၊ ပန်းနုရောင်အင်္ကျီထက်မှာ ဆွယ်တာနီလေးထပ်
ဝတ်ထားသည်။ ဘာမှလိမ်းခြယ်ထားခြင်းမရှိသော်လည်း ခေါင်းမှာ
တော့ နှင်းဆီပန်းနီနီတစ်ပွင့် ပန်ထားသည်။

အသားအရေက ဝင်းအိပြီး ကြွေရုပ်ကလေးတစ်ရုပ်နှယ် လှ
နေ၏။ ဆံပင်များမှာ ရှည်လျားနက်မှောင်၍ ခါးအောက်သို့ပင်ကျော်
နေ၏။ ဆံပင်များကို ပဝါနီဖြင့် လျော့လျဲလျဲလေး စည်းထားသည်မှာ
ကပိုကရို ဟန်မပိုဘဲ ကြည့်ကောင်းသလိုပင်ဖြစ်နေ၏။

မျက်နှာလေးက ကြည်လင်နေသော်လည်း သောကရိပ်လေး
များယှက်သန်းနေသလိုပင်။ ရွန်းကော့နေသောမျက်တောင်အောက်မှ
မျက်လုံးလေးများကတော့ တစ်စုံတစ်ရာကို လျှို့ဝှက်ထားဟန်ရှိနေ၏။
လှပသောမျက်လုံးလေးမှာ သောကရောင်များကြောင့် ခပ်မှိုင်းမှိုင်း
ဖြစ်နေ၏။ သို့သော် ဘယ်လိုကြည့်ကြည့် လှသည်သာ။

အလှပိုင်ရှင်လေး၏ ခြေလှမ်းများက ကျွန်ုပ်ဆီသို့ ဦးတည်
လာနေ၏။ ကျွန်ုပ်မှာလည်း မလှုပ်မရှား မှင်တက်ရင်းသာ သူမကို
ငေးကြည့်နေမိပါတော့သည်။

"ပန်းချီဆရာ ထင်ပါတယ်ရှင်"

သူမ၏အသံလေးက တိုးညင်းချိုသာလှ၏။ ကျွန်ုပ်က သူမ
ကိုစေ့စေ့ကြည့်ရင်း ခေါင်းညိတ်အဖြေပေးလိုက်သည်။ မျက်လုံးများက



www.burmeseclassic.com

www.burmeseclassic.com



မှ သူမကို အကဲခတ်ကြည့်ရှုနေမိဆဲ။ သူမက ရက်သွေးဖြာ ခေါင်းလေး ငုံ့သွားရင်း တိုးညင်းစွာပြောလာပြန်သည်။

"ကျွန်မကို ပုံတူပန်းချီကားတစ်ကားလောက် ဆွဲပေးပါလား ရှင်"

သူမ၏အသံက တောင်းပန်သံပါနေ၏။ ကျွန်ုပ်အား မျက်ဝန်းတောင်ကော့ကြီးများဖြင့် မော့ကြည့်နေ၏။

"ဘာကားဆွဲပေးရမှာတုံး"

ကျွန်ုပ်၏တုံ့ပြန်အမေးကြောင့် သူမအားတက်သွားဟန်ရှိသည်။ ကမျောသောပါးဖြင့် ပြန်ပြောလိုက်သည်က…

"ကျွန်မရဲ့ပုံတူပါရှင်"…တဲ့။

"ဟေ…"

ကျွန်ုပ် ပါးစပ်အဟောင်းသားဖြစ်သွား၏။ ရွာနှင့်မနီး တောကြီးတောင်နားမှာ ဘယ်ကမိန်းမပျိုလေးလာ၍ ဘာတွေပြောနေပါလိမ့်ဟု စူးစမ်းနေမိသည်။

"နေပါဦး…။ မင်းက ဘယ်ကလဲ။ ဒီရွာကတော့ မဟုတ်လောက်ပါဘူး"

"အရင်ကတော့ ဒီရွာကပါ။ အခုနေတာကတော့ ဒီတောကြီးရဲ့ဟိုမှာဘက်က နှင်းဆီမြိုင်မှာပါ"

"နှင်းဆီမြိုင်ဆိုတာ ရွာနာမည်လား။ ငါမကြားဖူးပါဘူး"

မိန်းမပျိုလေးက နှုတ်မှမဖြေ။ ပြုံးစစနှင့် ခေါင်းလေးတော ညိတ်ပြသည်။ ဘာသဘောပါလိမ့်။

ကျွန်ုပ်ရောက်နေသောအရပ်မှာ မန္တလေး–မိုးကုတ်ကားလမ်းဆုံးရှိ ဇရပ်ကွင်းရွာကြီးဖြစ်၍ စည်ကားလှသည်။ သည်အရပ်ဒေသသည် ကျွန်ုပ်နှင့်မစိမ်းလှ။ ယောက်ဖလုပ်သူက ရွှေလုပ်ငန်းလုပ်သဖြင့် သူ့ထံမကြာခဏရောက်သည်။ တောတောင်ရှုခင်းလှလှ ပန်းချီကားများ ရေးဆွဲရင်း ပျော်နေတတ်သည်။

ယခုလည်း အလည်ခရီးရောက်နေသည်မှာ နှစ်ရက်ရှိပြီ။ ကျွန်ုပ်၏ တစ်ကိုယ်တော်အေးဆေးစွာနေတတ်သောအကျင့်၊ ပန်းချီဆွဲနေရလျှင် ထမင်းမေ့ဟင်းမေ့ဖြစ်တတ်သောအကျင့်ကိုသိ၍ ရွာစွန်ခြံကျယ်ကြီးထဲမှာ ကျွန်ုပ်ကိုထားခဲ့၍ သူတို့လုပ်ငန်းခွင်သို့ သွားကြပြီ။

ခြံကျယ်တဲကြီးအတွင်းမှာ ကျွန်ုပ်တစ်ဦးတည်းကျန်ခဲ့သည်။ စားရေးသောက်ရေးလည်း စီစဉ်သွားကြပြီ။ ကျွန်ုပ်တစ်နေကုန် တွေးရင်း၊ ပန်းချီဆွဲခွင့် ရလေ၏။

သူတို့တတွေသည် အမြဲလို မိုးချုပ်ဂါနီးမှ ပြန်ရောက်တတ်ကြ၏။

ယခုကြည့်…။

ရွာစွန်က တောစပ်မှာ ကျွန်ုပ်တစ်ယောက်တည်း ရေးသားပန်းချီကားမှမပြီးခင် မိန်းမပျိုလေးက ရောက်လာသည်။ သူ့ကို ပုံတူဆွဲပေးပါဆိုပါလား။

ကျွန်ုပ်သည် သူမအား တစ်ကိုယ်လုံးသိမ်းကျုံးကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိ၏။

မဆို…။

ပုံတူဆွဲလိုက်ရလျှင် လှပကျော့ရှင်းစွဲမက်စရာကောင်းသော ပုံတစ်ပုံဖြစ်လာနိုင်၏။ သူမအား ပုံတူဆွဲရန် ကျွန်ုပ်စိတ်ဝင်စားသွားသည်။

"အေး…ဆွဲပေးမယ်။ မင်းမှာ ဓာတ်ပုံရှိလား"

ဆွဲပေးမယ်ဆိုတော့ မျက်နှာလေးဝင်းလက်သွားသည်။ ဓာတ်ပုံဆိုတော့ မျက်မှောင်ကုပ်ကာ…

"ဟင့်အင်း…ဓာတ်ပုံမရှိပါဘူး"

"ရော်…ခက်ပြီ။ ဓာတ်ပုံမရှိရင် မင်းကိုယ်ဟန်ပြပေးရမှာ။ ဖြစ်ပါ့မလား"

"ဖြစ်…ဖြစ်အောင် ကျွန်မလုပ်ပေးပါ့မယ်။ ဘယ်တော့ဆွဲပေးမှာလဲဟင်။ အမြန်ဆုံးတော့ ဆွဲပေးပါရှင်"

"အေး…မနက်ဖြန်ပဲ စဆွဲပေးမယ်။ မနက်ဖြန်မနက်ပိုင်း မင်း ဒီနေရာကိုပဲ လာခဲ့လေ"

"ကျေး…ကျေးဇူးတင်လိုက်တာရှင်။ ဒါထက် ကျွန်မကို တဆိတ်လောက်တော့ ကူညီပါရှင်"

သူမသည် ဝမ်းသာအယ်လဲသံဖြင့် ကျွန်ုပ်အားကျေးဇူးတင်ကြောင်းပြောပြီး ကူညီဖို့လည်း ဆိုနေပြန်၏။ သူမ၏ အပြစ်ကင်းစင်သော ဟန်မူရာကိုကြည့်၍ ကျွန်ုပ်လည်း ကူညီရန်ဆုံးဖြတ်လိုက်တော့၏။





"ကိုင်း…ဆိုစမ်းပါဦး။ ဘာကူညီရဦးမှာလဲ"

"တို…ကျွန်မကို ပုံတူဆွဲပေးရမယ့်အကြောင်း၊ ကျွန်မနဲ့တွေ့ဖွဲ့အကြောင်း ဘယ်သူကိုမှ မပြောဖို့ပါပဲ"

"အေး…အေး…ဒါလောက်တော့ ဖြစ်ပါတယ်။ မင်းသာ နက်ဖြန်မနက် ဆက်ဆက်လာခဲ့။ ဟုတ်လား"

သူမက ခေါင်းလေးကို အခါခါညိတ်လျက် ကျေးဇူးတင်ကြောင်း တဖွဖွပြောကာ နှုတ်ဆက်၍ လာရာလမ်းသို့ပြန်သွားသည်။ သူမဦးတည်ရာသည် တောအုပ်အတွင်းဖြစ်နေ၍ ကျွန်ုပ်စဉ်းစားရခက်နေ၏။

သူမပြောသည့် 'နှင်းဆီမြိုင်' ဆိုတာ ရွာနာမည်လား။ သည်နယ်တစ်ဝိုက်မှာ သည်နာမည်ဖြင့် ရွာရှိသည်ဟု ကျွန်ုပ်မကြားဖူး။

သို့ဆိုလျှင် နှင်းဆီမြိုင်သည် ဘာလဲ။

သည်မေးခွန်းကို ခုနကတည်းက သူမ မဖြေခဲ့။ ယခုမေးချင်ပြီတော့လည်း သူမမှာ တောစပ်အတွင်း ဝင်ရောက်ပျောက်ကွယ်သွားသပြီ။

▶▶◀◀

<၂>

ကျွန်ုပ် တစ်ညလုံး အိပ်မပျော်ပါ။ မြန်မြန်မိုးလင်းစေချင်မိသည်။ မနေ့ကကိစ္စကိုလည်း မည်သူ့ကိုမျှမပြောခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော မိန်းကလေးနှင့် ပတ်သက်၍ တွေးနေမိသည်။ သူရောက်လာပုံမှာ ထူးဆန်းနေ၏။ မနက်မိုးလင်းလျှင် သူ တကယ် ရောက်လာမည်လား။ တကယ်ပုံတူဆွဲခံမည်လား။ ဘာ့ကြောင့် သူ့ကို ကို လူမသိစေချင်ရသနည်း။

သေချာစဉ်းစားကြည့်တော့လည်း သူမအကြောင်းကို ဘာ ရေရေရာရာမသိရသေး။ လူလော၊ နတ်လော၊ ဥစ္စာစောင့်လေလော တွေးမိ၏။ နေဝင်ရီတရောတောထဲ တစ်ဦးတည်းဝင်ရောက်သွားသည့် သတ္တိမှာ မသေးလှ။

ဘာပဲဖြစ်ဖြစ် မနက်ကျ အကြောင်းစုံသိရတော့မည်မို့ ကြိုး စား၍ အိပ်လိုက်သည်။ မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွား၏။

"ကိုဇော်...နိုးပြီလား။ ကောက်ညှင်းပေါင်းနဲ့ ဆတ်သား ခြောက်ဖုတ်ထားခဲ့တယ်။ ထမင်းဟင်းကတော့ ထုံးစံအတိုင်း အိုး မှာ ချက်ထားခဲ့ပြီ။ နူးခပ်စားပေတော့။ ကိုင်း...တို့အလုပ်သွားကြတော့ မယ်။ အေးအေးဆေးဆေး ပန်းချီဆွဲနေခဲ့တော့။ ဟုတ်လား"

ယောက်ဖဖြစ်သူကိုညီညီက ကျွန်ုပ်အတွက် လိုလေသေးမရှိ စီစဉ်ပေးခဲ့၏။ သူတို့ထွက်သွားသည်နှင့် ကျွန်ုပ်လည်း လူးလဲထကာ စားသောက်ပြီး ပန်းချီဆွဲရန် ပစ္စည်းစုံယူ၍ အိမ်တွင်းမှထွက်ခဲ့တော့၏။

ကျွန်ုပ်၏ခြေလှမ်းများကား မနေ့ကသွားခဲ့သည့် ရွာစွန်တော စပ်ဆီသို့...။

ယနေ့အဖို့ ကျွန်ုပ်အတွက် တောတောင်မြင်ကွင်းအလှ



သည် ပိုမိုသစ်လွင်တောက်ပနေ၏။ အကြောင်းမှု စိမ်းညို့ညို့တော တောင်မြင်ကွင်းများကို နောက်ခံပြုလျက် ရဲရဲနီသောအလှပိုင်ရှင်လေး က ရောက်နှင့်နေ၍တည်း။

သူမက ကျွန်ုပ်လာသည်ကိုမြင်တော့ သစ်မြစ်ပေါ်ထိုင်နေရာ မှ ထလာ၏။ သူမအသွင်မှာ လန်းဆန်းတက်ကြွနေဟန်ရှိသည်။ အားတက်သရောဖြစ်နေသည့်ဟန်။

"ဆရာ...လာမှလာပါ့မလားလို့"

"ကတိပေးပြီးသားပဲကွယ်။ ဆရာကလည်း ပန်းချီဆွဲရမယ်ဆို ထမင်းမေ့ဟင်းမေ့လူစားမျိုးပါ"

"ဆရာ...ကျွန်မရဲ့ပုံတူက ဒီနေ့ပြီးမှာလားဟင်"

"အင်း...ဒါကတော့ ပြောရခက်တယ်။ မနက်ဖြန်ကူးချင် လည်း ကူးသွားမယ်။ အနုပညာပစ္စည်းတော်လုပ်တယ်ဆိုတာ အချိန် ကန့်သတ်လို့ မရကောင်းဘူးကွယ်"

ကျွန်ုပ်၏စကားကို သူမ ဘာမျှတုံ့ပြန်မပြောပါ။ ခေါင်းလေး ငုံ့၍သာ နားထောင်နေရှာသည်။ ယခုမှ သူမကိုသေချာကြည့်မိသည်။ ပုံတူအဆွဲခံရန် ရောက်လာသော်လည်း ဘာမှပြင်ဆင်မလာ။ အဝတ် အစားကလည်း မနေ့ကအတိုင်းပင်ဖြစ်သည်။ မိတ်ကပ်မတို့ထားပေ မယ့် ပါးနှစ်ဖက်ကတော့ ပန်းနုရောင်ပြေးနေသည်။

နီတျာတျာနှုတ်ခမ်းကလေးက ဆေးစပ်ရခက်ဦးမည်။ သွား ကလေးများမှာတော့ ပုလဲလုံးများချစီသလို စီပေးလိုက်လျှင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ခက်သည်က ဆွယ်တာအနီရဲရဲပင်။ လုံချည်နီ၊ ဆွယ်တာနီဆိုတော့ ကျွန်ုပ်ဆေးစပ်ဖို့ သိပ်မကြိုက်ချင်။

"မင်းရဲ့ဆွယ်တာကို ချွတ်ထားပါလား"

"ဟင့်အင်း…ဒီအတိုင်းပဲ ဆွဲချင်တယ်။ ဆွဲပေးပါနော်ဆရာ"

"အေး…အေး…ရပါတယ်။ ကဲ…ဒီနားက လဲနေတဲ့သစ်ပင်ပေါ်မှာပဲ ထိုင်ကွာ။ တစောင်းလေးထိုင်ပြီး ဆရာ့ဘက်ကိုကြည့်။ ပြုံးပြုံးလေးကြည့်"

သူမက အဆင်ပြေအောင် သရုပ်ဆောင်ပေး၏။ ဟန်ပန်ကတော့ မဆိုးလှ။

"ဟော့…ဟော့…မင်းခေါင်းက နှင်းဆီပန်းနီကြီးကလည်း ကြီးလှတယ်။ အရောင်တွေရောနေပြီ။ ဖယ်လိုက်ပါလား"

"မလုပ်ပါနဲ့ဆရာ။ ဒါ ကျွန်မရဲ့သင်္ကေတပါ။ ဒီအတိုင်းသာဆွဲပေးပါ ဆရာရယ်နော်"

ပြော၍ရမည်မဟုတ်မှန်းသိ၍ ကျွန်ုပ်ဆက်မပြောတော့။ ပုံတူဆွဲဖို့သာ ပြင်ဆင်နေမိသည်။

လုပ်ငန်းထဲမှာ နစ်မျောသွားသဖြင့် အချိန်အတော်လင့်သွားသည်ကို သတိမထားမိ။ နာရီကိုကြည့်မိတော့ ဆယ့်တစ်နာရီခွဲနေပြီ။

"ဆရာ…ထမင်းမစားသေးဘူးလား"

"ဟင့်အင်း…"

"ဆရာဆာနေမှာပေါ့"





"မဆာဘူး။ မနက်က တော်တော်လေးဝအောင် စားလာခဲ့တယ်။ ပြီးအောင်ဆွဲမယ်။ ပြုံး…ဒီဘက်လှည့်။ ဟုတ်ပြီ။ မင်းထိုင်နိုင်သေးတယ်မဟုတ်လား"

သူမခေါင်းညိတ်ပြ၏။ ဆက်လက်၍ ကိုယ်ဟန်ပြပေးနေရှာသည်။ ကျွန်ုပ်၏လက်များ သွက်နေ၏။ သည်တစ်ခါ ပုံတူဆွဲရသည်မှာ လက်တွေ့လှသည်။ သူမကိုကြည့်လိုက်၊ ဆေးချက်သွင်းလိုက်နှင့် ကျွန်ုပ်ရှုပ်ယှက်ခတ်နေပြီ။

အို…သူမ၏ မျက်တောင်ကော့ကြီးများအောက်မှ တောက်ပသည့်မျက်လုံးအစုံက ကျွန်ုပ်အားစူးစိုက်ကြည့်နေပါလား။

သူမ၏အကြည့်ကတစ်မျိုး။ ယုံကြည်ခြင်း၊ အားကိုးခြင်းများလည်း ပါနေ၏။ အခြားသောပြဿနာများလည်း ပါနေဟန်ရှိ၏။ သူ့မျက်လုံးအိမ်သည် တစ်စုံတစ်ရာကိုလှို့ဝှက်ထားကြောင်း ဖော်ပြနေသကဲ့သို့ရှိ၏။

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်သိပ်မတွေးအား။ သူမပုံလှလှလေးပြီးဖို့သာ စိတ်စောနေမိသည်။ ဆွဲလို့လည်း ကောင်းလှပါ၏။ စုတ်ချက်များကလည်း သွက်နေဆဲ။

နေအတော်စောင်းလာတော့ သူမစိတ်လှုပ်ရှားလာဟန်ရှိသည်။ ရိုးတိုးရွတွ ဖြစ်လာသည်။

"ဆရာ…ကျွန်မပြန်ပါရစေတော့"

သူမအသံက တောင်းပန်သံပါနေသည်။ အချိန်က အတော်



www.burmeseclassic.com

www.burmeseclassic.com



လင့်နေပြီပဲ။ ကျွန်ုပ်ခေါင်းညိတ်ပြလိုက်၏။

ပန်းချီကားကလည်း ပြီးလုပြီးခင်။ နေကလည်း ဝင်လုဝင်ခင်။ ပန်းချီကားက မနက်ဖြန်မနက်ပိုင်း ဆက်ကိုင်လိုက်လျှင် ပြီးပြီ။

သူမက မပြီးသေးသောပန်းချီကားကို ကြည့်ပြီး သဘောကျ ဟန်ဖြင့် "သိပ်လှတာပဲ" ဟု ပြောရှာ၏။

"မနက်ဖြန်မနက်တော့ အပြီးသတ်မယ်။ မနက်ကျ လာခဲ့ဦးပေါ့"

"ဟုတ်ကဲ့ရှင်"

ခေါင်းလေးညိတ်၍ အသာလေးပြန်ပြောတော့သည်။ တော စပ်အတွင်း ဝင်ရောက်ပျောက်ကွယ်သွားသော သူမကိုကြည့်၍ သက် ပြင်းချမိသည်။

သူမအား သည်နေ့လည်း ဘာမှမမေးဖြစ်လိုက်။ စုတ်ချက် များမှာ ရှာန်ဝင်သွားသည်မို့ အရာရာကို မေ့လျော့သွားခဲ့သည်။

ကိစ္စမရှိ။ မနက်ဖြန် တွေ့ကြဦးမည်ပဲ။

▶▶◀◀

(၃)

သည်တစ်ခါတော့ ကျွန်ုပ်က အရင်ရောက်နေ၏။ သူမက နေတော်တော်မြင့်မှ ရောက်လာခဲ့သည်။ ပြောင်းလဲမှု မရှိ။ ယခင် အဝတ်အစားအတိုင်းပင်။





သည်အခြေအနေမှာတော့ သူမကအဝတ်အစားပြောင်းချင်ဦး တော့။ ကျွန်ုပ်က ခွင့်မပြုနိုင်။ အပြီးသတ်လှ ပန်းချီကားအတွက် အပြောင်းအလွဲလုပ်၍မရ။

သူမကို ရှေးနည်းအတိုင်းထိုင်ခိုင်းပြီး လုပ်ငန်းစတော့သည်။ ကျွန်ုပ်အာရုံများက ဆေးချက်များ၌သာ။

မွန်းလွဲပိုင်းလောက်ရောက်မှပင် ပုံတူကားမှာ အပြီးသတ်ဖြစ် လေ၏။ ပြီးပြီဆိုတော့ မပြေးရုံတစ်မယ်ထလာပြီး ပန်းချီကားကို အာ သာငမ်းငမ်းကြည့်သည်။

"ဆရာသိပ်တော်တာပဲ။ ပုံလေးက ကြွပြီး လှနေရုံမက သိပ် လည်းတူတာပဲ။ သူတို့တော့ သိပ်ဝမ်းသာကြမှာပဲ"

သူမ၏နောက်ဆုံးစကားကြောင့် ကျွန်ုပ်မျက်မှောင်ကုပ်မိ၏။ သူမဘာကိုဆိုလိုသည်ကို သိလို၍လည်း စပ်စုရတော့၏။

"ကလေးမ...ဒီပန်းချီကားက မင်းပုံလေ။ မင်းယူမှာ မဟုတ် ဘူးလား။ သူတို့ဆိုတာ ဘယ်သူတွေကိုရည်ညွှန်းတာလဲ။ သူတို့ ဘာ ကြောင့် ဝမ်းသာရမှာလဲ"

"ဒီလိုပါရှင်။ သူတို့ဆိုတာ ကျွန်မရဲ့မိဘမောင်ဖွားများကို ပြောတာပါ။ ဒီပုံက သူတို့အတွက် ဆွဲခိုင်းရတာပါ။ ကျွန်မအတွက် မဟုတ်ပါဘူး။ ကျွန်မကို ကူညီလက်စနဲ့ ဒီပုံကို ကျွန်မရဲ့မိဘများထံ ပို့ပေးပါလားရှင်။ ဆရာ့ရဲ့ပုံတူဆွဲခလည်း ထိုက်ထိုက်တန်တန် ရပါ စေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ခေါင်းယမ်းပြလိုက်မိသည်။ ဘာတွေဖြစ်နေမှန်း မသိ၍လည်း ခေါင်းယမ်းမိခြင်းဖြစ်နိုင်သည်။

"မင်းကို စေတနာနဲ့ ဆွဲပေးတာ။ အခကြေးငွေ မလိုပါဘူး။ အဲ...မင်းအတွက်မဟုတ်ဘဲ မင်းမိဘမောင်ဖွားများအတွက်ဆိုတာတော့ ငါနားမလည်နိုင်ဘူး။ နောက်ပြီး ဒီပန်းချီကားကြီးကို ငါက ဘယ်သွားပို့ပေးရဦးမှာတုံး။ မင်းပဲယူသွားပြီး ပေးလိုက်ပေါ့"

"တောင်းပန်ပါရစေဆရာ။ ကျွန်မသွားလို့ မဖြစ်လို့ပါ။ ဆရာသွားပို့ရမှာလည်း ဝေးဝေးမဟုတ်ပါဘူး။ ဆရာရောက်နေတဲ့ ရွာထဲတင်ပါ"

သူမက တောင်းတောင်းပန်ပန်နှင့် ပြောနေ၏။ သူ့မိဘအမည်များနှင့်တကွ နေရာကိုပါ ပြောပြနေသည်။

"ပို့ပေးပါဆရာရယ်။ ဟိုရောက်တော့ ဆရာနားလည်ပါလိမ့်မယ်။ ကျွန်မနဲ့တွေ့ခဲ့တယ်ဆိုတာလည်း ပြောပြလိုက်ပါ။ ဆရာ့ကိုအားလည်းကိုး၊ လေးလည်းလေးစားပါတယ်။ ဆရာ့ကို ကန်တော့ပါရစေ"

ပြောပြောဆိုဆို ထိုင်ကန်တော့နေရှာသော သူမကို ကျွန်ုပ်မှင်တက်စွာကြည့်နေမိသည်။ သူမက လက်ကိုင်ပဝါနီလေးကို ဖြန့်ခင်းပြီး တစ်စုံတစ်ရာကိုတင်လိုက်သည်။ ပြီး... ခေါင်းမှနှင်းဆီပန်းနီနီကိုဖြုတ်၍ လက်ကိုင်ပဝါပေါ် တင်လိုက်ပြန်သည်။

"လက်ကိုင်ပဝါထဲက ပတ္တမြားလက်စွပ်က ဆရာ့အတွက်ပါ။





နှင်းဆီပန်းနဲ့ လက်ကိုင်ပဝါလေးကတော့ ပန်းချီကားနဲ့အတူ မိဘများကို ပေးဖို့ပါ"

ကျွန်ုပ်က သူမကို တစ်စုံတစ်ရာမေးရန် ဟန်ပြင်လိုက်သည်။ သူမက လက်ကလေးကာပြပြီး...

"ဆရာ ကျွန်မကို ဘာမှထပ်မမေးပါနဲ့နော်။ ဆရာ့ကို သိပ်ကျေးဇူးတင်ပါတယ်။ ဟိုရောက်ရင် ဆရာသိချင်တာတွေအားလုံး သိရမှာပါ။ ဆက်ဆက်သွားပို့ပါ ဆရာရယ်နော်"

သူမက တောင်းပန်းတိုးလျှိုးရင်း ကန်တော့နေရှာမှထ၍ နောက်ဆုတ်နောက်ဆုတ်နှင့် ပြန်သည်။ လက်အုပ်လေးချီထားတာတော့ မဖြုတ်သေး။

ကျွန်ုပ်လည်း ဘာမှပြန်မပြောနိုင်။ ငိုင်နေမိသည်။ သူမကိုလည်း သနားနေမိသည်။ သိချင်တာတွေ မေးမည်ကြံကာမှ ဘာမှမမေးပါနှင့် တောင်းပန်နေသဖြင့် နှုတ်ဆွံ့နေမိတော့သည်။

ပျောက်ကွယ်လုနေလုံးနှင့်အတူ သူမလည်း တောစပ်သို့ဝင်ရောက်ပျောက်ကွယ်သွားခဲ့ပြီ။

ကျွန်ုပ်မှာတော့ ငိုင်နေမိဆဲ။ ပန်းချီကားထဲမှ သူမကတော့ ကျွန်ုပ်အား ပြုံးပြုံးလေးကြည့်လျက်ရှိနေပါ၏။

မြက်ခင်းထက်မှာတော့ ပဝါနီနီ၊ ဝန်းနီနီနှင့် ပတ္တမြားကျောက်နီလက်စွပ်လေးတစ်ကွင်း ငြိမ်သက်စွာ ကျန်ရစ်သည်။

▶▶◀◀



www.burmeseclassic.com

www.burmeseclassic.com



## ⋞၄⋟

မပြောပါနှင့်ဆိုပေမယ့် အခြေအနေအရ မပြော၍မဖြစ်တော့။ ယောက်ဖဖြစ်သူကို ပြောပြရတော့၏။ ကျွန်ုပ်ပြောပြသည်များကို မယုံကြည်ကြဘဲ နောက်နေသည်ဟု ထင်နေကြ၏။

ကျွန်ုပ်က ရေးဆွဲထားသောပုံတူပန်းချီကားကို ထုတ်ပြလိုက်တော့မှ သူတို့တတွေ 'ဟာ...ဟင်'ဖြစ်ကုန်ကြ၏။

ရွာခံဖြစ်သူ ဦးနိုင်ဝင်းက ကျွန်ုပ်အား ထိတ်လန့်တကြားမေးသည်။

"မင်း...မင်း...သူ့ကိုတွေ့လိုက်လို့လား"

"တွေ့လို့ပဲ ပုံတူတောင် ဆွဲခဲ့မှဟာ"

"သူ...ဘယ်ကိုပြန်သွားလဲ"

"တောထဲပြန်ဝင်သွားတာပဲ။ နှင်းဆီမြိုင်မှာနေတယ်လို့ ပြောတယ်။ နှင်းဆီမြိုင်ရွာ ရှိလို့လား"

ကျွန်ုပ်အမေးကို မည်သူမှပြန်မဖြေကြ။ တစ်ဦးမျက်နှာတစ်ဦး ကြည့်နေကြသည်။ ကျွန်ုပ်ထုတ်ပြထားသည့် လက်ကိုင်ပဝါ၊ ပန်းချီနှင့် ပတ္တမြားလက်စွပ်လေးကိုလည်း တအံ့တသြကြည့်နေကြသည်။

အသက်အကြီးဆုံးဖြစ်သည့် ရွာသူကြီးဟောင်းဦးရွှေတင်က မေးတစ်ချက်ပွတ်ရင်း ဤသို့ဆိုလေ၏။

"အင်း...ဒီပုံတူပန်းချီကားနဲ့ ပစ္စည်းတွေကို သူ့မိဘများထံ ပေးဖို့ တာဝန်ရှိပြီမို့ ပို့ပေးလိုက်ကြပါ။ သိပ်မဝေးပါဘူး။ ရွာလယ်တင်ပါ။ ပန်းချီဆရာလည်း သိပ်တွေးမနေပါနဲ့။ ကျုပ်တို့ကိုလည်း ဘာမှ မေးမနေနဲ့။ သိချင်တယ်မဟုတ်လား။ လိုက်ခဲ့။ သွားကြစို့ရယ်"

ဦးရွှေတင်ဦးဆောင်၍ ရွာလယ်သို့ ထွက်ခဲ့ကြ၏။ ရွာလယ်ရှိ ခြံကျယ်ကျယ်အိမ်ကြီးရှေ့ရောက်တော့ ဦးရွှေတင်ကပဲ ဦးဆောင်ဝင်သွားသည်။

အိမ်ပေါ်မှာတော့ အသက်ခြောက်ဆယ်ခန့်လူကြီးတစ်ဦးနှင့် မိန်းမကြီးတစ်ဦးကို တွေ့ရသည်။ ဦးရွှေတင်က နှုတ်ဆက်စကားဆိုရင်း "သားလေးတွေရော"ဟု မေးလိုက်၏။

"ရှိပါတယ်"ဟုဆိုရာ "ရှိရင် ခေါ်ဗျာ။ အရေးကြောင်းထူးရှိတယ်"ဟု ပြောသဖြင့် အိမ်ရှင်မိန်းမကြီးက...

"သမီးနဲ့သားတို့ ခဏလာကြပါဦးကွယ်"

ဟု နောက်ဖေးဘက်သို့ လှမ်းခေါ်လိုက်၏။ အိမ်တွင်းမှ အသက်သုံးဆယ့်ငါးနှစ်ခန့် အမျိုးသမီးတစ်ဦးနှင့် အသက်သုံးဆယ်ခန့် အသက်ရွယ်တူ လူပျိုတစ်ဦး ထွက်လာကြလေရာ သူတို့ကိုကြည့်၍ ကျွန်ုပ်အံ့အားသင့်နေမိလေတော့၏။

အကြောင်းမှု သူတို့နှစ်ဦး၏ မျက်နှာပေါက်များသည် ပုံတူပန်းချီကားထဲမှ မိန်းကလေးနှင့် တစ်ထေရာတည်းတူနေသောကြောင့် ဖြစ်သည်။

သူတို့ကိုကြည့်၍လည်း မောင်နှမများဟု ခန့်မှန်းနိုင်လေသည်။

www.burmeseclassic.com



ဦးရွှေတင်က ထိုမိသားစုနှင့် ကျွန်ုပ်အား မိတ်ဆက်ပေးလေ၏။ ညွှန့်သည် ပန်းချီဆရာတစ်ဦးဖြစ်ကြောင်းနှင့်အတူ ဖြစ်ကြောင်း ကုန်စင်ပြောပြလေတော့၏။

ပထမတော့ သူတို့ မယုံသလိုဖြစ်နေကြ၏။ ကျွန်ုပ်က ပုံတူပန်းချီကားချပ်ကြီးကို ပြလိုက်တော့မှ အားလုံးအံ့အားသင့်သွားတော့သည်။ လက်ကိုင်ပဝါနီနီနှင့် ပန်းနီနီကိုမြင်တော့ အမျိုးသမီးကြီးထဲ စ၍ငိုသည်။

တစ်အိမ်သားလုံး ငိုကြသည်။ ကျွန်ုပ်မှာမူ နားမလည်နိုင်အောင် ဖြစ်နေရ၏။

ဘာတွေများ ဖြစ်နေကြပြီလဲ။ ကျွန်ုပ်သည်းမခံနိုင်တော့။ ဦးရွှေတင်ကို အတင်းပင်မေးလိုက်မိတော့သည်။

"ကျွန်တော်တော့ ဘာမှနားမလည်နိုင်တော့ဘူးဗျာ။ ရှင်းပြကြပါဦး"

ဦးရွှေတင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကျွန်ုပ်အား အောက်ပါအတိုင်းရှင်းပြလေတော့၏။

"အင်း…အံ့သြစရာပါပဲ ပန်းချီဆရာရယ်။ ပန်းချီဆရာ ပုံတူဆွဲပေးခဲ့တဲ့မိန်းကလေးဟာ ဒီက ဦးလှိုင်ထွေး၊ ဒေါ်သီတို့ရဲ့ သမီးတွေးပါပဲ။ သူတို့ရဲ့ ညီမလေးပေါ့"

"ဟုတ်ပါတယ်ရှင်။ နှင်းဆီပန်းသိပ်ကြိုက်လွန်းလို့တောင် မနှင်းဆီလို့ နာမည်ပေးထားခဲ့တာပါ။ အခုတော့…အဟင့်…အဟင့်"





အစ်မဆိုသူကလည်း ဝင်ပြောရင်း ဝမ်းနည်းပက်လက်ငိုနေ၏။ တစ်မိသားစုလုံး ဝမ်းနည်းပမ်းနည်းငိုပွဲဆင်နေကြသဖြင့် ကျွန်ုပ်ဝင် ဘာမှ ပြောကြားနိုင်စွမ်းမရှိကြပြီဖြစ်ရကား ဦးရွှေတင်ကဝင်ကာ ရှင်းပြလေ၏။

"ကလေးမလေးက ကံဆိုးရှာပါတယ် ပန်းချီဆရာရယ်။ ဆမာသူ့အဓမ္မသမားတွေရဲ့လက်ချက်နဲ့ တောထဲမှာပဲ ဆုံးသွားခဲ့ရပါတယ်"

ဗျာ…ကလေးမလေး ဆုံးသွားတယ်။ ဘယ်တုန်းကလဲဗျာ။ နေ့ကပဲ ပုံတူအပြီးသတ်ဆွဲပေးခဲ့ရသေးတာပဲဟာ"

"ဟုတ်ပါတယ်ဆရာ။ သမီးလေးဆုံးသွားတာ ဒီနေ့ဆို နှစ်နှစ်ပြည့်တင်းပြည့်တဲ့နေ့ပါပဲဗျာ"

ဖခင်ဖြစ်သူဦးလှိုင်ထွေးကိုယ်တိုင် ဝင်ပြောတော့မှ ကျွန်ုပ်မှာ ဆပ်အဟောင်းသားဖြစ်လျက် ခေါင်းနားပန်းများ ကြီးသွားသကဲ့သို့ ထင်မိလေတော့၏။

လောကကြီး၏ဆန်းကြယ်မှုများကို ကျွန်ုပ်ကြားဖူး၏။ ဖတ်၏။ ကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ ကြုံရလိမ့်မည်ဟု မတွေးခဲ့ဖူးပါချေ။


ယနေ့ လောက၏ဆန်းကြယ်မှုများကို ကိုယ်တိုင်ကြုံတွေ့ရတော့လည်း…။ ။

ဝန္တိရာဝွင်း (၂၀၀၄ ဇူလိုင်)



www.burmeseclassic.com

www.burmeseclassic.com






## တစ္ဆေငတေ

တစ်နေ့တွင် ကျွန်ုပ်သည် ရန်ကုန်မှ မန္တလေးသို့ ရထားဖြင့် ီးသွားခိုက် ဦးလူမော်ဆိုသူနှင့် တွေ့ဆုံဖြစ်လေ၏။ ဦးလူမော်မှာ ယက်(၆၀)ကျော်ခန့်ရှိသည်။ အထက်အညာဒေသမှဖြစ်၍ ရန်ကုန် ားသမီးများထံ လာရောက်လည်ပတ်ပြီး အပြန်ခရီး ရထားစီးစဉ် ုပ်နှင့်သားချင်းကပ်ခုံနံပါတ်တွင် နေရာရလေ၏။

ခရီးသွားဖော်ချင်း စကားစမြည်ပြောကြရာမှ ဦးလူမော်သည် ုပ်အား စာရေးဆရာမှန်းသိသွားသဖြင့် "ေ ျချင်ရေးဖို့ ဖြစ်ရပ်ဆန်း းတစ်ခုပြောပြမယ်"ဟု အစချီကာ သူတို့အရပ်၌ ဖြစ်ပျက်ခဲ့သော ရပ်ဆန်းဇာတ်လမ်းတစ်ပုဒ်ကို စိတ်ဝင်စားဖွယ်ပြောပြလေတော့၏။

သူပြောပြသည်မှာကား 'ငတေ'မည်သော တစ္ဆေဖြစ်နေသူ ဦးအကြောင်းဖြစ်၍ လွန်စွာသံဝေဂရဖွယ်လည်းဖြစ်၍ ဆက်လေ ားတင်ပြပါရန် ကတိပင်တောင်းနေသေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှမော်ပြောပြသော တစ္ဆေငတေအကြောင်းမှာ လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် ကျွန်ုပ်လည်း မှတ်စုစာအုပ်တွင် ရေးမှတ်ကာ ရန်ကုန်ပြန်ရောက်လျှင် ဆက်ဆက်ရေးသားမည်ဖြစ် ကြောင်း ကတိပြုခဲ့လေ၏။

ကျွန်ုပ်သည် ရန်ကုန်ပြန်ရောက်သော်လည်း ထိုအကြောင်းကို တော်တော်နှင့် မရေးဖြစ်ပါ။ မရေးဖြစ်ရသည်မှာလည်း 'မြင်ကွင်း ဂမ္ဘီရ'ရသဂျာနယ်/ မဂ္ဂဇင်းကို တာဝန်ခံအယ်ဒီတာအဖြစ် စီစဉ်ဆောင် ရွက်ထုတ်ဝေရန် စိုင်းပြင်းနေရ၍ဖြစ်ပေ၏။

မိမိမဂ္ဂဇင်းအတွက် စာမူစုဆောင်းရင်း 'တစ္ဆေငတေ'ကိုလည်း ထည့်သွင်းဖော်ပြလိုစိတ်များ တဖွားဖွားဖြစ်ပေါ်လျက်ရှိလေ၏။ ဆ ပင် ရှိမင်ငြားလည်း စာမူများစီစစ်စီစဉ်နေရသဖြင့် အချိန်မပေးနိုင်ဘဲ နေရာမှ မောင်ဖုန်းဆိုသည့် တာပည့်လိုဖြစ်နေသည့်စာရေးဆရာပေါက် နှင့် တွေ့ဆုံသည်တွင် တစ္ဆေငတေဇာတ်လမ်းကို ပြောပြမိလေ၏။

မောင်ဖုန်းက "ဆရာ...ကျွန်တော်ရေးမယ်။ ဆရာ့မဂ္ဂဇင်းမှာ ထည့်ပေး"ဟု ပြောလေသောအခါ ကျွန်ုပ်မှာ ဖိုးကျိုင်းတုတ်ဖြစ်ရလေ တော့၏။ ကိုယ့်မဂ္ဂဇင်းတွင် ကိုယ့်ကလောင်နာမည်နှင့် မရေးလိုသည် ကလည်းတစ်ကြောင်း၊ တကယ်လည်းမအားလပ်သည်ကတစ်ကြောင်း တို့ကြောင့် မောင်ဖုန်းအား "အေး...မင်းပဲရေးခဲ့။ ရေးဆို ချက်ချင်းရေး ခဲ့ကွာ"ဟု ပြောရင်း မှတ်စုထဲမှဇာတ်လမ်းများ ပြောပြလိုက်လေ တော့၏။ နောက်သုံးရက်ခန့်ကြာသောအခါ မောင်ဖုန်းသည် စာမူကို





ကျွန်ုပ်ထံလာပေး၍ တည်းဖြတ်ခိုင်းလေ၏။

ကျွန်ုပ်လည်း ကျွန်ုပ်ကိုယ်စား မောင်ဖုန်းရေးသားလာသည့် တစ္ဆေငတေဇာတ်လမ်းအား လိုအပ်သလိုတည်းဖြတ်ပြုပြင်ဖြည့်စွက်ရေး သား၍ မြင်ကွင်းဂမ္ဘီရရသဂျာနယ်၌ ဖော်ပြလိုက်ရပေတော့သည်။

▶▶ ◀◀

တကယ်တော့ ငတေဆိုတာ ကျုပ်သူငယ်ချင်းပါ။ ကျုပ်နဲ့ဆို သောက်ဖော်စားဖက်ဆိုပါတော့။ သောက်သောက်စားစား လူ့ရမ်းကား ဆိုသလို သောက်ပြီး မူးရမ်းတတ်ကြတာမို့ တစ်ရွာလုံးက အော့ကြော လန်ကြတယ်လေ။

အမှန် သူ့နာမည်ရင်းက ခင်ရွှေပါ။ တေလွန်း၊ ပေလွန်းလို့ သူ့ကို အများက 'ငတေ'လို့ ခေါ်ကြတာပါ။ သူကလည်း ဒီနာမည်ခေါ် တာ ကြိုက်သလိုပါပဲ။ ကျုပ်နဲ့သူနဲ့က စိတ်တူကိုယ်တူဆိုတော့ သိပ် ခင်ကြပါတယ်။ လုပ်ငန်းချင်း၊ ဝါသနာချင်းကလည်း တူတယ်လေ။

ကျုပ်တို့နှစ်ယောက်လုံးဟာ မျောက်သေလို့ ဝင်စားတာများ လားပဲ။ သစ်ပင်တက်တာတော့ ဘာကျွမ်းသလဲမမေးနဲ့။ အုန်းပင်၊ ထန်းပင် ကြိုက်တဲ့အပင်လာခဲ့။ မျောက်လေးတစ်ကောင်လို တက်ပြ ပါလိမ့်မယ်။ ကျုပ်တို့ ဘယ်လိုပဲသောက်စားတယ်ဆိုပေမယ့် ရွာမှာ သာရေးနာရေး၊ မီးရေးထင်းရေးရှိရင်တော့ လက်မနှေးပါဘူး။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သလောက် ကျွမ်းကျင်တဲ့ဘက်က ကူညီလိုက်ကြတာပါပဲ။ ဒီအတွက်ကတော့ အရက်တစ်လုံးလောက်ပေးလိုက်ရင် ဖြစ်ပါတယ်။

"ကျုပ်...ကျုပ်...ပြောရင်း စိတ်မကောင်းဖြစ်နေတယ်ဗျား ဒီကောင် ငတေကို သတိရလွန်းလို့ပါ။ ငတေ...ငတေ...ငတေလား။ သူ လူပြည်မှာ မရှိတော့ဘူးလေဗျာ။ သူသေပြီလေ။ သူသေတာ တစ်နှစ်တောင်ပြည့်လုပြီပဲ။

သူသေရတာလည်း မပြောချင်ပါဘူးဗျာ။ ဖျံရေနစ်တယ်ပဲ ပြောရမလား။ ထန်းပင်ပေါ်က ပြုတ်ကျတာဗျ။ ငတေကလည်း ငတေပဲ။ ညကြီးအချိန်မတော် ထန်းပင်ပေါ်တက်သတဲ့။ ထန်းရည်ခိုးသောက်တာလေ။ သူပြုတ်ကျတာ ဘယ်သူမှမသိလိုက်ကြဘူး။ ဘုန်းခနဲ အသံကြီး ကြားမှ ထွက်ကြည့်ကြတာ အသက်တောင်မမီပါဘူး။ မျက်လုံးကြီးပြူးပြီး ပက်လက်ကြီးအသက်ပျောက်နေတော့တာပါပဲ။

ကျုပ်လည်း သိသိချင်း အပြေးအလွှားသွားကြည့်ပါတယ်။ သူ့အလောင်းကိုမြင်တော့ ရင်ထဲက မကောင်းလိုက်တာ။ အသိတရားတွေလည်း ဝင်လာတယ်။ မကောင်းမှုအကုသိုလ်ဆိုတာ မကောင်းကျိုးပေးတတ်ပါလားရယ်လို့...။

ဆက်ပြောရရင် ငတေရဲ့အကုသိုလ်အရိပ်မည်းက ဆိုးကျိုးဆက်ပေးတယ် ဆိုရမလားပဲ။ ငတေသေပြီးနောက် ငတေတစ္ဆေဖြစ်ပြီး ခြောက်တယ်...ခြောက်တယ်နဲ့ ရွာထဲမှာပြောနေကြတယ်။ သူလိမ့်ကျခဲ့တဲ့ ထန်းပင်ကြီးနားလည်း လူတွေမသွားဝံ့ကြတော့ဘူး။ ငတေ





ခြောက်တယ်တဲ့လေဗျာ။

ကျုပ်တော့ လုံးဝမယုံဘူး။ ငတေတစ္ဆေဖြစ်တယ်ဆိုတာလည်းမယုံဘူး။ တစ္ဆေကိုမယုံတာ မဟုတ်ဘူးနော်။ (၃၁)ဘုံမှာ ပြိတ္တာ၊ တစ္ဆေ၊ သရဲဆိုတာ ရှိတယ်ရယ်လို့ ဘုရားဟောထားကြောင်း ကျုပ်သိတယ်လေ။ ဟဲ..ဟဲ...သိပ်လည်း အထင်ကြီးမသွားကြပါနဲ့ဦး။ ဒါကို ရွာဦးကျောင်းက ဘုန်းကြီးဟောထားလို့ ကျုပ်သိထားတာပါ။

သူ့ဘုံ၊ သူ့သဘာဝနဲ့ သူ့ဟာသူရှိတာ။ ကျုပ်နဲ့မဆိုင်ပါဘူး။ အဲ...ငတေသေတာနဲ့ တစ္ဆေဖြစ်တယ်ဆိုတာကိုသာ ကျုပ်ဘဝင်မကျတာ။ သေတိုင်း တစ္ဆေဖြစ်ရမှာတဲ့လား။

ဒါပေမဲ့...

ငတေတစ္ဆေဖြစ်တာ မယုံပါဘူးဆိုတဲ့ ကျုပ်ကိုယ်တိုင်ပဲ ယုံကြည်ရတော့မလိုလို ဖြစ်ခဲ့ရတော့တယ်ဗျို့။

▶▶◀◀

"ဟော့ကောင် ခင်လတ်...။ မင်းအရက်ဖြတ်ထားတယ်ဆို...။ အခု ဘယ်လဲ"

"ဟဲ...ဟဲ...ဖြတ်တော့ဖြတ်ကြည့်တာပဲ။ မပြတ်တပြတ်ဖြစ်နေလို့ ထန်းတောဘက်သွားမလားလို့"

"မင်းလည်းကွာ...ကိုယ့်ရေ့မှာတင် တောတော သင်ခန်းစာပေး

www.burmeseclassic.com

www.burmeseclassic.com



သွားပြီတော့”

“နည်းနည်းလောက်ပါ ဘကြီးချစ်ရာ”

ကျုပ်လည်း ဘကြီးချစ်ကို ပြုံးဖြဲဖြဲလုပ်ပြပြီး သူ့အပါးက ခပ်သုတ်သုတ်လေးထွက်ခဲ့မိတယ်။ ဘကြီးချစ်ကတော့ ကျုပ်ကျော ပြင်ကြီးကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်နဲ့ကျန်ခဲ့မယ်ဆိုတာ မြင်ယောင် ပါသေး။

“ဟေ့ကောင်ခင်လတ်…။ မင်း ပြောမရလို့ မင်းဟာမင်း သောက်ချင်သောက်။ ငတေသေတဲ့ ထန်းပင်နားတော့ မသွားနဲ့။ မင်း ကို တစ္ဆေဖြစ်နေတဲ့ငတေက ခြောက်[illegible]င်မှာမယ်”

ဘကြီးချစ်က အဲဒီလိုလှမ်းပြောလို့ ကျုပ်ဟက်ခနဲရယ်မိပါ သေးတယ်။ ကျုပ်လား…တစ္ဆေကြောက်မယ့်လူ။ ငတေသာ တစ္ဆေဖြစ် နေရိုးမှန်ရင် ပိုမကြောက်သေး။ ငတေက ကိုယ့်မိတ်ဆွေလေ။

ကျုပ်ဖြင့် ငတေသေခဲ့တဲ့ ထန်းပင်အောက်မှာ ထန်းရည်ထိုင် သောက်ခဲ့ပေါင်းများပါပြီ။ တစ်ခါမှ အခြောက်မခံရပေါင်။ လူတွေက ပိုတာလို့ပဲ ထင်မိပါတယ်။ လူသေတာနဲ့ တစ္ဆေဖြစ်တယ်ဆိုတဲ့အစွဲကို စွဲနေကြတာပဲလို့ ကျုပ်မြင်နေမိတယ်။ ငတေသာ တကယ်တစ္ဆေဖြစ်နေ ရိုးမှန်ရင် ကျုပ်ကို တစ်နည်းနည်းနဲ့ အသိပေးနှုတ်ဆက်လိမ့်မယ်လို့ လည်း ယုံကြည်နေမိတယ်။ သူနဲ့ကျုပ်က သောက်ဖော်တွေပဲဟာ။ သူသေသွားရတာတောင် ထန်းရည်ခိုးသောက်ရင်းနဲ့ဥစ္စာကို…။

“ဟေ့…ဖိုးထိန်။ ငါ့ကို တစ်မြူပေးကွာ”



ရွာပြင်ထန်းတောရောက်တော့ ဖိုးထိန်ဆီက ထန်းရည်တစ် မြူယူလိုက်တယ်။ ဖိုးထိန်က ထန်းရည်တစ်မြူ ကမ်းပေးတယ်။ သောက်ဖို့ ပလတ်စတစ်ခွက်တစ်လုံးလည်း ပေးတယ်။

“ဟေ့…ခွက်နှစ်လုံးပေးကွာ”

“ဟာ…အစ်ကိုတစ်ယောက်တည်းဟာကို”

“ငါ…အဖော်နဲ့သောက်မှာပါကွ။ ခွက်နှစ်လုံးသာ ပေးစမ်း ပေး”

ကျုပ်ရဲ့စကားကြောင့် ဖိုးထိန်အံ့သြနေတယ်။ တောင်တောင် အီအီကြည့်ပြီး ကျုပ်နဲ့အတူ သောက်မယ့်သူကို အရိပ်အယောင်တောင် မမြင်တာမို့ ကျုပ်ကို မျက်မှောင်ကုပ်ပြီးမေးတယ်။

“အစ်ကို…ဘယ်သူနဲ့ သောက်မှာလဲ။ ဘယ်သူမှလည်း မပါ ဘဲနဲ့”

“ငါ…ငတေနဲ့သောက်မှာလေ။ ဒီနေ့ ငတေ့ကို ထန်းရည် တိုက်မလို့”

ကျုပ်စကားကြောင့် ဖိုးထိန်လန့်ဖျပ်သွားတယ်။ ကျုပ်ကို လည်း တောင်းပန်တယ်။

“မပြောကောင်း၊ မလုပ်ကောင်းတာတွေ မလုပ်ပါနဲ့အစ်ကို ရယ်။ ငတေတစ္ဆေဖြစ်ပြီး ခြောက်တယ်ဆိုတာလည်း အစ်ကိုလည်းသိ သားနဲ့”

“ထွီ…ဘယ်ကလာ ငတေတစ္ဆေဖြစ်ရမှာလဲ။ လူတွေက အတဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုပါလွန်းတယ်။ ငဝေတာစ္ဆေဖြစ်တော့ကော ငါက သူ့ကိုကြောက်ရမှာလား။ သူကကော ငါ့ကိုခြောက်မှာတဲ့လား။ စမ်းတောင်စမ်းလိုက်ချင်ပါသေး။ ကဲပါကွာ...ခွက်နှစ်လုံးသာ ပေးစမ်းပါ"

ကျုပ် ဖွတ်တောင်းလို့ ဖိုးထိန်လက်လျှော့ပြီး ခွက်နှစ်လုံးပေးတယ်။ စိုးရိမ်သံနဲ့လည်း သတိပေးသေးဘယ်။

"အစ်ကို...ငဝေသေတဲ့အပင်နားတော့ သွားမသောက်နဲ့နော်" တဲ့။

ရယ်ချင်လိုက်တာ။ သိပ်ကြောက်တတ်တာပဲ။ တစ်ခါလာလည်းတစ္ဆေ၊ တစ်ခါလာလည်း သရဲ။ မြင်ဖူးကြလားဆို မြင်ဖူးတဲ့သူကခပ်ရှားရှား။ ကြောက်တတ်လိုက်ကြတာ လွန်ပါရော။ ကျုပ်ကတော့ မကြောက်ပေါင်။ ကိုယ့်ထက်ကံနိမ့်လို့ သေပြီး တစ္ဆေဖြစ်နေတဲ့ဟာကို များ ကြောက်စရာတဲ့လား။ ကြောက်ချင်ကြောက် သူတို့က ကိုယ့်ကြောက်ရမှာ။

"ကဲ...ငဝေရေ။ မင်းကို တစ္ဆေဖြစ်နေတယ်လို့ ပြောနေကြတယ်ကွာ။ တစ္ဆေဖြစ်နေတာမှန်ရင်လည်း ငါနဲ့အတူလာသောက်ကွာ။ ရော့...မင်းအတွက်တစ်ခွက်"

ကျုပ်လည်း မူးမူးရူးရူးနဲ့ ပြောချင်ရာပြောပြီး ငဝေအတွက် ထန်းရည်တစ်ခွက် ချပေးလိုက်ပါတယ်။ သူ့လည်းချပေး၊ ကိုယ်လည်း မော့ပေါ့။ မော့လို့မှ မဆုံးသေးဘူး။ ကျုပ်မျက်လုံးပြူးသွားရတော့တယ်။





ကျုပ်ချပေးလိုက်တဲ့ခွက်က အလိုလိုမှောက်သွားလို့ပဲဗျို့။ လေမတိုက်၊ လူမတိုးဘဲ လဲသွားတာမို့ ကျုပ်မျက်မှောင့်ကုပ်နေမိတယ်။

"ငဝေ...မနှောက်နဲ့ကွာ။ ထန်းရည်တန်ဖိုး မင်းလည်းသိသားနဲ့"

ကျုပ်လည်း ပြောပြောဆိုဆို နောက်တစ်ခွက်ငှဲ့ပြီး ချပေးထားလိုက်တယ်။ ဒါလည်း မှောက်သွားပြန်ပါရော။ ကျုပ်သိပ်အံ့ဩသွားတယ်။ မှောက်နေတဲ့ခွက်ကို တွေကြည့်နေမိတယ်။ နောက်တစ်ခွက်ထည့်ပေးဖို့ တွန့်ဆုတ်နေမိတယ်။ အမူးပြေသလိုလို၊ ကြောက်သလိုလိုဖြစ်လာတယ်။

အချိန်ကလည်း နွားရိုင်းသွင်းချိန်လေ။ ထန်းပင်အောက်မှာကျုပ်တစ်ယောက်တည်းရယ်။ ငဝေကျသေပြီးကတည်းက ဒီအပင်အောက် လူမလာတော့တာ။ အပင်ရှင်ဗ္ဗာတောင် ဒီအပင်ကို ထန်းမှန်မှန်မတက်တော့ဘူးလေ။ အပင်ရှင်က မတက်တာမဟုတ်ဘူး။ တက်တဲ့သူက ငြိမ်းဝေ၊ ဒါ။ ထန်းပင်ထက်မှာ ငဝေ့ကိုတွေ့သလိုလိုပြောတာ ဒါ၊ ထန်းပင်ပေါ်တင်ခွထိုင်ပြီး မြူအိုးကြီးကိုင်လို့တဲ့။ ထန်းတက်သမားကလည်း သူ့ဟာသူကြောက်ပြီး မတက်ချင်လို့ လုပ်ကြံပြောတယ်လို့ပဲ ကျုပ်ယူဆထားတာ။

အခု ကိုယ်တွေ့ကြုံရတာ တစ်မျိုးတော့တစ်မျိုးပဲ။ ရိုဝ်ခနဲ ရိုပ်ခနဲလည်း မြင်မိ၊ ထင်မိသလိုလိုဗျာ။ ကျောထဲလည်း စိမ့်လာသလိုလို၊ ကြက်သီးမိသလိုလိုနဲ့။ တစ်ခုခုတော့ ထူးနေပြီဆိုတာ ကျုပ်သိနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျုပ်လည်း ရဲဆေးတင်တဲ့အနေနဲ့ တစ်ခွက်လုံး အားပါးတရ မော့ချဖို့ပြင်ရင်း...

"ဟော့ကောင်ငတော...။ မင်းမသောက်ချင်နေ။ ငါ့ဘာသာ သောက်မယ်"

လို့ ပြောပြီး မော့ချလိုက်တယ်။

'ဖြန်း'ဆို ကျုပ်ရဲ့ထန်းရည်ခွက်ဟာ လွင့်ကျသွားတယ်။ ပါးစပ်ထဲရောက်လုဆဲဆဲထန်းရည်တွေလည်း ဖိတ်စင်ကုန်တော့တယ်။

"တောက်...ငတေ။ မင်းမနောက်နဲ့ကွာ။ မင်းတစ္ဆေဖြစ်နေပြီ ဆိုတာ ငါယုံပြီ။ မင်းနဲ့ငါ သူငယ်ချင်းပဲဟာ။ လူ့ဘဝကလည်း အတူ သောက်ခဲ့ကြတာပဲဟာ။ ရော့...တစ်ခွက်သောက်။ ငါလည်း တစ်ခွက် သောက်မယ်။ ခွီး...မင်းလှုပ်လို့ ကုန်ပြီကွ။ ဒါလက်ကျန်ပဲ"

ငတေကျေနပ်အောင်ပြောဆိုပြီး သူ့အတွက်တစ်ခွက်ငှဲ့၊ ကျုပ် အတွက်တစ်ခွက်ငှဲ့ပြီး သောက်ဖို့ပြင်လိုက်တယ်ဆိုရင်ပဲ 'ဖြန်း...ဖြန်း' ဆို သူ့ခွက်လည်းမှောက်၊ ကျုပ်လက်ထဲကခွက်လည်း လွင့်ကျပြန်ပါ ရော။

ဒီတစ်ခါတော့ ကျုပ်လည်း တော်တော်လေးဖြုံသွားတယ်။ ဘာမှမပြောတော့ဘဲ ဇတ်ခနဲထပြီး ခြေလှမ်းကျဲကြီးနဲ့ ရွာထဲကိုသုတ် ခြေတင်ခဲ့တော့တယ်။ ရင်ထဲမှာတော့ မကျေနပ်တာ အမှန်ပါပဲ။

"တောက်...ငတေ။ မင်းမို့ လုပ်ရက်တယ်ကွာ"

▶▶◀◀





ညအိပ်တော့ အိပ်မက်ထဲမှာ ငတေရယ်ဗျာ။ ကျုပ်ကို ချက်လုံးကြီးပြူးကြည့်နေတယ်။ ပါးစပ်ကလည်း ပွစိပွစိနဲ့ ဘာတွေ ပြောနေမှန်း မသိဘူး။ ကျုပ်နားထဲမှာတော့ "မင်း...လူမိုက်...လူမိုက်" ဆိုတဲ့အသံပဲ ကြားနေမိတယ်။

ငတေက သူ့ရင်ဘတ်ကြီးကို ပုတ်ပုတ်ပြသေးတယ်။ သူ့ရင် ဘတ်မှာ အညိုအမည်းဒဏ်ရာတွေနဲ့။ ကျုပ်ကို လက်ညှိုးတစ်ချောင်း သည်း ထောင်ပြသွားတယ်ဗျာ။

မနက်မိုးလင်းတော့ ညကအိပ်မက်အကြောင်း မိန်းမကိုပြန် ပြောမိတယ်။ အံ့စရာပါဗျာ။ မိန်းမကလည်း ညက သူလည်း အိပ်မက် မက်ကြောင်း၊ အိပ်မက်ထဲမှာ ငတေက "နင့်ယောကျ်ားကို ကြည့်ပြော ထား။ ဒီသေရည်တွေ ဆက်သောက်နေရင် ငါနဲ့တွေ့မယ်" လို့ ကြိမ်း သွားသတဲ့။

အင်း...မယုံလို့တော့ မဖြစ်တော့ဘူး။ ကျုပ် နည်းနည်းလည်း သွားဘယ်လေ။ ကိုက်ဆိုင်မှုလို့ပဲ ဆိုဆို။ ကျုပ်က ငတေကိုအိပ်မက် တ်၊ မိန်းမကလည်းမက်၊ တစ်ညတည်းလည်းဖြစ်၊ ညနေတုန်းကလည်း ထန်းပင်အောက်မှာကြုံထားတဲ့ အတွေ့အကြုံလေးတလည်း ရှိထား တယ်မို့လား။

ဒါနဲ့ ဘကြီးချစ်ဆီပြေးပြီး အကျိုးအကြောင်းပြောပြရတော့ တာပေါ့။ ဘကြီးချစ်က ခေါင်းတညိတ်ညိတ်လုပ်ရင်းက ကျုပ်ကို ကြိမ်းပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ လူဖြစ်နေပြီး တစ္ဆေလောကမှ အသုံးမကျတဲ့ကောင်။ ငတေမှ သူ့အမှား သူမြင်သေးတယ်။ မင်းကို သူ့လိုဆက်မမိုက်စေချင်လို့ ပြနေတာကို မင်းက မသိဘူး။ မင်းကို အသေမလုပ်တာ ကံကောင်း။ သိလား"

ဘကြီးချစ်ပြောသမျှ ကျုပ်ငြိမ်နားထောင်နေမိတယ်။ ကျောလည်းချမ်းနေမိတယ်။ ငတေ တစ္ဆေဖြစ်တယ်ဆိုတာ ကျုပ်ယုံလိုက်ရတော့တယ်။ ဘကြီးချစ်ပြောသလို တစ္ဆေလောကမှ အသိဉာဏ်မရှိ မိုက်တွင်းနက်ပြီး သူ့ရာမေရိယကန်ထဲ ရေစိမ်ချိုးနေမိတဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိတယ်။

"ကျွန်တော်ဘာလုပ်ရမလဲ ဘကြီးရယ်" လို့လည်း ညောင်နာနာအသံနဲ့ မေးလိုက်မိတယ်။ ဘကြီးချစ်ဖြေတာ ပြတ်တယ်။

"အေး...မင်းအရက်ဖြတ်။ ငတေ့အတွက်ရည်စူးပြီး ရွာဦးကျောင်းမှာ တတ်နိုင်တဲ့ဒါန သွားလုပ်။ အဲဒီလိုလုပ်လို့ရတဲ့ ကုသိုလ်ရဲ့အဖို့ဘာဂကို ငတေ့အတွက် အမျှဝေ။ မင်းလုပ်ရမှာ အဲဒါပဲ"

►► ◄◄

အဲ့တော့အဲ့သြစရာပဲဗျို့။ ဘကြီးချစ်ပြောတဲ့အတိုင်း ရွာဦးကျောင်းမှာ ဆွမ်းလှူ၊ တတ်နိုင်သလောက် သင်္ကန်းတစ်စုံ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တွေလှူပြီး ငတေ့ကို အမျှပေးဝေလိုက်ပါတယ်။





နားထဲမှာ သာဓုခေါ်သံ သုံးကြိမ်ကြားလိုက်ရသလိုလိုနဲ့ အမွှေးနံ့တွေပါ ရလာတော့တယ်။ ကျောင်းထိုင်ဆရာတော် ဟောပြောခိုဆုံးမတာတွေကို မျက်လုံးလေးမှိတ်နာယူနေတုန်း မျက်စိထဲမှာ တေရယ်...။ ကျုပ်ကို ပြုံးပြုံးကြီးကြည့်လို့...။

အံမယ်...ငတေက အရင်ငတေ မဟုတ်တော့ဘူးဗျ။ ကိုယ်ခုင်ကိုယ်ဝါလေးလင်းလို့။ အဝတ်သစ်၊ အစားသစ်တွေနဲ့ရယ်။ ကျုပ်ကို ကျေးဇူးတင်တဲ့မျက်လုံးတွေနဲ့ကြည့်ရင်း ဝေ...ဝေး...မှိန်..မှိန် သွားတော့တယ်လေ။

ကျုပ်သိလိုက်ပါပြီ။ ကျုပ်ပြုတဲ့ကုသိုလ်ကြောင့် ငတေအမျှရ ပြီး တစ္ဆေဆိုတဲ့ဘဝဆိုးက လွတ်သွား၊ ကျွတ်သွားပြီရယ်လို့လေ။

ငတေကြောင့် ကျုပ်လည်း အရက်သမားဘဝက ကျွတ်ခဲ့ရ ပြီကောလားဗျာ။ ။

မြင်ကွင်းစုံဂန္တဝင်ရုပ်ရှင် (၂၀၀၀၊ ဧပြီ)



www.burmeseclassic.com

www.burmeseclassic.com



## စွဲလမ်းမှုနောက်ဝယ်

စာရေးသူ၏ဇနီးမှာ အဒေါ်တစ်ယောက်ရှိ၏။ သူမငယ်စဉ် မိခင်ဆုံးကတည်းက ဤအဒေါ်က ကြီးပြင်းအောင်မွေးလာခဲ့သည်ဖြစ်ရာ အမေဟုပြောလျှင်လည်းရ၏။ သူ၏အဒေါ်မှာ စွဲလမ်းမှုသံယောဇဉ် အလွန်ကြီးမား၏။ လင်ယောကျ်ား၊ သားသမီးများအပေါ် သံယောဇဉ်ကြီးသည်။ အိမ်အပေါ် သံယောဇဉ်ကြီးသည်။

သူသည် အသက်(၆၅)နှစ်အရွယ်တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ရ၏။ မကွယ်လွန်မီ စွဲလမ်းမှုများကြောင့် ကွယ်လွန်သောအခါ ဘဝကူးမကောင်းခဲ့။

သူကွယ်လွန်ပြီးနောက် ဘဝ၏ကောက်ကြောင်းများကို သိခွင့်ရသောအခါ စာရေးသူတုန်လှုပ်မိ၏။ သံဝေဂရမိ၏။ စွဲလမ်းမှုဥပါဒါန်နှင့် နောက်ဆက်တွဲသံဝေဂရဖွယ်များ အဖြစ်မှန်တစ်ရပ်ကို တင်ပြရပါသော်...

▶▶◀◀

ဝါသနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်၏အမည်မှာ ဒေါ်အေးကြည်ဖြစ်၏။ သန်လျင်ဈေးအတွင်း ကုန်စုံဆိုင်ဖွင့်၍ ဆိုင်ထွက်သည်။ ခင်ပွန်းသည်ကလည်း ဆိုင်ဝိုင်းထွက်ပေးသည်။ ဒေါ်အေးကြည်ကတော့ မနက်ဆို ချက်ပြုတ်ပြီး ထမင်းချိုင့်ဆွဲ၍ ဆိုင်သွား၏။

သားသမီးလေးယောက်ရှိရာ ကျောင်းသားများချည်းဖြစ်နေ၏။ သည်လင်၊ သည်သားများစားဖို့ ဒေါ်အေးကြည်သည် မနက်ရော ညပါ ချက်လိုက်ရတာအမော။

ညနေဈေးသိမ်းလျှင် ဟင်းချက်စရာဝယ်လာ၍ မီးဖိုဆောင်ဝင်လိုက်သည်မှာ ည (၇) နာရီ (၈) နာရီခန့်မှ ပြီး၏။ ပြီးပြီဆို ခေါင်းကိုက်သဖြင့် နဖူးကို လက်ကိုင်ပဝါဖြင့်ချည်ပေးရ၊ နန္ဒင်းမှိုင်းရှူရနှင့် ညနေထမင်းကို ည (၉) နာရီခန့်မှာမှ စားရသည်။

သည်လိုနှင့် မိသားစုအပေါ် ချစ်ခင်စိတ်နှင့် မမောတမ်းရှာဖွေချက်ပြုတ်ကျွေးမွေးလာခဲ့ရာ ဒေါ်အေးကြည် အသက် (၆၅) နှစ်နားရောက်လာ၏။ ထိုအချိန်မှာ ရောဂါတစ်ခုစွဲကပ်လာသည်။ သားအိမ်ကင်ဆာတဲ့။

ဆေးရုံတက်ကုသသော်လည်း ရောဂါကျွမ်းနေပြီမို့ သက်သာမလာခဲ့။ ဆေးရုံမှခွင့်ပြုချက်ဖြင့် အိမ်ပြန်ခေါ်လာခဲ့ကြသည်။ အိမ်ရောက်တော့လည်း အိပ်ရာထက်မှာ ခွေခွေလေး။

ထိုအချိန်တွင် သားသမီးလေးဦးအနက် သားအကြီးက အိမ်ထောင်ကျပြီး သီးခြားခွဲနေသည်။ သားလတ်က အလုပ်တာဝန်ဖြင့်





မန္တလေးရောက်နေ၏။ သမီးဖြစ်သူမှာ ကျောင်းဆက်မတက်ဘဲ အလုပ်လုပ်နေရာမှ အလုပ်ထွက်၍ ပြုစု၏။ အငယ်ဆုံးသားပင်လျှင် ဆယ်တန်းရောက်နေပြီ။ ပူပင်စရာအရွယ်များ မဟုတ်တော့။

ဒါပေမဲ့ အိပ်ရာထဲ လဲနေသည့်ကြားက ပူပန်နေသေးသည်။ သားရေးသမီးရေးကိစ္စတင်မက ဆီ၊ ဆန်ကိစ္စ၊ ဟင်းချက်စရာဝယ်ဖို့ကိစ္စများပါ ပူပန်နေသေးသည်။ အသံလေးသဲ့သဲ့ဖြင့် မေးနေသေးသည်။ သွန်ကြားနေသေးသည်။

တိပ်ခွေဖြင့် ပရိတ်တရားများ ဖွင့်ပေးထားသည်ကို အာရုံရောက်ပုံမရ။ မန္တလေးမှ သားမရောက်သေးတာကိုပဲ တစ်မေးတည်းမေးနေသည်။

တစ်နေ့တခြား အခြေအနေက ဆိုးလာသည်။ အစာလည်းမဝင်၊ ဆေးလည်းမဝင်တော့။ သေမည့်အချိန်ကို စောင့်စားနေရချိန်ဖြစ်သည်။ ဇွမ်းကလေးရေဆွတ်၍ နှုတ်ခမ်းမှာ ရေလေးချပေးရုံလောက်ပဲ ပြုစုခွင့်ရတော့သည်။

အနာမှ အနံ့အသက်များကြောင့် တော်ရုံလူများဆို အနားမကပ်ချင်ကြတော့။ ဒေါ်အေးကြည်၏ နေဝင်ချိန်သည် ရင်နာစရာကောင်းလှသည်။ ကျွန်းမာစဉ်က မိသားစုအတွက် ဘဝကိုမြှုပ်နှံထားခဲ့သည်။ ကိုယ့်အတွက်ပါမည့် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို မလုပ်ခဲ့ရှာဘဲ ဆောက်တည်ရာမဲ့ သံသရာခရီးကို နှင်ရလေတော့သည်။

ဒေါ်အေးကြည်၏ထွက်သက်ကို နေ့လား ညလား စောင့်စား



www.burmeseclassic.com

www.burmeseclassic.com



နေကြရသည်မှာ ရင်မောဖွယ်ကောင်းလှသည်။ သူ့မှာ ထွက်လေဝင်လေလေးရှိသည်မှအပ အသံဝင်မထွက်တော့။ လှုပ်ရှားနိုင်စွမ်း မရှိတော့။

ဆွေမျိုးသားသမီးအားလုံးက ဒေါ်အေးကြည်၏ဝေဒနာကို မကြည့်ရက်။ ဒီတောင်က မကျော်နိုင်တော့မှန်းလည်း သိနေကြပြီမို့ ထွက်သက်ချုပ်မည့်အချိန်ကို စောင့်နေမိကြသည်။ သို့တစေ ဒေါ်အေးကြည် အသက်မထွက်နိုင်သေးသဖြင့် ဆွေမျိုးများ ခေါင်းချင်းဆိုင်ကြသည်။

"မန္တလေးက သူ့သားကို စောင့်နေတာဖြစ်မယ်"

တစ္ဆမတစ်ယောက်က ထင်မြင်ချက်ပေးသည်။ ဒီတော့ အစီအစဉ်တစ်ရပ်ကို ဆွဲလိုက်ကြသည်။ သားလတ်ရှိရာ မန္တလေးသို့ အကြောင်းကြားထားပြီးဖြစ်သော်လည်း ဝန်ထမ်းဖြစ်နေ၍ ခွင့်ယူရဦးမည်။ ချက်ချင်းကြီး ရောက်လာနိုင်မည်မဟုတ်။

အစီအစဉ်ကား တခြားမဟုတ်။ ဒေါ်အေးကြည်စောင့်နေသည့်သားနှင့် အလုံးအရပ်တူသည့် ဆွေမျိုးထဲမှ လူငယ်လေးအား အစားထိုးပြဖို့ဖြစ်သည်။

"အမေ...အစ်ကိုလေးရောက်ပြီ"

လူစားထိုးထားသော လူငယ်လေး၏လက်ကို ဒေါ်အေးကြည်၏လက်ထဲသို့ ထည့်ပေး၍ သမီးဖြစ်သူက ပြောလိုက်ခြင်းပင်။

"အမေ..."





လူငယ်လေးကလည်း အလိုက်သိစွာ ခပ်ပါးပါးလေးခေါ်လိုက်သည်။ အားအင်ချည့်နဲ့နေပြီဖြစ်သော ဒေါ်အေးကြည်၏လက်များသည် လူငယ်လေး၏လက်အား ဆုပ်ကိုင်ရင်းမှ 'အင်း...'ဟု တစ်ချက်ညည်းလျက် အသက်ပါသွားသည်။

"အမယ်လေး...အမေရဲ့"ဟူသော ငိုသံများ တခဏချင်း လွှမ်းခြုံသွားသည်။

ဒေါ်အေးကြည်အသက်ပျောက်သွားချိန်မှာ နေ့လယ်(၁၂း၃၀) နာရီတိတိ။

▸▸◂◂

"အိမ်ရှေ့က လူသံကြားတယ်။ ထွက်ကြည့်စမ်း"

စာရေးသူက ထမင်းစားနေရာမှ လူသံကြား၍ ထွက်ကြည့်နိုင်းရာ သမီးမှ ထွက်ကြည့်သည်။ ဘာမှမဟုတ်ဟုဆိုကာ နောက်ဖေးဆောင်ထမင်းဝိုင်းသို့ ပြန်ဝင်လာသည်။ အိမ်ရှေ့တံခါးတိုပိတ်ထားပြီး စာရေးသူတို့မိသားစုလေးဦး နောက်ဖေးဆောင်မှာ ထမင်းစားနေကြခြင်းဖြစ်၏။

ထိုစဉ် လူတစ်ယောက်ဝင်လာသံကို ကြားလိုက်ရခြင်း[illegible]၏။ အိပ်ခန်းကိုဖြတ်ကျော်ပြီးမှ နောက်ဖေးခန်းရောက်ရှ[illegible] အသံက အိပ်ခန်းဝမှာဆုံးသွားသည်မို့ တစ်ယောက်ယောက်ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com

သလားဟု ထွက်ကြည့်ခိုင်းခြင်းပါ။ ဘာမှမဟုတ်ဟုဆို၍ ထမင်းဆက်စားကြသည်။

"အစ်မကြီး...အစ်မကြီး...အမေဆုံးပြီ"

*ဒီတစ်ခါ အသံလေးတက်လာသူမှာ ဒေါ်အေးကြည်၏ သမီး* ကိုယ်တိုင်ဖြစ်သည်။ စာရေးသူ၏နိုး သူ့အစ်မကို လာအကြောင်းကြားခြင်းဖြစ်သည်။ သူတို့အိမ်နှင့် စာရေးသူတို့အိမ်မှာ ကြား၌ အိမ်ငါးလုံးပဲခြားသည်။

"ဘယ်အချိန်က ဆုံးတာလဲ"

"အခုလေးပဲ...ဆယ့်နှစ်နာရီခွဲ"

စာရေးသူ နာရီကြည့်လိုက်တော့ ဆယ့်နှစ်နာရီသုံးဆယ့်ငါး။ ညီမလုပ်သူ လမ်းလျှောက်လာချိန်သည် ငါးမိနစ်ခန့်ဆိုတော့ ဆယ့်နှစ်နာရီခွဲဆုံးတာ ဟုတ်နေပြီ။

ခုန အိမ်ထဲလူဝင်လာသည့်အသံဗလံ ကြားရချိန်မှာလည်း (၁၂:၃၀) နာရီတိတိ မဟုတ်ပါလား။ စာရေးသူ သိလိုက်ပါပြီ။ ဒေါ်အေးကြည်သည် ဆုံးဆုံးချင်းပင် စာရေးသူတို့အိမ်သို့ ရောက်ခဲ့ပြီတည်း။

အကြောင်းက ရှိသည်။ ဒေါ်အေးကြည်သည် သူ့လက်ပေါ်တွင်ကြီးပြင်းခဲ့သည့် စာရေးသူ၏ဇနီးကို တော်တော်ချစ်သည်။ စာရေးသူကိုလည်း အတော်လေးချစ်ခင်သည်။

ယခု စာရေးသူတို့နေသည့်အိမ်၊ ယခင်က ဒေါ်အေးကြည် နှစ်ပေါင်းများစွာနေခဲ့သည်။ ဤအိမ်ကိုလည်း အတော်လေးတွယ်တာသည်။ *အပြီးအပိုင်ဝယ်ဖို့ ကြိုးစားသော်လည်း အဆင်မပြေသဖြင့်* ငါးအိမ်ကျော်မှာရှိသည့် သူ့ခြံထဲမှာ အိမ်ဆောက်၍ ပြောင်းသွားခြင်းဖြစ်သည်။ ပြောင်းသွားတာကလည်း မကြာသေး။

ဒေါ်အေးကြည်သည် အိမ်ပြောင်းသွားရသော်လည်း သူနှစ်ပေါင်းများစွာနေခဲ့သည့် အိမ်အပေါ် သံယောဇဉ်မကုန်သေး။

ယခုကြည့်...။ ဆုံးဆုံးချင်း ရိပ်ခနဲမြင်၍ အသံကြားလိုက်ရသည်မှာ ဒေါ်အေးကြည်မှလွဲ၍ မည်သူဖြစ်မည်နည်း။ ဒေါ်အေးကြည်၏ ဇာတ်လမ်းကား ဤမျှနှင့်မဆုံးသေး...။

▶▶ ◀◀

ဒေါ်အေးကြည်ဆုံးပြီး သုံးနှစ်ခန့်ကြာတော့ စာရေးသူကမ္ဘာ့ဌာန်းရိပ်သာဝင်ဖြစ်သည်။ မှတ်မှတ်ရရဆို (၁၉-၁၂-၂၀၀၀) ရက်နေ့ကဖြစ်သည်။ သန်လျင်မြို့မှာဖွင့်သည့် (၇) ကြိမ်မြောက် လယ်တီဆရာ အနာဂါမ်ဆရာသက်ကြီး၏ ဝိပဿနာတရားစခန်းပွဲဖြစ်သည်။ တရားပွဲပထမနေ့မှာပဲ ဒေါ်အေးကြည်ကို အာရုံထဲမှာ တွေ့ရတော့၏။

ဒေါ်အေးကြည်၏ရုပ်သွင်မှာ ညှိုးရော်လှသည်။ ဆို... ကြည့်ရသည်မှာ အုယားဖားယားနိုင်နေသည်။ ... စာရေးသူကို အပုပ်နံ့တွေ လှိုင်လှိုင်ထသည်။ သူ...



www.burmeseclassic.com

www.burmeseclassic.com



ဝုံရပြီး စာရေးသူထံမှ အမျှသံကို အရမ်းမျှော်လင့်နေပုံရသည်။ စိုးရိမ်နေပုံရသည်။

သူ့ပုံစံမှာ ကြည်ကြည်လင်လင်မရှိ။ ဒုက္ခိတဘဝပုံစံမျိုး ပီပြင်လှသည်။ ကမ္မဋ္ဌာန်းရိပ်သာ၏ ခပ်လှမ်းလှမ်းကွင်းထဲမှ မျှော်ကြည့်နေသည်။

ညနေတရားတစ်ချိန်မှာတော့ သိသိသာသာကြီး ကြုံရတော့သည်။ အာရုံထဲမှာတင်မဟုတ်။ ပြင်ပမှာ တကယ်ဖြစ်ပျက်လာသည်။ ဖြစ်ပျက်ပုံလေးမှာ ညနေ (၆) နာရီမှ (၇) နာရီ တရားထိုင်ချိန်ဝယ် အပုပ်နံ့များ မခံနိုင်အောင်ရသည်။

တရားဖြုတ်၍ ကြည့်လိုက်တော့ စာရေးသူ၏ရှေ့တည့်တည့်မှာ ကြက်ချေးလေးလို အပုံလေးတစ်ပုံ။ ဘယ်ကကြက်၊ ဘယ်သတ္တဝါမှ စာရေးသူတို့တရားထိုင်နေသည့်ကြားထဲက ဖြတ်မပြေးတာ သေချာသည်။ ကမ္မဋ္ဌာန်းဆရာတွေလည်း စောင့်ကြပ်နေသည်။ စာရေးသူရှေ့မှာလည်း တစ်တန်းရှိသေးတော့ လူတစ်ယောက်လည်း ဖြတ်မလျှောက်သာ။

အပေါ်မျက်နှာကြက်ကို မော့ကြည့်တော့လည်း ရှင်းရှင်းကြီး။ တောက်တဲ့၊ အိမ်မြှောင်လည်း မရှိ။ ၎င်းသတ္တဝါများ ချေးပါချဦးတော့ သည်မျှအထိ အပုံမကြီးနိုင်။ ယခုအပုံက တစ်လက်မခန့်ရှိနေ၏။ ချေးဟုသာဆိုရသော်လည်း ဝါးပုပ်နံ့လည်းရတော့ ရွှံ့ပုပ်လိုလိုလည်း ထင်ရသည်။



ဘာပဲဖြစ်ဖြစ် ကမ္မဋ္ဌာန်းဆရာဦးမြတ်သူ့ကို ပြသရလိုက်ရတော့သည်။ ဆရာဘာယ်လိုရှင်းလိုက်သည်တော့မသိ။ ယောဂီများမှာ စကားမပြောရသဖြင့် ဆရာ့အား ဘာမှမပြောမနေဘဲ လက်တို့၍ပြလိုက်ခြင်းပါ။ ဒေါ်အေးကြည်၏ လက်ချက်ဆိုတာတော့ စာရေးသူသိပါသည်။ သူ့ခမျာ စာရေးသူမေ့မှာစိုး၍ အရဲစွန့်လုပ်ဆောင်လိုက်ခြင်း ဖြစ်တန်ရာ၏။

ဒေါ်အေးကြည်ကိုတော့ ပြင်ပကကွင်းထဲမှာပဲ နေစေ၍ အမျှပေးဝေလိုက်သည်။ (၇) ရက်လုံး အမျှဝေမည်ဟုလည်း မနောဖြင့်ပြောထားလိုက်သည်။ စာရေးသူတို့ ယောဂီများသည် တရားတစ်ချိန်စထိုင်တိုင်း၊ ပြီးသွားတိုင်း မေတ္တာပို့ အမျှဝေကြမြဲ။

ထိုအမျှဝေသံများကို ဒေါ်အေးကြည် ကြားရ၊ သာဓုခေါ်ရလိမ့်မည် ထင်ပါသည်။

အဘယ်ကြောင့်ဆိုမူ တရားစခန်းပထမနေ့က ယောက်ယက်ခတ်နေခဲ့သော ဒေါ်အေးကြည်၏ ဒုက္ခိတဘဝမှိုင်းပျပျအရိပ်အယောင်ကို တရားစခန်းသိမ်းသောအခါ၌ လုံးဝမတွေ့ရတော့၍ဖြစ်ပါ၏။

ဆောင်ပြန်မဂ္ဂဇင်း (၂၀၀၄ ဇတ်လ)

www.burmeseclassic.com

www.burmeseclassic.com






# ကျွန်ုပ်နှင့်ထူးဆန်းသောဆေးတံ

**ဆောင်းတစ်ညမှာ**

အပြင်မှာ နှင်းတွေကျနေ၏။ ရာသီဥတုက အေးစိမ့်နေသည်။ ကျွန်ုပ်သည် အနွေးထည်ကိုကောက်ဝတ်လိုက်ရင်း လက်ကမှ နာရီကို ကြည့်လိုက်ရာ ည ၁၂ နာရီ ၁၅ မိနစ်ရှိနေလေပြီ။ ကျွန်ုပ်သည် ခေါင်းတွဆတ်ဆတ်ညိတ်ရင်း စာရေးစားပွဲရှေ့မှာထိုင်လိုက်၏။ ကျွန်ုပ်၏စားပွဲပေါ်၌မူ ထူးဆန်းသောပစ္စည်းတစ်ခုက လဲလျောင်းလျက်ရှိလေသည်။ ရှေးဟောင်းပစ္စည်းလေးတစ်ခုပါ။

ကျွန်ုပ် ထိုပစ္စည်းလေးကို ကောက်ကိုင်လိုက်ပြီး သေချာ ကြည့်နေမိသည်။ သည်ပစ္စည်းလေး ကျွန်ုပ်လက်ထဲ [illegible] မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့လေပြီ။ ကျွန်ုပ် [illegible] တယုတယထိန်းသိမ်းထားခဲ့သည်မှာလည်း ကြာပြီ။

ယခုတော့ သိမ်းရှမဖြစ်တော့။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြောလာပါပြီ။ သူ့ကို မူလအရပ်သို့ ပြန်ပို့ပေးပါတဲ့။ ကျွန်ုပ် ဝေခွဲရခက်နေ၏။ တကူးတကယူဆောင်လာခဲ့ပြီး တမြတ်တနိုးသိမ်းထားပါလျက် ပြန်ပို့ရမည်ဆိုတော့လည်း နှမြောနေမိသလိုလို။ လက်ထဲမှပစ္စည်းလေးကိုကြည့်ရင်း ကျွန်ုပ်အတွေးတွေဖြန့်ကြက်နေမိသည်။

မကြာခင်ကာလများကပင် ပစ္စည်းလေးက ကျွန်ုပ်ကို စကားတွေအများကြီးပြောလာခဲ့လေပြီ။ ယခုလည်း စကားပြောလိမ့်ဦးမည်ထင်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏နှာခေါင်းဝတွင် ဆေးပြင်းလိပ်နံ့များ ရရှိနေသလိုလို ခံစားရပြီး ကြက်သီးများထမိသောကြောင့် ဖြစ်ပေ၏။

ယခုနေ ကျွန်ုပ်ဆက်အိပ်လျှင် အိပ်မက်များ မက်ကောင်းမက်လိမ့်ဦးမည်။ ထူးဆန်းသောအိပ်မက်တချို့ကို ကျွန်ုပ် မကြာခဏမက်လေ့ရှိရာ အိပ်မက်နှင့် ဆေးမြင်းလိပ်နံ့သည် ဆက်စပ်လျက်ရှိလေ၏။ ကျွန်ုပ်သည် ထူးဆန်းသော အိပ်မက်ကို မမက်ခင် ဆေးပြင်းလိပ်နံ့များ ရလေ့ရှိသလို အိပ်မက်မက်ပြီးချိန်၌လည်း ဆေးပြင်းလိပ်နံ့ကို ရတတ်သောကြောင့် ဖြစ်လေ၏။

ကျွန်ုပ်၏အိပ်မက်များသည်ကား လက်ထဲတွင်ကိုင်ထားသည့် ပစ္စည်းလေးနှင့် လုံးဝပတ်သက်နေလေသည်။ ထိုပစ္စည်းလေးနှင့်ပတ်သက်သော အိပ်မက်ဆန်းများကြောင့် ကျွန်ုပ်သည် တစ်ရေးနိုးတိုင်း ပြန်အိပ်၍ မရတော့ချေ။





ယခုလည်း ကျွန်ုပ်မအိပ်နိုင်သေးပါ။ အိပ်လို့လည်း မဖြစ်သေး။ စာတစ်ပုဒ်တော့ ရေးရပေဦးမည်။ ပစ္စည်းလေးကို ရှေ့မှာထားလျက် စာတစ်ပုဒ်ရေးဖို့ စိုင်းပြင်းမိတော့သည်။ သည်ပစ္စည်းကို ပြန်မပို့မီ သူနှင့်ပတ်သက်သော ထူးခြားဖြစ်စဉ်များကို မှတ်တမ်းတင်ထားရဦးမည်မဟုတ်ပါလား။

ကျွန်ုပ်၏လက်များ သွက်လက်စွာ လှုပ်ရှားနေမိပါပြီ။ တကယ်လည်း ကျွန်ုပ် စာတစ်ပုဒ်ကို ရေးနေမိပါပြီ။

ကျွန်ုပ်ရှေ့တည့်တည့်မှာတော့ ထက်ပိုင်းကျိုးနေသည့် ရှေးဟောင်းမြေဆေးတံလေးတစ်ခု။

▶▶◀◀

## ဝဋ္ဋိရ (သို့မဟုတ်) နတ်နဲခြင်းသို့ ခရီးအစ

"မရောက်သေးဘူးလား ကိုစံလှိုင်၊ ကျုပ်တော့ ညောင်းလှပြီ"

"ရောက်တော့မယ်ဆရာ။ ရှေ့တစ်ကွေ့ဆို ရောက်ပါပြီ"

ကျွန်ုပ်သည် ကိုစံလှိုင်ဟူသောမိတ်ဆွေ ဦးဆောင်ရာသို့ လိုက်ပါနေရာမှ ညည်းလိုက်မိ၏။ ညည်းမိသည်မှာ နေ့ကလည်းပူ၊ အောက်ကသဲပြင်ကလည်း အတင်းရှန်း၍ လျှောက်နေရသောကြောင့် ဖြစ်ပေ၏။

သည်ခရီးကို ဒေသခံကိုစံလှိုင်မှ ဦးဆောင်၍ ရှေ့ပြေးအား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့နေခြင်းဖြစ်၏။ ကျွန်ုပ်နှင့်ကိုစံလှိုင်သည် ချောက်မြို့ထစ်ဖက် ထမ်း ဆိပ်ဖြူမြို့အနီးရှိ စီမံကိန်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်ပေ၏။ ကိုစံလှိုင်နှင့်ကျွန်ုပ်မှာ တစ်ဌာနတည်းလုပ်ကိုင်ကြသည်ဖြစ်၍ အထူးခင်မင်ကြလေ၏။

သူသည် ဆိပ်ဖြူမြို့မှ ဆယ်မိုင်ခန့်ဂွာဝေးသည့် 'အလိုတော်ပေါက်' ရွာသားတစ်ဦးဖြစ်၏။ အလုပ်ပိတ်ရက်တွင် သူ့ရွာသို့အလည်ခေါ်သဖြင့် ကျွန်ုပ်လိုက်ခဲ့ခြင်းဖြစ်ပေ၏။

သူတို့နေထိုင်သည့် ရွာသို့ရောက်ရန် ဆိပ်ဖြူမြို့အနီး ယောချောင်းကို ဆန်တက်ရမည်ဖြစ်၏။ ယောချောင်းကို ဆန်မည်ဆို၍ လှေနှင့်ဆန်ရခြင်းမဟုတ်။ ချောင်းဘေးမှကပ်၍ ခြေကျင်လျှောက်ဆန်တက်ရခြင်းပါ။

ယောချောင်းရေသည် နွေအခါ ရေဒူးဆစ်ခန့်သာရှိသည်။ ချောင်းဘေးတစ်လျှောက်တွင် ကျယ်ပြန့်သောသဲပြင်ကြီး လွှမ်းမိုးထားသည်။ ကြက်သွန်၊ မြေပဲ၊ ပြောင်းခင်းများဖြင့် စိမ်းစိုနေသည်မှာ ကန္တာရထဲမှ အိုအေစစ်လေးသဖွယ် ဖြစ်နေတော့၏။

"ရောက်ပြီဆရာရေ"

ကိုစံလှိုင်၏အသံကြောင့် ကျွန်ုပ်လွန်စွာဝမ်းသာသွားမိသည်။ ကျွန်ုပ်သည် အတော်လေးပင်ပန်းနေပြီဖြစ်၏။ သဲပြင်ကိုနင်း၍ ကောတ်တွေ့သောယောချောင်းကို နှစ်ကြိမ်ပြန်ဖြတ်နေရသောခရီးသည် လေးနာရီကျော်ကြာလေ၏။





ကျွန်ုပ်၏လာရင်းရည်ရွယ်ချက်မှာ အလိုတော်ပေါက်ဘုရားဖူးရန်ပင်ဖြစ်၏။ ကျွန်ုပ်တို့ရောက်ရှိချိန်၌ အလိုတော်ပေါက်ဘုရားပွဲကျင်းပနေချိန်ဖြစ်၏။ ချောက်မြို့မှ ဇာတ်ပွဲတစ်ခွဲ ကပြလျက်ရှိ၏။

ဈေးဆိုင်များမှာ စည်ကားလှသည်။ ယောနယ်၊ ဆောနယ်နှင့် ချင်းတောင်များမှပင် လာရောက်ကြသည်။ ထိုဘုရားပွဲ၏ထူးခြားချက်မှာ ငွေကြေးနှင့်ဝယ်ယူခြင်းမဟုတ်။ ပစ္စည်းချင်းဖလှယ်ကြသည်။ ကြက်သွန်နှင့်ဖလှယ်ကြသည်။

ချင်းတောင်ယောနယ်များမှ လူများသည် သူတို့ဒေသထွက်ကုန်များကို လှည်းနှင့်သယ်လာပြီး သူတို့လိုသောပစ္စည်းများနှင့် ဖလှယ်ယူကြသည်။ ငွေကြေးအစား အဓိကသုံးသည်မှာ ကြက်သွန်ဖြစ်သည်။ ဘုရားပွဲလာသူများသည် ငွေကြေးအစား ကြက်သွန်များယူလာကြသည်။ မုန့်ဟင်းခါးတစ်ပွဲ ကြက်သွန်တစ်ပြည် စသည်ဖြင့် လဲလှယ်စားသောက်နိုင်သည်။ အဝတ်အထည်များကိုပင် ကြက်သွန်နှင့်လဲလှယ်ယူနိုင်၏။

ကျွန်ုပ်နှင့်ကိုစံလှိုင်တို့သည် ပွဲခင်းဆိုင်ခန်းများကိုဖြတ်၍ အလိုတော်ပေါက်ဘုရားပေါ်သို့ တက်ခဲ့၏။ ဘုရားမှာ ခေတ်[illegible] သော အင်္ဂလာင်းစည်သူမင်းကြီးတည်ခဲ့သော ရွှေမုဋ္ဌောစေတီ[illegible] တည်ထား၏။ မူလစေတီကို သံတိုင်လေးဖက်ကြားမှ [illegible]

ဘုရားကိုလှည့်လည်ဖူးရင်း ကျွန်ုပ်သည် [illegible] ရုပ်ကို တွေ့လိုက်ရ၏။ တခြားမဟုတ်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြသထားခြင်းပင်။ ပြသထားသည်ဆိုသော်လည်း သေချာစနစ်တကျ ထိန်းသိမ်းပြသထားခြင်းမဟုတ်။ စားပွဲပေါ်ဖြန့်ပြထားခြင်းမျှသာ။ အစောင့်တစ်ဦးတလေမျှပင်မရှိ။

ရှေးဟောင်းပစ္စည်းများမှာ ကျောက်ဖြစ်ရုပ်ကြွင်းဆင်အံများ၊ မေးရိုးများ၊ ပုဆိန်၊ ပဲခွပ်သဏ္ဌာန်ကျောက်လက်နက်များနှင့် မြေဆေးတံအကျိုးလေးတစ်ခုတို့ဖြစ်လေသည်။ ယော်ချောင်းအတွင်းမှ ရရှိထားသည်ဆိုသော ထိုပစ္စည်းများမှာ ရှေးနှစ်ပေါင်းများစွာက ပစ္စည်းများဖြစ်ကြပြီး ဘူမိဗေဒပညာရှင်များသာ နားလည်မည်ဖြစ်ပေ၏။ ၎င်းအရာများကို ကျွန်ုပ်စိတ်မဝင်စား။

ကျွန်ုပ်စိတ်ဝင်စားသည်မှာ မြေဆေးတံလေးသာလျှင်ဖြစ်၏။ ဆေးတံလေ... ဂံခေတ်ဦးပိုင်းကဟု ယူဆရ၏။ လက်ရာမြောက်လှပေသည်။ ဆေးတံကို ကနုတ်ပန်းများဖြင့် အလှဆင်ထား၏။ ဆေးအိုးအောက်ခြေတစ်ဖက်တစ်ချက်စီတွင် နေသုံးစင်းစီ ရေးထွင်းထား၏။ ဆေးအိုးအခြေမှာလည်း ကြာပွင့်ခံထားသေးသည်။

ဆေးတံလေးမှာ ထက်ပိုင်းကျိုးမှုဖြစ်၏။ သောက်သည့်ဘက်က မရှိတော့။ ဆေးအိုးဘက်ပိုင်းသာ ရှိတော့သည်။ မြေဆေးတံဟု ဆိုငြားသော်လည်း မီးကျက်၍ စဥ့်သားကျနေသဖြင့် စဥ့်ဆေးတံဟုခေါ်ရမည်လားမသိ။ ထိုဆေးတံလေးကို ကျွန်ုပ်တာလွမ်းမက်မက်ကြည့်နေမိသည်။ လက်ကကို မချတော့။ ဆေးတံတင်ထားရာ စားပွဲအနီးတွင်လည်း လူလည်းတစ်ဦးတစ်ယောက်မျှမရှိ။ တောသူတောင်





သားများဖြစ်ကြရကား ထိုပစ္စည်းများကို နားလည်းမလည်၊ စိတ်လည်းမဝင်စားကြချေ။

"အိုင်ဆေး...ကိုစံလှိုင်။ ကျုပ် ဒီဆေးတံလေးကို သိပ်သဘောကျတယ်ဗျာ။ ရမယ်ဆို လိုချင်ပါရဲ့"

ကျွန်ုပ်က စုံထောက်ကြီးဦးစံရှား၏ဟန့်ဖြင့် ဆေးတံကို ခဲဟန်ပြုရင်း ပြောလိုက်ရာ ကိုစံလှိုင်က ပြုံးကြည့်ပြီး...

"လိုချင်ရင်လည်း ယူခဲ့ပေါ့ဗျာ"

ဟု ဆိုလေ၏။ ကိုစံလှိုင်ကား လူရွှတ်တစ်ဦးဖြစ်လေရာ ကျွန်ုပ်နှင့်လွန်စွာတူ၏။ ကျွန်ုပ်လည်း...

"ရက်ဆား...ကိုစံလှိုင်"

ဟု နောက်သလိုပြောရင်း ဆေးတံကို စားပွဲပေါ်ပြန်မတင်တော့ဘဲ လွယ်အိတ်ထဲထည့်လိုက်လေတော့၏။ ကိုစံလှိုင်က ကျွန်ုပ်၏လှုပ်ရှားမှုကို ပြုံးကြည့်ရင်း...

"ဗွတ်တယ်ဆို ဒူးသာဒူး ဆရာရေ"

ဟု ပြောဆိုလိုက်လေတော့သတည်း။

►► ◄◄

## ပထမဆုံးသော အိပ်မက်ဆိုးများ

ဤဆေးတံလေး ကျွန်ုပ်အိမ်သို့ရောက်လာခြင်းသည်လည်းကောင်း ကျွန်ုပ်တွင် ထူးခြားသောဖြစ်စဥ်များ ဆက်တိုက်ဖြစ်ခဲ့လေသော ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



သည် လက်တွေ့သမားဖြစ်ပြီး တော်ရုံကိစ္စများကို လက်တွေ့မမြင်ရလျှင် ယုံကြည်လက်ခံသူမဟုတ်ပေ။ ရက်ရာဇာ၊ ပြဿဒါး စသည်သည်း ရွေးနေသူမဟုတ်။ ယုတ်စွအဆုံး အိမ်၌ နတ်အုန်းသီးပင်မဆွဲခဲ့ချေ။

ကျွန်ုပ်ဆေးတံလေးယူလာပြီးသည့်နောက်တွင် ပြဿနာမျိုးစုံကြုံရ၏။ သို့သော် ဆေးတံလေးကြောင့်မထင်ခဲ့။ တွေးလည်းမတွေးမိခဲ့။ အယုံအကြည်လည်းမရှိချေ။ အတိတ်နိမိတ် အိပ်မက်များကိုပင် သိပ်လက်ခံသူမဟုတ်ခဲ့။ သို့သော် ကျွန်ုပ်သည် ပုတီးကိုမြဲစိပ်၍တရားထိုင်၏။ ဖိဖိစီးစီးလုပ်ဖြစ်သည်တော့ မဟုတ်ပါချေ။

ထိုဆေးတံလေးရောက်လာပြီးသည့်နောက် ကျွန်ုပ်သည် အိပ်မက်ဆိုးများကို မကြာခဏမြင်မက်လေ၏။ အိပ်မက်ထဲတွင် သျှောင်တစောင်းနှင့် လူကြီးတစ်ဦးက ကျွန်ုပ်ကို မျက်ထောင့်နီကြီးဖြင့်ကြည့်လေ၏။ ကျွန်ုပ်အား အတော်လေးမကျေမနပ်ဖြစ်နေဟန်ရှိလေ၏။

ကျွန်ုပ်သည် ထိုအိပ်မက်များကို သိပ်ဂရုမပြုခဲ့ချေ။ ဂရုမပြုဆို လုံးဝပင် အလေးအနက်မထားခဲ့။ သို့သော် ထူးခြားလာသည်မှာ လုပ်ငန်းခွင်တွင် အဆင်မပြေမှုများဆက်တိုက်ဖြစ်လာခြင်းပင်ဖြစ်၏။ ယခင်က ကျွန်ုပ်နှင့်အဆင်ပြေနေကြသူများပင်လျှင် ကျွန်ုပ်ကို ရန်လိုလာကြ၏။ အဆင်မပြေမှုတွေ ဖြစ်လာကြ၏။

ဘယ်ထိဖြစ်သနည်းဆိုသော် ကျွန်ုပ်တာဝန်ယူရသော စက်တစ်လုံးသည် ဘယ်လိုမှမဖြစ်နိုင်သည့် ဖြစ်ပျက်မှုမျိုးဖြစ်ပြီး ပျက်စီး





ရလေရာ အလုပ်ပြုတ်မလိုပင် ဖြစ်ခဲ့၏။ ထိုအတောအတွင်းမှာပင် မွေးပြီးစသမီးလေးတစ်ဦး ဆုံးခဲ့ရ၏။

နောက်ဆုံး အဆင်မပြေမှုအမျိုးမျိုးကြုံရပြီး အလုပ်မှပင်ထွက်ခဲ့ရသည်အထိ ဖြစ်တော့၏။ ကျွန်ုပ်အလုပ်ထွက်တော့ ဇနီးသည်မှာ ကိုယ်ဝန်ကြီးနှင့်ဖြစ်၏။ ရန်ကုန်ရှိ ကျွန်ုပ်၏ဖခင်လည်း ဆုံးလေရာ မိဘလုပ်ငန်းကိုဦးစီးရန်အတွက် ကျွန်ုပ်သည် ရန်ကုန်သို့ပြန်လာခဲ့ရ၏။ ဇနီးနှင့်သားငယ်မှာမူ အညာတွင်ကျန်ရစ်ခဲ့ရရှာသည်။ ကျွန်ုပ်တို့မိသားစု ရှင်ကွဲကွဲခဲ့ကြခြင်းပင်။ တစ်နှစ်ခန့်ရှိမှ ကျွန်ုပ်၏ဇနီးသည် ရန်ကုန်ရုံးချုပ်သို့ ပြောင်းရွှေ့ခွင့်ရရှိခဲ့၏။

ဒီအချိန်အထိ ကျွန်ုပ်သည် ဆေးတံကလေးအပေါ် အမြင်မစောင်းခဲ့မိ။ သည်နေရာတွင် ကိုစံလှိုင်၏အကြောင်းကိုလည်း ဖော်ပြဖို့ လိုပေလိမ့်မည်။

ဆေးတံကို စိတ်တူကိုယ်တူ ယူလာခဲ့ရန် အားပေးခဲ့သော ကိုစံလှိုင်မှာလည်း စိတ်ရောဂါခံစားရပြီး အလုပ်မှထွက်လိုက်ရပြန်၏။ ကိုစံလှိုင်တစ်ယောက် ရန်ကုန်ရှိကျွန်ုပ်ထံသို့ ရောက်ရှိလာချိန်၌ စိတ်မှုမှန်မှု မရှိတော့ချေ။ ကြောင်တောင်တောင်ဖြစ်နေရှာ၏။ စကားပြောလည်း အဖြံ့ အမောက်မတည့်။ သူသည် ရှေ့နေဘွဲ့ ထို ရရှိခဲ့သော်လည်း ရှေ့နေမလိုက်နိုင်ဘဲ စိတ်ရောဂါသည်တစ်ယောက်အဖြစ် ရှိနေတော့၏။

"အိုင်ဆေး...ကိုစံလှိုင်။ ဒီဆေးတံလေးတဖြင့် ကျွန်တော်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေးနေပြီ ထင်ပါရဲ့ဗျာ”

ကျွန်ုပ်သည် မပြောစဖူး ဤသို့ပင်ပြောလိုက်မိသေး၏။ ကိုစံလှိုင်ကတော့ ကျွန်ုပ်ပြောသည်ကို ယခင်ကလို ရေလိုက်ငါးလိုက် ဝင် လိုက်ပြောနိုင်စွမ်းမရှိတော့။ *ဆေးတံလေးကိုသာ မျက်လုံးကြီးပြူး၍* ကြည့်နေလေတော့၏။

ထို့နောက်ပိုင်းကွင်းမှ ကိုစံလှိုင်သည် သူ့ရွာသို့ပြန်သွားသည်ဟု သိရပြီး အဆက်အသွယ်မရတော့ချေ။ ကျွန်ုပ်လည်း ဆေးတံလေးကို အမှတ်တမဲ့ပင် ထားလိုက်လေတော့၏။

▶▶◀◀

***တတိယသားကောင်လော***

ဤအဖြစ်အပျက်များ ဖြစ်ပြီးသည့်နောက် ဆေးတံလေးကို စိတ်ဝင်စားသူတစ်ဦးပေါ်လာပြန်၏။ ကျွန်ုပ်၏တပည့်များထဲမှ အောင်ရင်ဆိုသူပင်ဖြစ်သည်။ တစ်နေ့တွင် သူသည် ကျွန်ုပ်၏စားပွဲပေါ်မှ ဆေးတံလေးကို မြင်သွားပြီး...

“ဒါ...ရှေးဟောင်းဆေးတံလေးပဲဆရာ။ ဈေးကောင်းပေးဝယ်မယ့်သူတွေရှိတယ်။ ရောင်းပစ်လိုက်ပါလား”

ဟု ပြောလေ၏။ ဆေးတံလေးကို လှည့်ပတ်ကြည့်ရင်း အတော်ရောင်းချင်နေပုံရှိ၏။ ရောင်းရ ၍င် သူလည်းငွေရမည်မို့





ပြောခြင်းဖြစ်၏။ သူ့အသိများထဲတွင် ရှေးဟောင်းပစ္စည်းဝယ်သူများရှိကြောင်း သိရ၏။ ကျွန်ုပ်က ရောင်းမည်၊ မရောင်းမည် ဘာမှမပြောဘဲ နေလိုက်၏။

ကျွန်ုပ်က ဤသို့ အင်းမလှုပ်အဲမလှုပ်ရှိလေရာ နောက်တစ်ရက်တွင် အောင်ရင်သည် သူ့မိတ်ဆွေများကို ခေါ်လာခဲ့တော့၏။ ဆေးတံလေးအား ကြည့်ချင်တယ်ဆို၍ ပြလိုက်ရ၏။ သူတို့က ဈေးပေး၍ဝယ်သေး၏။ ကျွန်ုပ်က မရောင်းလိုက်ချေ။ အောင်ရင်တို့လည်း မချင့်မရဲဖြင့် ပြန်သွားကြ၏။

“ဆရာကလည်း...။ ဘာမှအရေးမပါတဲ့ ပစ္စည်းတစ်ခုကိုများ။ ရောင်းလိုက်တာမဟုတ်ဘူး။ အလကားနေ ငွေရမယ့်ဥစ္စာကိုများ ဆရာရယ်”

အောင်ရင်က ဤသို့ပင် မှတ်ချက်ပြုသွားသေး၏။ အောင်ရင်သည် ကျွန်ုပ်ထံမှပြန်သွားပြီး တစ်ပတ်ခန့်ရှိလေသော် သဆောင်နစ်ရောဂါ၍ ပါသွားကာ သေဆုံးခဲ့လေတော့၏။ အလောင်းဝင် ပြန်မရခဲ့ပါချေ။

အောင်ရင်သေဆုံးရခြင်းကို ကျွန်ုပ်သည် ဆေးတံလေးနှင့် မဆက်စပ်ခဲ့။ သူ့ကံအလျောက်ဟုသာ သဘောပေါက်ခဲ့သည်။ ဆေးတံလေးကိုလည်း သည်အတိုင်း စာရေးစားပွဲအံဆွဲထဲ သိမ်းထားခဲ့သည်။

အောင်ရင်ဆုံးပြီး တစ်လခန့်ရှိသော် ကျွန်ုပ်သည် အောင်ရင်



www.burmeseclassic.com

www.burmeseclassic.com



အား အိပ်မက်မက်လေ၏။ အောင်ရင်သည် အလွန်တရာ ကြောက်လန့်နေပုံရ၏။ ညှိုးငယ်နေ၏။ သူ့နောက်နားမှာတော့ လူညိုထွားကြီးတစ်ဦး ရပ်နေ၏။ ရှေးလူကြီးတစ်ဦးပါပေ။ ဆေးလျှောင်တစ်ချောင်းနှင့်ဆေးတံကြီးခဲထား၏။ ထိုလူကြီးနှင့် ဆေးတံကို ကျွန်ုပ်မြင်ဖူးသလိုရှိသဖြင့် သေချာစူးစမ်းလျက် ကြည့်မိ၏။

အလို... ယခင် ကျွန်ုပ်၏အိပ်မက်များထဲမှ လူကြီးပါလား။ သူခဲထားသည့် ဆေးတံလေးကလည်း ကျွန်ုပ်၏အံဆွဲထဲမှ မြေဆေးတံလေးနှင့် တစ်ထေရာတည်းတူနေ၏။

လူညိုထွားကြီးက ဆေးတံကိုခဲလျက် ကျွန်ုပ်အားစိုက်ကြည့်နေ၏။ သူနှင့်ကျွန်ုပ်တို့ကြားထဲတွင် အောင်ရင်သည် ညှိုးငယ်စွာဖြင့် ရပ်လျက်ပင်ရှိ၏။ နှုတ်ကလည်း ဘာမှမပြော။ ကျွန်ုပ်ကိုသာ ငေးကြည့်နေရှာ၏။ အောင်ရင့်ကြည့်ရသည်မှာ ဘာမှနားမလည်နိုင်ရှာသည့် ကလေးငယ်၏ပုံစံလိုမျိုး ဖြစ်နေ၏။ အောင်ရင်နှင့် လူညိုထွားကြီးတို့၏ ဆက်စပ်မှုကို ကျွန်ုပ်လည်းနားမလည်နိုင်အောင်ဖြစ်နေမိ၏။

လူညိုထွားကြီးကလည်း အောင်ရင်ကိုကျော်၍ ကျွန်ုပ်ကိုသာ ကြည့်နေဆဲ။ ထိုလူကြီးသည် တိုက်ပုံအင်္ကျီလိုလို၊ ရင်ဖုံးအင်္ကျီလိုလို အင်္ကျီကို ရင်ဘတ်ဟထားရာ ထိုးကွင်းမင်ကြောင်များ ပြည့်နေသည်ကို မြင်ရ၏။ လုံချည်ကို ခါးတောင်းကျိုက်သလိုလုပ်ထားရာ ပေါင်နှင့်ခြေသလုံးသားတို့မှာလည်း ထိုးကွင်းများဖြင့် ပြည့်လျက်ရှိလေ၏။

တကယ့် ရှေးလူကြီးပါပေ။ အောင်ရင်သည် ထိုလူကြီးအား





အလွန်ကြောက်နေပုံရ၏။ ဘာမှလည်း ပြောဆိုခြင်းမရှိဘဲ ညှိုးငယ်စွာဖြင့်ပင် ရပ်လျက်တည်း။

အောင်ရင်က ဘာမှမပြောသော်လည်း လူညိုထွားကြီးသာ စကားပြောလာလေ၏။ စကားပြောသည်ဆိုခြင်းထက် အမိန့်ပေးသည်ဟုဆိုက ပို၍မှန်ပေလိမ့်မည်။ ထိုလူကြီးက ကျွန်ုပ်အား အရောင်လက်နေသည့်မျက်လုံးများဖြင့် စိုက်ကြည့်ရင်းမှ...

"ဟော့ကောင်...ငါ့ကို ပြန်ပို့"

ဟု ပြောလေ၏။ သူ့စကားအဆုံးတွင် ကျွန်ုပ်လည်း အိပ်ရာမှ လန့်နိုးရလေတော့၏။ ကျွန်ုပ်လည်း ဆက်မအိပ်သေးဘဲ အပေါ့အပါးထသွားပြီး စာရေးစားပွဲရှေ့သို့ လျှောက်သွားမိလေ၏။ အံဆွဲထဲမှ ဆေးတံလေးကို ထုတ်ယူကြည့်နေမိလေ၏။

ဆေးတံလေးကို တယုတယကိုင်ကြည့်ရင်းမှ "ဘာလို့ပြန်ပို့ရမှာလဲ"ဟု တီးတိုးပြောပြီး အံဆွဲထဲသို့ ပြန်ထည့်သိမ်းထားလိုက်မိလေတော့သတည်း။

▶▶◀◀

## ပြောင်းလဲသွားသောအဖြစ်များ

အထက်ပါဖြစ်စဉ်များအပေါ်တွင် ကျွန်ုပ်သည် ကြောက်လန့်စိုးရိမ်စိတ်များ လုံးဝမဖြစ်ခဲ့ဖူးချေ။ သိပ်လည်း အလေးအနက်မထားဘဲ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့၏။ ဆေးတံကလေးကိုလည်း သိမ်းထားမြဲ သိမ်းထားခဲ့၏။

သည်ကြားထဲတွင် ကျွန်ုပ်သည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေခဲ့ရာ အတော်လေးအဆင်ပြေနေခဲ့ပြီးခါမှ ရုတ်တရက် ပြုသနာဖြစ်တော့၏။ ကန်ထရိုက်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားသမျှ ဆုံးရှုံးကာ ထောင်ကျလုနီးနီးဖြစ်ခဲ့ရ၏။

ထိုအချိန်တွင် ကျွန်ုပ်သည် မူရော၊ လူပါ ပြောင်းလွဲနေပြီဖြစ်၏။ အယူအဆများလည်း ပြောင်းလွဲနေပါပြီ။ နေရာတိုင်းမှာ ဇွတ်တရွတ်မလုပ်တော့။ ဘုရားအလုပ်၊ တရားအလုပ်များကို ဖောင်းပေးလုပ်လာ၏။ အခက်အခဲအကျပ်အတည်းများကို ဘုရားဆေး၊ တရားဆေး အားကိုးရင်ဆိုင်နိုင်ခဲ့၏။ နောက်ဆုံး စီးပွားရေးလုပ်ငန်းများကို စွန့်လွှတ်ကာ ဘုရားတရားအလုပ်ကိုသာ ဖောက်ချလုပ်နေလေတော့၏။

တစ်နေ့ ကျွန်ုပ်အဓိဋ္ဌာန်ပုတီးစိပ်နေချိန် လူညိုထွားကြီးကို အာရုံထဲမှာ မြင်ရပြန်၏။ ယခင်ကလို ခက်ထန်မာကျောခြင်းမရှိတော့။ ဆေးတံကြီးကိုခဲကာ ကျွန်ုပ်အား ပြုံးပြုံးကြီးကြည့်လျက်...

"မင်း အတော်ခေါင်းမာတဲ့ကောင်ပဲ။ အဆိုးတွေကြုံသမျှ စိတ်မပျက်တဲ့စိတ်ဓာတ်နဲ့ ဘုရားတရားအလုပ်တွေလုပ်လာတော့ ငါက မင်းကိုရန်ပြုဖို့နေနေသာ ပြန်တောင်ကူညီနေရတော့တာပေါ့။ ဒါပေမဲ့ ငါ့ကိုပြန်ပို့ပါကွာ"

ဟုပြော၏။ စကားပြောပြီး ဆေးတံကြီးကို ထောင်းထောင်းထအောင် ရှိုက်၍နေရာ ဆေးနံ့များမွှန်နေတော့၏။ ကျွန်ုပ်ပုတီးစိပ်ပြီး





မျက်စိဖွင့်လိုက်ချိန်ထိ ဆေးနံ့များရလျက်ရှိရာ ကျွန်ုပ်မှာ ဆေးစွဲ ဖြစ်သွားမိလေသည်။

ကျွန်ုပ်သည် နောက်ပိုင်းတွင် စာရေးခြင်းနှင့် တရားရိပ်သာ ဝင်ခြင်းများကိုသာ ပြုလုပ်နေခဲ့၏။ ဆေးတံကိုကား ကျွန်ုပ်၏ စာအုပ် အံဆွဲထဲမှာသာ ထားမြဲထားလျက်ရှိလေ၏။

တစ်ညတွင် လူညိုထွားကြီးအား အိပ်မက်မက်ပြန်လေ၏။ သည်တစ်ကြိမ်မှာတော့ အတော့်ကိုထူးခြားလှ၏။ ဆေးတံကို ခဲမထား တော့ဘဲ ကိုင်ထား၏။ ကျွန်ုပ်အား လေးစားသောအသွင်ကို ဆောင် နေ၏။ အခေါ်အဝေါ်များပင် ပြောင်းလဲသွားတော့၏။

"ဆရာလေး ရိပ်သာတွေဝင်၊ ဘာဝနာတွေ ပွားများအားထုတ် ပြီး ပေးဝေတဲ့ အမျှကုသိုလ်တွေကိုရလို့ ကျေးဇူးတင်ပါတယ်။ ဒါ့ကြောင့် ဆရာလေးအိမ်ကို စောင့်ရှောက်ပေးနေခဲ့ပါတယ်။ ကျုပ်ကို ဆရာလေး ခေါ်ထားတာ နှစ်ပေါင်းနှစ်ဆယ်ကျော်နေပါပြီ။ ဒါ့ကြောင့် ကျုပ်ကိုပြန် ပို့ပေးဖို့ မေတ္တာရပ်ခံပါတယ်"

အခြေအနေများသည် တော်တော်လေးကို ထူးခြားစွာပြောင်း လဲနေပါပြီ။ ကျွန်ုပ်လည်း ယခုမှပင် သဘောပေါက်တော့၏။ ဆေး တံလေးကိုယူလာပြီးသည့်နောက် မကောင်းသောအတွေ့အကြုံ များ တွေ့ကြုံခဲ့ရသည်မှာ သူ့လက်ချက်ဟု သိလိုက်ရတော့၏။

နောက်ပိုင်းတွင် ပြန်လည်၍ကူညီနေသည်ဆိုတာ တွေးကြည့်မှ ပေါ်တော့၏။ ကျွန်ုပ်တို့ရပ်ကွက်တွင်



www.burmeseclassic.com

www.burmeseclassic.com



သည့်အိမ်များတွင် ကျွန်ုပ်အိမ်မပါဘဲ ရှိခဲ့၏။ ရှေ့အိမ်၊ ဘေးအိမ်၊ နောက်အိမ်များ အခိုးခံရ၊ အလစ်သုတ်ခြင်းခံရသော်လည်း ကျွန်ုပ်အိမ်မှာ တင်းလွတ်ခဲ့၏။ ကျွန်ုပ်တရားရိပ်သာသွားလျှင်လည်း စိတ်ချလက်ချပင် သွားနိုင်ခဲ့၏။

ကျွန်ုပ်တို့ခြံထဲတွင် လူတစ်ယောက်စောင့်နေသလိုမျိုး ပြောကြ၏။ ခြံတံခါးကို သော့ခတ်ထားခြင်းမရှိသော်လည်း သူခိုးမဝင်ခဲ့။ လုံချည်တစ်ထည်ပင် မပျောက်ခဲ့ချေ။ ဤအဖြစ်များကိုလည်း ယခုမှပင် ကျွန်ုပ်ဖာတ်ရည်လည်တော့၏။

အကယ်၍များ...

ကျွန်ုပ်သည် နောက်ပိုင်း၌ ဘုရားတရားအလုပ်ကို မလုပ်ခဲ့ပါလျှင် သူ ကျွန်ုပ်ကို ကောင်းကောင်းဒုက္ခပေးနေဦးမည်ဖြစ်ပေ၏။ ယခုမူ သူသည် ဘုရားရိပ်၊ တရားငွေ့များကြောင့် သိမ်မွေ့သွားခဲ့ပါပြီ။

ကျွန်ုပ်သည်ကော...

ကျွန်ုပ်ဘာလုပ်သင့်ပါသနည်း။ ကျွန်ုပ်သည် ဆေးတံလေးကို ကိုင်တွယ်ပွတ်သပ်ရင်း ဆုံးဖြတ်ချက်တစ်ရပ်ကို ချလိုက်မိပါတော့သည်။

ကျွန်ုပ် သူ့ကို ပြန်ပို့လိုက်ပါတော့မည်။ ။

**(ဝန်ခံချက်။ ။ ထိုမြေဆေးတံလေးကား ယခုထက်တိုင် ကျွန်ုပ်ထံတွင် ရှိနေပါသေးကြောင်း)**

လပြည့်ဝန်းမဂ္ဂဇင်း (၂၀၀၄၊ ဧပြီ)

**ဝါသနာဓာလေ**



www.burmeseclassic.com

# မိတ်ဆွေထံငွေတောင်းတဲ့ပီညာဉ်

လောကၡ္မ မဖြစ်နိုင်ဟုထင်ရသော ဖြစ်ရပ်များစွာတို့သည် လူတချို့၏ရှေ့မှောက်၌ပင် ဖြစ်ပျက်လျက်ရှိတတ်ပါသည်။

တကယ်တော့ ထိုမဖြစ်နိုင်ဟူသော အကြောင်းအရာများစွာတို့သည် လူ့လောကတစ်နေရာရာ၌ ဖြစ်ခဲ့ဖူးသည်သာဖြစ်ချေ၏။ မသိမမီလိုက်ကြ၍၊ မကြုံဖူးကြ၍သာ မသိကြခြင်းဖြစ်ပေသည်။

ယခုလည်း ဖြစ်နိုင်ဖွယ်မရှိဟုထင်ရသော ဖြစ်ရပ်ဆန်းတစ်ရပ် သန်လျင်မြို့တွင် တကယ်ဖြစ်ခဲ့ဖူးပါ၏။ ကြုံခဲ့သူကာယကံရှင်သည်လည်း ထိုဖြစ်ရပ်အတွက် အဖြေရှာ၍မရခဲ့ပါ။ ထူးဆန်းသော အတွေ့အကြုံတစ်ရပ်ကို တွေ့ကြုံခဲ့ရသည်ကတော့ အမှန်ပင်။

တွေ့ကြုံခဲ့ရပုံကား...

▶▶◀◀





ကိုလှထွေးတွင် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ယောက်ရှိသည်။ ကိုမင်းနိုင်ဆိုသူဖြစ်၏။ ကိုမင်းနိုင်ကား နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်၏။ သန်လျင်မြို့တွင် တာဝန်ထမ်းဆောင်နေရာမှ ခရမ်းမြို့သို့ တာဝန်ဖြင့်ပြောင်းရွှေ့သွားရသည်။

သည်မှာတင် ကိုလှထွေးနှင့်ကိုမင်းနိုင်တို့ အဆက်ပြတ်သွားရ၏။ ကိုလှထွေးကတော့ သန်လျင်မှာပဲနေပြီး ရန်ကုန်သို့ နေ့စဉ်အလုပ်ဆင်းရသည်။ ကိုမင်းနိုင်က သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်တွင် အိမ်ရှိသည်။ ဇနီးသားမယား မိသားစုရှိသည်။ /

ကိုမင်းနိုင် ခရမ်းမြို့မှာတာဝန်ကျတော့ မိသားစုက လိုက်မနေနိုင်။ သန်လျင်မြို့နှင့် ခရမ်းမြို့မှာ မိုင်နှစ်ဆယ်ကျော်ကွာသည်။ ကားစီးလျှင် နှစ်နာရီခန့်စီးရ၏။

ကိုမင်းနိုင်သည် ခရမ်းမြို့တွင်နေ၍ သန်လျင်ရှိမိသားစုထံ မကြာမကြာပြန်လာသည်။ သန်လျင်နှင့်ခရမ်းမှာ သူ့အတွက် အိမ်ဦးနှင့်ကြမ်းပြင်ဖြစ်နေတော့၏။

ကိုမင်းနိုင်သည် ခရမ်းမြို့၌အနေများသဖြင့် ကိုလှထွေးနှင့် အဆက်ပြတ်သလောက်ရှိသွား၏။ အမှန်တော့ သူတို့ချင်း [illegible] လေးရင်းနှီးသည်။ ပြောမနာဆိုမနာ ဖက်လဲတကင်းနေခဲ့ [illegible]

ကိုလှထွေးနေသည့်ရပ်ကွက်က [illegible] ရာ ကိုမင်းနိုင်တို့အုတ်ဖိုစုရပ်ကွက်နှင့် [illegible] လည်း ရန်ကုန်သို့ နေ့စဉ် ကိုယ့်အလုပ်ကိုယ် [illegible]

www.burmeseclassic.com



ခရမ်းမှာ သူ့အလုပ်သူဆင်းနေကြသည်ဖြစ်ရာ တကယ်ပင်မတွေ့ဖြစ်ကြတော့။

တစ်နေ့တော့ ခရမ်းမြို့တွင် ကိုမင်းနိုင်တစ်ယောက် ဆုံးသွားပြီဖြစ်ကြောင်း ကိုလှထွေးကြားသိလိုက်ရသည်။ ကိုလှထွေးသိရချိန်မှာ အတော်လေးနောက်ကျနေပြီဖြစ်၏။

ဆုံးပြီး တစ်လခန့်ရှိမှ ကြားသိရခြင်းဖြစ်၏။ စိတ်မကောင်းဖြစ်ရုံမှအပ ဘာမျှမတတ်နိုင်။ သူ့အိမ်သို့ သတင်းမေးသွားမည်ကြံထားသော်လည်း အလုပ်များနေသဖြင့် မရောက်ခဲ့။

နောက်တော့လည်း ကိုယ့်အလုပ်နှင့်ကိုယ် ဒီကိစ္စကိုမေ့သွားသည်။ မေ့ဆို တော်တော်ပင်ကြာသွားပြီ။ ဆုံးပြီး လေး,ငါး,ခြောက်လခန့်ပင်ရှိမည်။

တစ်နေ့...

ကိုလှထွေးသည် သန်လျင်နာရီစင်အနီးရှိ မိတ်ဆွေတစ်ဦးထံသို့ သွားရောက်ခဲ့သည်။ မနက်ပိုင်းက သွားရောက်တွေ့ဆုံစကားပြောပြီး အလုပ်ဆင်းရန်ရှိ၍ မနက်ကိုးနာရီခန့်မှာ မိတ်ဆွေထံမှပြန်လာခဲ့သည်။

ယနေ့ ကိုလှထွေးသည် တာမွေသို့ဝင်ရဦးမည်ဖြစ်၍ ကျောက်တန်းကားစီးရန် နာရီစင်မှတ်တိုင်သို့ သွားရောက်ကားစောင့်နေခဲ့သည်။

သူကားစောင့်နေချိန်မှာ နံနက်ကိုးနာရီခွဲနေပြီဖြစ်၏။ သူစီးရမည့်ကျောက်တန်းကား မလာသေးသဖြင့် ဆက်၍ရပ်စောင့်နေမိသည်။ ထိုအချိန်မှာ သုံးခွကား၊ ခရမ်းကားများတော့ ဝင်ရပ်ပြီး ပြန်ထွက်သွားသည်မှာ သုံးစီးခန့်ရှိပြီ။

ထိုစဉ် ကိုလှထွေးရှေ့သို့ လူတစ်ယောက်လာရပ်သည်။ ကိုလှထွေးအား နှုတ်ဆက်၏။ "ဘယ်သွားမလို့လဲ" ဟုမေးရာ ကိုလှထွေးက ရန်ကုန်ဟုဖြေလိုက်၏။

ကိုလှထွေးအာရုံက ရောက်လာမည့်ကားဆီမှာ ရောက်နေသည်။ နှုတ်ဆက်သူအပေါ် အာရုံသိပ်မရှိ။ နှုတ်ဆက်နေသူမှာ သူ့အသိမိတ်ဆွေဟုပဲ သိထားသည်။

တကယ်တော့ ကိုလှထွေးကိုနှုတ်ဆက်သူမှာ ကိုမင်းနိုင်ဖြစ်သည်။ ကိုလှထွေးကလည်း ရင်းနှီးပြီးသားသူဖြစ်၍ စကားပြန်ပြောနေခြင်းဖြစ်၏။

သူတို့စကားပြောနေချိန်တွင် ဦးနိုင်ဝင်းဆိုသူဖြတ်သွားရာ ကိုလှထွေးကို လှမ်းနှုတ်ဆက်သွားသည်။

ကိုမင်းနိုင်ကိုမူ ဘာမျှပြောဆိုနှုတ်ဆက်သွားခြင်းမရှိ။ ကိုမင်းနိုင်မှာ ဦးနိုင်ဝင်းတို့ဌာနမှ ခရမ်းသို့ပြောင်းသွားရသူဖြစ်သည်။ ဦးနိုင်ဝင်းမှာ သူ့ဌာနမှ အရာရှိဖြစ်သည်။ သို့သော် ကိုမင်းနိုင်ကို နှုတ်ဆက်ဖို့နေ နသာသော မြင်ဟန်ပင်မရှိ။

ကိုမင်းနိုင်က ကိုလှထွေးအား "ငွေနှစ်ရာလောက်[illegible]" ဟု တောင်းသည်။ ကိုလှထွေးက ခင်မင်သူများဖြစ်၍ "နှစ်ရာ[illegible]ပါ။ တစ်ရာပဲယူပါ" ဟုဆိုပြီး ငွေတစ်ရာတန်ကို ထုတ်[illegible]







www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းနိုင်က ငွေတစ်ရာကိုယူပြီး ကိုလှထွေးကို နှုတ်ဆက်ထွက်ခွာသွားသည်။ ကိုမင်းနိုင်မှာ ခွပ်ကျယ်လက်ပြတ်၊ လုံချည်နီအဖြူစင်းပတ်လည်ကြားနှင့်ဖြစ်သည်။ အုတ်ဖိုစုရပ်ကွက်သို့ ပြန်လည်ထွက်ခွာသွားခြင်းဖြစ်သည်။

ထိုအချိန်တွင် ကားလာပြီဖြစ်၍ ကိုလှထွေးလည်း ကားပေါ်တက်ခဲ့၏။ ထိုအချိန်ထိ ကိုလှထွေးသည် ကိုမင်းနိုင်သေပြီးဖြစ်တာကို သတိမရပါ။ စိတ်က ရွားဆီသို့ အာရုံများနေ၍လည်းဖြစ်မည်။

ကိုလှထွေးမှာ ကားမလာတာကြာ၍ ကားစောင့်နေသောကြောင့် ကိုမင်းနိုင်ကိုမေ့နေ၏။ ငွေတောင်း၍ ထုတ်ပေးလိုက်သည့်အချိန်ထိ ကိုမင်းနိုင်သေတာ ကြာပြီဖြစ်ကြောင်းကို သတိပင်မထားမိလိုက်။ အရင်ကလို မိတ်ဆွေအဖြစ်ပဲမြင်မှတ်ပြီး ဆက်ဆံနေမိခြင်းပါ။

ကားပေါ်ရောက်မှ ကိုလှထွေး ဖျတ်ခနဲသတိရသွားသည်။ ခုန သူ့ကိုနှုတ်ဆက်၍ ငွေတောင်းသွားသည့်မိတ်ဆွေမှာ လွန်ခဲ့သောလေး,ငါး,ခြောက်လခန့်က ခရမ်းမြို့တွင် ဦးနှောက်သွေးကြောပြတ်၍ သေဆုံးသွားခဲ့ပြီဆိုသော ကိုမင်းနိုင်ဖြစ်နေကြောင်း သတိရလိုက်တော့၏။

ကိုလှထွေးမှာ ကားပေါ်ရောက်မှပင် တွေးမိပြီး ခေါင်းနားပန်းများကြီးသွားတော့သည်။ ကိုမင်းနိုင်ဆုံးစဉ်က ကိုလှထွေးလိုက်မပို့ဖြစ်ခဲ့။ ကိုယ့်မျက်စိအောက်မှာမဟုတ်တော့ သေသွားသည်ဆိုတာတောင် မေ့မေ့လျော့လျော့ဖြစ်နေခဲ့သည်။





တစ်လမ်းလုံး ကိုလှထွေး ဦးနှောက်အလုပ်ပေးနေမိတော့သည်။ သေတာကော ဟုတ်ရဲ့လားဟု သံသယဝင်မိသည်။ သေတယ်ဆိုတာ တစ်ဆင့်ကြားရုံဖြစ်ပြီး ကိုယ်တိုင်လည်း မရောက်ခဲ့၊ မမြင်ခဲ့တာမို့ သေတာဟုတ်ရဲ့လားဟု သံသယဝင်မိခြင်းပါ။ သည်ကိစ္စကို စုံစမ်းစနည်းနာဖို့ ကိုလှထွေးဆုံးဖြတ်လိုက်သည်။

ညနေပိုင်းတွင် ရန်ကုန်မှပြန်ရောက်တော့ အိမ်တန်းမပြန်ဘဲ ကိုမင်းနိုင်၏အိမ်သို့ တန်းသွားခဲ့သည်။ ကိုမင်းနိုင်၏ဇနီးက ကိုလှထွေးကို မျက်မှန်းတန်းပြီးသားမို့ ဆီးကြိုနှုတ်ဆက်ပါသည်။ ကိုလှထွေးကတော့ ပဟေဠိတစ်ပုဒ်ကို အဖြေထုတ်လိုသူမို့ လိုရင်းကိုသာ မေးလိုက်သည်။

"ဟဲ့...နင့်ယောကျ်ားမင်းနိုင်ကော"

အမေးခံရသူမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။ ကိုလှထွေးကို တအံ့တသြကြည့်ကာ...

"သူသေတာပဲ ခြောက်လပြည့်တော့မယ်။ ဦးလှထွေးမသိဘူးလား"

ဟု ပြန်ပြောလေ၏။ ကိုလှထွေးကိုလည်း မျက်မှောင်ကြုတ်၍ကြည့်ရင်း တစ်စုံတစ်ခုကို စဉ်းစားဟန်ရှိလေသည်။

"အေး...သူသေတယ်ဆိုတာ ငါကြားတော့ [illegible] နောက်ကျနေလို့ လိုက်မပို့နိုင်ခဲ့ဘူး။ ဒါပေမဲ့ အခု ငါ သူနဲ့ [illegible]"

"ရှင် ဘယ်သူ့ကိုတွေ့ခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းနိုင်၏မိန်းမက တအံ့တသြမေးသည်။ ကိုလှထွေးက နေကဲကားနာရီစင်ဂိတ်မှာ ကားစောင့်ရင်းတွေ့ခဲ့ရပုံ အကြောင်းစုံကို ပြောပြလိုက်သည်။ စွပ်ကျယ်လက်ပြတ်၊ လုံချည်အနီကြားနှင့်ဆိုတော့ ပို၍အံ့အားသင့်သွားသည်။

"ဟုတ်တယ်။ သူသေတုန်းက စွပ်ကျယ်လက်ပြတ်၊ လုံချည် အနီကြားနဲ့ပဲ။ သူ့ကို အဲဒီအဝတ်အစားအတိုင်း ထားပြီးမှ အပေါ်က သူ့အကျီ၊ လုံချည်တွေကို လွှားတင်ရုံ တင်ထားခဲ့တာ"

သေသူကိုမင်းနိုင်၏ ဇနီးမှာလည်း သူ့ယောကျ်ားအကြောင်း ကြားရ၍ မျက်ရည်လေးစမ်းစမ်းစမ်းစမ်းနှင့် ဖြစ်နေတော့သည်။

"အစ်ကို မကျွတ်ဘဲနဲ့များ ခရမ်းနဲ့အိမ်ကို အသွားအပြန် လုပ်နေသလား မသိဘူးနော်။ ပိုက်ဆံကရော ဘာလုပ်ဖို့များ တောင်း သွားရပါလိမ့်"

သူ့ဇနီးက တွေးတွေးဆဆဖြင့်ပြောရှာ၏။ ကိုလှထွေးလည်း အဖြေမပေးတတ်။ သူကိုယ်တိုင် ကိုမင်းနိုင်ကို မြင်လိုက်ရ၊ စကား ပြောရ၊ ငွေထုတ်ပေးလိုက်ရသည်မှာ အသေအချာပင်။ ငွေကိုကိုင်ပြီး ထွက်သွားသည်မှာလည်း ကိုမင်းနိုင်အစစ်။

အဝတ်အစားများကလည်း သူသေစဉ်၊ သင်္ဂြိုဟ်စဉ်ကအတိုင်း မှန်နေခဲ့သည်။ သေတာလည်း သေချာသွားပြီ။

သို့စဉ်လျက်...

ကိုလှထွေးကို လာရောက်နှုတ်ဆ[illegible]စကားပြော ငွေတောင်း





သွားသည်ကလည်း ပီပြင်သေချာသည်။ တစ်ချက်ထူးသည်မှာ ကို လှထွေးနှင့်သူ စကားပြောနေကြတာကို သူ့ဌာနမှ အထက်အရာရှိ ဦးနိုင်ဝင်းကား မြင်ပုံမရ။ ကိုလှထွေးကိုသာ နှုတ်ဆက်သွားခြင်းဝင်။

"ဒီငွေကို ဘာများလုပ်မလို့ပါလိမ့်"

ဟု ကိုလှထွေးစဉ်းစားသည်။ ကားခများ သုံးဖို့လားဟု တွေး မိသည်။ သူ ဒီလိုပဲ သန်လျင်နှင့်ခရမ်း အသွားအပြန်လုပ်နေဆဲလား။ သူ့ဇနီးထင်သလို အိမ်ကိုစွဲလမ်းသေးသဖြင့် အိမ်နှင့်အလုပ် အသွား အပြန်လုပ်နေရှာသလား။ ဒါကြောင့် ကားခငွေများလို၍ တောင်း သလား။ ကိုလှထွေး မတွေးတတ်တော့ပါ။

တစ်ခုထူးရပြန်သည်မှာ သူငွေတောင်းသွားပြီး သိပ်မကြာ ခင် ထီဖွင့်ရာ ကိုလှထွေးသည် ထီသောင်းဆုပေါက်လေသည်။ သူ တောင်းသည့်ငွေနှစ်ရာလုံး ပေးလိုက်မိလျှင် ထီသိန်းဆုများပေါက်လေ မလားဟု ကိုလှထွေးတွေးမိပါသေးသည်။


သူဆုံးစဉ်က လိုက်မပို့လိုက်ရသဖြင့် စိတ်မကောင်းဖြစ်ခဲ့ရ သော ကိုလှထွေး၏စိတ်အစဉ်ကို သူသိ၍ပဲ ကိုလှထွေးအား တခင် သတိပေး လာရောက်နှုတ်ဆက်ခြင်းများလားဟု ကိုလှထွေးတွေးမိရင်း သူ့အား အမျှပေးဝေလိုက်မိပါတော့၏။ ။

နကွတ္တရောင်ခြည်မဂ္ဂဇင်း (၂၀၀၄ နှစ်ထွာ)



www.burmeseclassic.com

www.burmeseclassic.com




# ဆရာဒေါင်းနွယ်၏ထောင်မှူးဘဝဖြစ်ရပ်ဆန်းများ(၁)

"ဆရာရေ...။ ဆရာကြီးဒေါင်းနွယ်လာရင် ညှို့ခံထားနိုင်စမ်းပါ။ ကျွန်တော်အပြင်ခဏသွားမလို့"

"ဆရာကြီးဒေါင်းနွယ်ကို ကျွန်တော်မှမမြင်ဖူးဘဲဗျာ"

"အိမ်ကိုလာမှာပဲဗျာ။ ဆရာကလည်း စာရေးဆရာလုပ်နေပြီး မြင်ဖူးမှ သိတော့မှာလား"

"အိုကေ...အိုကေ...။ သွား...သွား...ကျွန်တော်ညှို့ခံထားလိုက်ပါမယ်"

ကျွန်ုပ်ကတိပြုလိုက်တော့မှ သူစိတ်ချလက်ချထွက်သွားသည်။ 'သူ' သူမှာ သတင်းထောက်ခင်။ ပဲခူးမြို့ရှိ သူ့အိမ်မှာ ကျွန်ုပ်ခေတ္တရောက်နေ၏။ သူက ဆရာကြီးဒေါင်းနွယ်ကို ထမင်းစားဖိတ်ထားသည်။ မနက်ကတည်းက သူနှင့်ကျွန်ုပ် ဈေးထွက်ဝယ်ပြီးပြီ။ သူ့ဇနီးဆရာမဒေါ်တင်တင်မြကတော့ နောက်ဖေးမှာ ချက်ပြုတ်ဆဲ...။

www.burmeseclassic.com



ဆရာကြီးဒေါင်းနွယ်ကလည်း ပဲခူးမှာနေသည်။ ဆရာကြီး၏စာများကိုတော့ ဖတ်ဖူးသည်။ လူကို မမြင်ဖူးပါ။ ဆရာ့စာများက ကောင်းသည်။ ရှားသည်။ လူတိုင်းမရေးနိုင်။ ထောင်မှူးဘဝ နှုတ်သက်(၃၈)နှစ်အတွင်း မြန်မာပြည်အနှံ့သို့ (၂၂)ကြိမ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ရောက်ရာအရပ်မှ ထူးခြားဖြစ်ရပ်များကို လေ့လာစူးစမ်း၍ ရေးမှတ်ထားသည်။ ရေးချင်တဲ့အချိန်၌ ရေးရမည့်မှတ်တမ်းများဟု ပြောသည်။

မှတ်တမ်းစာအုပ်များ အုပ်ရေ(၅၀) ကျော်ရှိခဲ့ပြီ။ ကုန်ကြမ်းများတည်း။

ဤကုန်ကြမ်းများကို ကုန်ချောပြု၍ ရေးသားတင်ပြနေသည်။ ဆရာရေးသမျှ ဖြစ်ရပ်ဆန်းချည်းပါ။ စိတ်ဝင်စားဖို့ အလွန်ကောင်းသည်။ ဖတ်ရသူတိုင်း စိတ်ဝင်စား၏။ ကျွန်ုပ်လည်း စိတ်ဝင်စားသည်။ ယခု လူကိုယ်တိုင်တွေ့ရဦးမည်ဆိုတော့ ပို၍စိတ်ဝင်စားနေမိသည်။ စာဖတ်ရသည်ထက် စာရေးဆရာကိုယ်တိုင်ပြောပြ၍ နားထောင်ရသည့်အရသာက ထူးကဲသည်မဟုတ်လား။

ဆရာကြီးသည် အချိန်တိကျစွာရောက်လာ၏။ မှတ်မှတ်ရရဆို (၂၈.၁၀.၉၉) ရက်နေ့ မနက်(၁၁)နာရီ။ သတင်းထောက်ခင်၏အိမ်ကို ရှာမတွေ့၍ ဆယ်အိမ်မှူးမှ လိုက်ပို့ပေးသည်။

ဆရာဒေါင်းနွယ်ကား အရပ်အမောင်းကောင်း၍ ဖြူဖြူခန့်ခန့်ဖြစ်သည်။ အေးဆေးတည်ငြိမ်သည်။ ငယ်စဉ် ထောင်မှူးယူနီဖောင်း





နှင့်ဆို အလွန်ခန့်လိမ့်မည်။ စကားပြောကောင်း၍ မှတ်ဉာဏ်ကောင်းလှသည်။ မိဘ၊ ဘိုးဘေးဘီဘင်များ၏ အမည်များကို သိနေသေးသည်။ ရွတ်ပြသည်။ အံ့ဩမိ၏။ ဆရာ့အမည်ရင်းကတော့ ဦးကိုကိုလတ်။ လူခန့်လူချောတည်း။

ကျွန်ုပ်နှင့်အတူ သတင်းထောက်ခင်နှင့် မှုခင်းသတင်းထောက် နောင်ထွဏ်း(ပဲခူး)တို့ ရှိနေကြသည်။ ဆရာဒေါင်းနွယ်ပြောသမျှ အားလုံးပါးစပ်အဟောင်းသား။

ဆရာက ဘဝကိုယ်တွေ့အတွေ့အကြုံများကို ဇာစ်နာရီကျော်ကြာ ထိုင်ပြောပြရှာသည်။ ပုံပြင်များမဟုတ်။ ကိုယ်တွေ့ဖြစ်ရပ်ဆန်းများပါ။

စာနယ်ဇင်းအချို့တွင်တော့ ရေးပြီးခဲ့ပြီ။ သို့တစေ စာဖတ်သူတို့ အရသာရှိရှိထပ်မံခံစားနိုင်ရန် ကျွန်ုပ်မှ ပြန်လည်တင်ပြပါဦးမည်။ ဝတ္ထုတစ်ပုဒ်ကဲ့သို့ ပြည့်ပြည့်စုံစုံကြီးတော့မဟုတ်။ ကောက်နုတ်တင်ပြသည့်သဘော။ ကျွန်ုပ်နားထောင်ခဲ့ရသည့် ဖြစ်ရပ်ဆန်းများကို မျှဝေခံစားနိုင်ရန် ပြန်လည်ဖောက်သည်ချသည့် သဘောမျှသာ။ ဆက်လက်ဖတ်ရှုကြပါကုန်။

▶▶ ◀◀

၁၉၇၀ခု ဝန်းကျင် သာယာဝတီထောင်၌ တာဝန်ထမ်းနေစဉ်ဖြစ်သည်။ ထောင်သို့ လူငယ်အကျဉ်းသားတစ်ဦးရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသတ်မှုနှင့် သေဒဏ်ကျခံရမည့် အကျဉ်းသားပါ။

သူ့အမှုက ကိုယ်ဝန်သည်တစ်ဦးကို ဓားဖြင့်ထိုးသတ်မှု။ သူ့အမှုကို အယူခံဝင်ထားစဉ်၊ အသနားခံစာတင်သွင်းထားချိန်ကာလအတွင်း သူသည် ထောင်မှူးဆရာဒေါင်းနွယ်နှင့် လက်ပွန်းတတီးနေခဲ့ရ၏။

"မကောင်းမှုအကုသိုလ်ကို လုပ်ခဲ့မိတော့ ဒီဒဏ်ကို ကိုယ်ပဲပြန်ခံရပြီပေါ့။ ဘာပဲဖြစ်ဖြစ် မသေခင် ကောင်းမှုတွေလုပ်သွားမှ ကြွေးတွေကျေပြီး ဘဝကူးကောင်းမှာမို့ ဘုရားအလုပ်၊ တရားအလုပ် လုပ်ပေါ့ကွာ။ ရတဲ့အချိန်လေးမှာ စိတ်ကိုငြိမ်ငြိမ်ထားပြီး ဘုရား၊ တရားကိုအာရုံထားနေစမ်းပါ"

ထောင်မှူး၏အဆုံးအမကို သူနာခံပါသည်။ ထောင်မှာ လုပ်စရာရှိသမျှ အ[illegible]လုပ်သည်။ သူ့အမေကလည်း ထောင်ဝင်စာတွေ့စဉ် စိပ်ပုတီးလေးပေးသွားသည်။ မိခင်ကို ကျေးဇူးဆပ်လိုက ဒီပုတီးလေးကို မသေမချင်းစိပ်သွားပါဟု ကတိတောင်းသည်။ သူကတိပေးလိုက်၏။ ဒီပုတီးလေးနှင့်စပ်လျဉ်း၍ ဆရာဒေါင်းကို သူအကူအညီတစ်ခုတောင်းသည်။

သူ့အမှုကလည်း အယူခံရော၊ အသနားခံစာပါ ပလပ်ခံရ၍ ရှုံးခဲ့ပြီး သူ့ကိုသေဒဏ်ပေးရတော့မည်။ ကြိုးပေး၍ သတ်ရပါတော့မည်။ တစ်ရက်ကြို ညနေဘက် သရဏဂုံတင်တော့ သူကပြောလာသည်။





"ဆရာ...ကျွန်တော့်ကိုကြိုးပေးချိန်မှာ ဒီပုတီးလေးကို လက်ထဲမှာ ဆုပ်ကိုင်ထားချင်ပါတယ်။ တကယ်လို့များ ကျွန်တော်သေချိန်မှာ ဒီပုတီးလေး လက်ကပြုတ်ကျနေခဲ့ရင်တော့ ဘာမှမလုပ်ပါနဲ့။ လက်ထဲမှာ ဆုပ်ကိုင်လျက်သာ ရှိနေဦးမယ်ဆိုရင်တော့ ပုတီးလေးကိုအမေ့ဆီအရောက် ပို့ပေးပါဆရာ"

ဆရာဒေါင်း တွေသွားသည်။ သေဒဏ်ကျခံရ၍ ကြိုးပေးမည့်အကျဉ်းသားကို ဘာပစ္စည်းမှ ထည့်ပေး၍မဖြစ်နိုင်။ ထောင်စည်းကမ်းက ကြီးပါသည်။

သေဒဏ်ကျခံရသူကို သတ်ရမယ့်သူပဲ၊ သေရမယ့်သူပဲဟု၍ ဖြစ်ကတတ်ဆန်းမလုပ်ရ။ ကျန်းမာရေးဆေးစစ်ရသေးသည်။ ကျန်းမာရေးညံ့နေသည်၊ နေကောင်းခြင်းမရှိ၊ အားအင်ချည့်နဲ့နေလျှင် ကြိုးမပေးရသေး။ ဆေးဝါးကုသ စောင့်ဆိုင်းရသည်။

ကြိုးပေးစဉ် နာကျင်ပွန်းပဲ့မှုလည်း မရှိစေရ။ ကိုယ်အလေးချိန်နှင့် ကြိုးအရှည်ကို တွက်ချက်စီစဉ်ရသည်။ အဖြစ်နိုင်ဆုံး သက်သက်သာသာအသက်ထွက်စေရန် ဂရုစိုက်ရသည်။ ကြိုးပေးခြင်းသည် အရုပ်ထဲမှ ဆွဲကြိုးချသလို လည်ပင်းအစ်၊ အသက်[illegible] ခြင်းမဟုတ်ပါ။ လူ၏မေးအောက်တွင် ဖွဲ့ချိင်းဆက်ရှိ၏။ [illegible] နင်းထားသည့် အံဖုံးကို ဖြုတ်ချလိုက်ချိန်၌ [illegible] ၏ဆောင့်အားကြောင့် မေးအောက်မှ ဖွဲ့ချိင်းဆက်[illegible] သည်။ ရှန်းကန်လှုပ်ရှားခြင်း ပြင်းပြင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



နည်းလှမ်းယမ်းပြီး လေးငါးမိနစ်ခန့်ဆို ငြိမ်သွားလေပြီ။

ဆရာဒေါင်းသည် သူ့အားတွေကြည့်ပြီး ကတိပြုလိုက်မိတော့သည်။

"အေးကွာ...ငါကူညီပါ့မယ်"

"ကျေးဇူးပဲဆရာ။ ကျွန်တော်လည်း အချိုရည်သောက်ချင်တယ်"

"ဩော်...အေး...အေး။ ရော့...သောက်လေ"

ဆရာဒေါင်းသည် ဘုန်းတော်ကြီးအတွက် တစ်ပုလင်း၊ မိမိအတွက် တစ်ဝုလင်းသာ မှာထားရာ သူသောက်ချင်သည်ဆို၍ ပေးတိုက်လိုက်တော့သည်။

ထူးခြားသည်မှာ ကောင်လေးတည်ငြိမ်နေခြင်းပင်ဖြစ်သည်။ မိမိထံမှ သူလိုချင်သည့်ကတိ ရလိုက်၍လည်း ဝမ်းသာသွားပုံရသည်။

ရောက်စကနှင့်မတူ။ မျက်နှာလဲန်းဆန်း၍ အသားအရေများ စိုပြည်နေသည်။ အချိုရည်ကို ကုန်အောင်သောက်ပြီး လက်ထဲမှပုတီးလေးကို စိပ်နေသေးသည်။

ဆရာဒေါင်းကိုလည်း ကန်တော့လိုက်သေးသည်။ အတွေ့အကြုံများလှသော ဆရာဒေါင်းပင်လျှင် မျက်ရည်မဝဲအောင် သတိထားနေရ၏။

ယခုတော့လည်း သူသည် လူသတ်သမားမဟုတ်သလို ပျော့ပျောင်းတည်ငြိမ်နေပါပြီ။





"နှောင်းတော့နှောင်းပြီ ကလေးရယ်။ မိုက်နှောင်တာက နှောင်းနေပါပြီ"

ဆရာဒေါင်းရင်မှာ ဤသို့ခံစားပြောဆိုနေပါသည်။ မနက်လင်းရင်ဖြင့် ဆရာဒေါင်း သူ့ကိုကြိုးပေးသတ်ရပါတော့မည်။

▶▶◀◀

နံနက်လင်းတော့ ဆရာဒေါင်းစောစောထ၍ ကြိုးတိုက်သို့ ပြေးရသည်။ ကောင်လေးက မိမိကိုယ်ကို ကိုယ်တိုင်လက်နောက်ပြန် လက်ထိတ်ခတ်လိုက်သည်။ ထောင်ကြပ်များလုပ်ရမည့်ဖြစ်သော်လည်း စိပ်ပုတီးကိစ္စက ရှိနေသည်။ ထို့ကြောင့် မိမိအကြံနှင့် မိမိကိုယ်တိုင်ပင် ဝင်လုပ်ခြင်းဖြစ်သည်။ သူ့လက်ထဲကို ပုတီးလေးထည့်ပေးလိုက်သည်။

သူ ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသည်။

သူ့မှာ တုန်လှုပ်မှုအမူအရာ မတွေ့ရ။

သူဖြစ်ချင်တာဖြစ်ရ၍ ကျေနပ်နေပုံပင်ရသည်။

သူ့ကို ကြိုးပေးပြီးတော့ ဆရာဒေါင်း သူ့အလောင်းကို သေချာကြည့်မိသည်။

အို...လက်ထဲမှာ ပုတီးလေး။ သူများမမြင်ခင် ယူ၍ ဆောင်းဘီအိတ်ထဲ ထည့်ထားလိုက်သည်။ ပြီး...ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်ရင်း ပုတီးလေးကိုမေ့နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီပုတီးလေးကြောင့် ပြဿနာတက်လာလိမ့်မည်ဟုလည်း ဆရာဒေါင်းမထင်ပါ။ ညကျတော့ ပြဿနာက စလာသည်။ ထိုအချိန်မှာ ဆရာဒေါင်း၏ဇနီးကလည်း ကလေးမွေးထားတာ မကြာလှသေး။

တစ်ညလုံး အိမ်ရှေ့မှာ ခွေးများတစီစီဖြစ်နေသည်။ ဝုန်းဒိုင်းကြဲနေကြသည်။ ဆရာဒေါင်းက စိတ်ပေါက်ပေါက်နှင့် မှောင်ထဲ ခဲနှင့်လှမ်းပစ်၊ ဆဲဆိုကြိမ်းမောင်းလိုက်တော့ ငြိမ်သွားသည်။

"ကိုလတ်...ရှင် မနက်က ကြိုးပေးတာ ပြည့်စုံရဲ့လား။ ဘာကျန်ခဲ့ပြန်ပြီလဲ"

ထောင်မှူးကတော်က မေးခွန်းထုတ်လာသည်။ အတွေ့အကြုံများနေပြီမို့ အထာသိနေပြီ။ သေဒဏ်ပေးသူများကို အမိန့်ပြန်တမ်း၊ ထောင်မှလွှတ်မိန့်၊ ကူးတို့ခ စုံအောင်ထည့်ပေးရသည်။

တစ်ခါက ကြိုးပေးသူတစ်ဦး၏ အမိန့်ပြန်တမ်း၊ လွှတ်မိန့်နှင့် ကူးတို့ခတို့မှာ အံဆွဲထဲမေ့ထားပြီး ထည့်မပေးမိခဲ့။ သူ့ကို ကြိုးပေး၊ မြေမြှုပ်ပြီးထိတောင်မှ ဝုန်းဒိုင်းကြဲနေသည်။

ထောင်ကြပ်၊ ထောင်ဝါဒါများကလည်း မသက်သာ။ ထောင်မှူးဘာများလိုအပ်သွားပြီနည်း။ စဉ်းစားကြသည်။ မေးလည်း မမေးရဲ။ တစ်နေ့ စားပွဲရှင်းရင်း အံဆွဲဖွင့်လိုက်ရာမှ ထိုသူအတွက် ပြန်တမ်းအမိန့်စာနှင့် ကူးတို့ခ သွားတွေ့သည်။

"ဩော်...ဒါကြောင့်ကိုး"

ချက်ချင်းယူ၍ သူ့မြေပုံရှိရာ ခေါင်းရင်းမှ ပြန်တမ်းအမိန့်ဖတ်





ရသည်။ ကူး၍ ထည့်ပေးလိုက်ရသည်။ ထိုမှသာ ထောင်မှာငြိမ်သက်သွားတော့သည်။

ယခုလည်း ထောင်မှူးကတော်က မသက်သာ၍ မေးနေပြီ။ ဆရာဒေါင်း ပြန်မဖြေတတ်။ ပုတီးလေးကို သတိရမိသည်။ ချွတ်ထားသည့်ဘောင်းဘီထဲ သွားစမ်းတော့ တွေ့ရ၏။ ဒါကြောင့်ကိုးဟု သိလိုက်ရသည်။ သို့နှင့် ပုတီးကံလေးကို ထောင်မှူးကတော်မသိအောင် ရုံးခန်းမှာ ယူထားလိုက်မိသည်။

လားလား...ရုံးခန်းထဲမှာလည်း ပြဿနာ။ ရိပ်ခနဲမြင်လိုက်၊ လေတိုးသွားသလို အေးခနဲဖြစ်လိုက်နှင့်။ ဒီကိစ္စကို အတွေ့အကြုံများသော ထောင်ဝန်ထမ်းများကလည်း ရိပ်မိလာကြသည်။

သို့နှင့် ဆရာဒေါင်းကြံရာမရဖြစ်ပြီး နောက်နေ့ အိမ်သို့ပြန်ယူခဲ့မိပြန်သည်။ ပြန်ယူလာသည့်ညမှာပဲ အိမ်ရှေ့ဝါးတစ်ရိုက်လောက်ဆီမှာ ခွေးများစီခနဲဖြစ်ကြပြန်သည်။

ဆရာဒေါင်းထကြည့်တော့ ခပ်လှမ်းလှမ်းဝါးရုံအောက်မှာ ငုတ်တုတ်ကလေး ရိုးတိုးရိပ်တိပ်တွေ့လိုက်ရသည်။ စိတ်ထဲပေါက်ပေါက်ရှိလှသဖြင့်...

"ကိုင်းကွာ...ရော့...မင်းပုတီး။ မင်းသွားတော့"

ဟု ပြောကာ ပုတီးနှင့်လှမ်းပစ်လိုက်မိသည်။ ထိုအခါ အရိပ်လည်းပျောက်၊ ခွေးဟောင်သံလည်း ငြိမ်သွားတော့သည်။

မနက်တွင် ထိုနေရာသို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လေးကိုတွေ့ရသည်။ အသာကောက်ယူပြီး သိမ်းထားလိုက်သည်။ နောက်နေ့ ခွင့်ယူ၍ ပုတီးလေးကို သူ့မိခင်ထံသွားပေးလိုက်တော့၏။

မိခင်ကြီးမှာ ပုတီးလေးကိုကိုင်ကြည့်၍ မျက်ရည်ကျရှာသည်။ ဘာတဲ့ဖြစ်ဖြစ် ဆရာဒေါင်း ယခုမှပင် ဟင်းချနိုင်တော့သည်။ ကျေနပ်မိသည်။ သေသူတစ်ယောက် ထားရှိသွားသည့်သစ္စာအရ ရှင်နေသူမိမိမှ တာဝန်အတိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီမဟုတ်ပါလား။


ဤသည်ကား ထောင်မှူးဟောင်းဆရာဒေါင်းနွယ်၏ ကိုယ်တွေ့ဖြစ်ရပ်များပါ။ ယနေ့ ပရလောကမယုံကြည်သူများတော့ ဒဏ္ဍာရီဆန်နေလိမ့်မည်။

သို့သော် ဆရာဒေါင်းနွယ်ယခုတိုင်ရှိနေပါသေးသည်။ ဘုရားတရားလုပ်ရင်း အတွေ့အကြုံများကို စာရေးလျက်ရှိပါသည်။ စာဖတ်သူတို့ ဗဟုသုတတိုးပွားရန်၊ အသိတရား၊ သံဝေဂများ ရစိမ့်သောငှာ မိမိတို့တွေ့ကြုံဖြတ်သန်းသိရှိခဲ့ရသော အသိများကို ရေးသားတင်ပြရန်မှာ ကျွန်ုပ်တို့စာရေးဆရာများ၏တာဝန်သာဖြစ်သည်။

ဖတ်ရှုမှတ်သား စိစစ်၍ လက်ခံခြင်း၊ လက်မခံခြင်းကား စာဖတ်သူတို့၏တာဝန်သာ ဖြစ်ပါချေ၏။ ။

မြင်ကွင်းစုံမှုခင်းမဂ္ဂဇင်း (၂၀၀၀၊ ဇန်နဝါရီ)






www.burmeseclassic.com

www.burmeseclassic.com

## ဆရာဒေါင်းနွယ်၏ယောင်မှူးအာဝဖြစ်ရပ်ဆန်းများ (၂)

ကျွန်ုပ်သည် အငြိမ်းစားထောင်မှူးဟောင်း ဆရာဒေါင်းနွယ်နှင့် ပဲခူးမြို့၌ဆုံကြပြီးသည့်နောက် ဆရာဒေါင်းနွယ်ပြောပြသည်များကို စာဖတ်သူများသို့ ပြန်လည်ဖောက်သည်ချလိုစိတ်များ တဖွားဖွား ပေါ်ပေါက်လျက်ရှိပေ၏။

သို့ပါငြားလည်း စိတ်သာရှိ၍ လက်မှုချမရေးဖြစ်ခဲ့ပေ။ ပြီးခဲ့သည့်လက တစ်ပုဒ်မျှသာရေးခဲ့ပြီး ဆက်ရေးမည်ကြံသော်လည်း မရေးဖြစ်ရသည့်အကြောင်းမှာ ယခုမြင်ကွင်းစုံမဂ္ဂဇင်း၏စာတည်းချုပ် ဆရာမောင်မောင်သိန်းမှပင် စာတည်းချုပ်အဖြစ်ဆောင်ရွက်ပြီး ကျွန်ုပ်မှ တာဝန်ခံအယ်ဒီတာအဖြစ်တည်းဖြတ်ထုတ်ဝေမည့် မြင်ကွင်းစုံလစဉ် ထုတ်ဂျာနယ်အတွက် လုံးပန်းနေရသောကြောင့်ဖြစ်ပါသည်။

ကျွန်ုပ်သည် မအားလပ်သည့်ကြားထဲမှ ဆရာဒေါင်းနွယ်နှင့် ပဲခူး၌စကားပြောဆိုဖြစ်သည်တို့ကို ပြန်လည်တွေးတောမိလျက်လည်း





ရှိတတ်လေ၏။ နောက်ဆုံးတွင် စိတ်ဝင်စားဖွယ်ကောင်းလှသော ထို အကြောင်းအရာဖြစ်ရပ်ဆန်းများကို မရေးဘဲနေလျှင် ကောင်းစွာအလုပ် လုပ်၍ ရမည်မဟုတ်မှန်း ရိပ်မိရကား ယခုဖြစ်ရပ်ဆန်း(၂)ကို ဆက် လက်ရေးသားလိုက်ရလေတော့သတည်း။

▶▶◀◀

ကျွန်ုပ်နှင့် ဆရာဒေါင်းတို့သည် ပဲခူးမြို့သစ်ရှိ သတင်းထောက် ခင်၏အိမ်တွင် နံနက်စာထမင်းစားကြပြီးနောက် စကားစမြည်ပြော ဖြစ်ကြလေ၏။ အနားမှာတော့ သတင်းထောက်ခင်နှင့် နောင်ထွဏ်း (ပဲခူး)၊ တင်တင်မြ(ပညာရေး)တို့ ရှိကြ၏။ ကျွန်ုပ်က အငြိမ်းစားထောင် မှူးကြီး ဆရာဒေါင်း၏ဇာတိကို သိလိုသဖြင့် စကားစလိုက်သည်။

**ကျွန်ုပ်။** ။ ဆရာဒေါင်းဘယ်ဇာတိလဲဗျ။

**ဒေါင်း။** ။ ဘာလဲဗျ ဇာတိဆိုတာ...။

**ကျွန်ုပ်။** ။ မွေးတဲ့ဒေသ၊ ချက်မြှုပ်ဒေသကို ပြောတာပါ။

**ဒေါင်း။** ။ ဟဲ...ဟဲ...ကျုပ်မှာ ချက်မြှုပ်တဲ့ဒေသ မရှိဘူးဗျ။

**ကျွန်ုပ်။** ။ အလိုဗျာ...ဘယ်လိုဖြစ်လို့ပါလိမ့်။

ကျွန်ုပ်က တအံ့တသြမေးတော့ ဆရာဒေါင်းရယ်နေသည်။ ဆရာဒေါင်းကား တကယ့်ကိုလူကန့်လန့်ကြီးပါလားဟုလည်း ကျွန်ုပ် တွေးနေမိသည်။ ကျွန်ုပ်ဘာတွေးနေသည်ဆိုတာကို ရိပ်မိဟန်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ဆရာဒေါင်းက လေအေးလေးနှင့် ပြောလာသည်။

ဒေါင်း။ ။ တကယ်ပြောတာပါဗျာ။ ကျုပ်မှာ ချက်မြှုပ်တဲ့ အရပ်ရယ်လို့ မရှိပါဘူး။ ကျုပ်မွေးပြီးတော့ အချင်းကို ရေထဲမျှောလိုက်ကြတာဗျ။ ကျုပ်က သင်္ဘောပေါ်မှာ မွေးတာလေ။

ကျွန်ုပ်။ ။ သြော်...ဒါကြောင့် ချက်မြှုပ်တဲ့အရပ် မရှိဘူးလို့ ပြောတာကိုး။ ဟုတ်ပါ့ဗျာ။ နို့...နေပါဦး။ ရေထဲမျှောတာက ဘယ်အရပ်၊ ဘယ်ဆိပ်ကမ်းလဲဗျာ။

ဒေါင်း။ ။ ဒါလည်းမသိဘူးဆရာ။ အမေကတော့ အထက်မင်းလှဓာတ်ပဲ။ မင်းလှကနေ ဧရာဝတီသင်္ဘောစီးလာတုန်း သင်္ဘောပေါ်တင် မွေးတာတဲ့ဗျာ။ အဲမယ် ကျုပ်က ငယ်ငယ်ကတည်းက ဧရာဝတီသင်္ဘော အလကားစီးခွင့်ရခဲ့တာဗျ။ အဖော်တစ်ဦးပါ ခေါ်လို့ရသေး။ ကျုပ်ရဲ့လက်မှတ် ပြလိုက်ရင် သင်္ဘောသားတွေ၊ ကုလားတွေ ဆလံပေးကြတာပဲလေ။

ကျွန်ုပ်။ ။ တယ်ဟုတ်ပါလား။ ကျွန်တော်တောင် အားကျမိပါရဲ့။ ဒီလိုအခွင့်အရေးမျိုး ရချင်စမ်းလိုက်ပါဘိ။

ဒေါင်း။ ။ဒါကတော့ဆရာရယ်...ဖြစ်တောင့် ဖြစ်ခဲကိစ္စပါ။ ကျုပ်ကိုက ဘယ်လိုဖြစ်တောင့်ဖြစ်ခဲကိစ္စတွေနဲ့ အကျိုးပေးနေမှန်း မသိပါဘူး။





ကျွန်ုပ်။ ။ စာရေးဆရာဖြစ်ချင်လို့ ဖြစ်မှာပေါ့ဆရာရယ်။ အဲဒီဖြစ်တောင့်ဖြစ်ခဲ ဆရာကြုံတွေ့ခဲ့တဲ့ အကြောင်းအရာတွေထဲက စိတ်ဝင်စားဖို့ကောင်းတဲ့ ကိစ္စလေးတွေ ဆက်ပြောပြပါဦး။

ဒေါင်း။ ။အင်း...ပြောရမယ်ဆိုရင်တော့...

ဆရာဒေါင်းသည် 'ပြောရမယ်ဆိုရင်တော့...'ဟု စကားပလ္လင်ခံကာ စုံကောက်ကြီးဦးရှုံစား၏အိုက်တင်ဖြင့် မေးကိုပွတ်လျက်နေလေ၏။

ကျွန်ုပ်တို့လည်း စိတ်ဝင်စားဖွယ်ဇာတ်လမ်းအတွေ့အကြုံတစ်ခုကို နားထောင်ရတော့မည်ကိုသိသဖြင့် ငြိမ်သက်စွာ နားစွင့်လျက်ရှိနေကြလေသည်။ ဆရာဒေါင်းက ရေနွေးကြမ်းတစ်ခွက်ကို ကျိုက်ခနဲမော့ချပြီး သူ၏အတွေ့အကြုံဖြစ်ရပ်ဆန်းတစ်ရပ်ကို ပြောပြလေတော့သည်။

ဆရာဒေါင်းပြောပြသည့် ဖြစ်ရပ်ဆန်းတစ်ပုဒ်မှာ အောက်ပါအတိုင်းဖြစ်သတည်း။

▶▶◀◀

ကျွန်ုပ်သည် ထောင်မှူးတာဝန်ဖြင့် မြန်မာပြည်[illegible] သို့ ရောက်ရှိလျက် တာဝန်ထမ်းဆောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဇာဟုသုတများ အတော်လေးရရှိ... ...သ၏။ တွေ့ရှိသမျှ ထူးဆန်းထွေလာဖြစ်ရပ်များကို မှတ်စုစာအုပ်လေး၌ ရေးသွင်းထားပြီး တစ်နေ့၌ ပြန်လည်ရေးသားရန် ရည်မှန်းချက်ထားခဲ့လေ၏။

ယခုတင်ပြလတ္တံ့သောဖြစ်ရပ်သည် (၁၉၆၈)ခုနှစ်ဝန်းကျင်က ပဲခူးရိုးမတောလမ်းသွားရာအတွင်း တွေ့ကြုံခဲ့ရသော ဖြစ်ရပ်တစ်ရပ်ဖြစ်ပါသည်။ ဓမ္မတ္တာတရား၏ နက်ရှိုင်းမှုပုံရိပ်များကို ယခုဇာတ်လမ်း၌ တွေ့ရမည်ဖြစ်ပေသည်။ ထိုနက်ရှိုင်းသော မေတ္တာဇာတ်လမ်းအစသည်ကား...။

"ဆရာဦးကိုလတ်ရေ...ကျုပ် တောတွင်းသစ်စခန်းသွားမလို့ ဗျာ။ လိုက်ခဲ့ပါလား"

တောအုပ်ကြီးဦးဝင်းနိုင်က ကျွန်ုပ်အား အဖော်လာစပ်သဖြင့် ကျွန်ုပ်လိုက်ဖို့၊ မလိုက်ဖို့ စဉ်းစားရလေတော့၏။ ကျွန်ုပ်မှာ ထောင်တွင်ထောင်မှူးတာဝန်ယူထားရပြီး ဦးဝင်းနိုင်မှာ သစ်တောဌာနမှ အရာရှိဖြစ်လေ၏။

ကျွန်ုပ်နှင့်ဦးဝင်းနိုင်မှာ ရင်းနှီးကြပြီး တောတွင်းသစ်စခန်းများသို့လည်းကောင်း၊ ကျွန်ုပ်၏ထောင်ကျအကျဉ်းသားများ အလုပ်စခန်းသို့လည်းကောင်း သွားကြရာ၌ အတူသွားလေ့ရှိသည့်အားလျော်စွာ ခေါ်နေခြင်းဖြစ်ပါ၏။ ကျွန်ုပ်လည်း လိုက်နေကျဖြစ်သလို အကျဉ်းအလုပ်စခန်းသို့လည်း သွားရောက်ကြည့်ရှုလိုသဖြင့် လိုက်မည်ဟု ဆုံးဖြတ်လိုက်လေ၏။





"အိုကေ...လိုက်မယ်ဗျာ..."

"မနက်စောစောသွားမှာ။ လာခေါ်မယ်။ စောင့်နေ"

"ကောင်းပြီဗျို့"

ကျွန်ုပ်သည် ကတိခိုင်ခိုင်ပေးလိုက်ပြီးနောက် မနက်ဖြန်တောတွင်းခရီးသွားရန်အရေး စိတ်ထဲမှ အစီအစဉ်ဆွဲနေမိလေ၏။ ဦးဝင်းနိုင်ကတော့ သူမောင်းလာသည့်ဂျစ်ကားလေးကို လာလမ်းအတိုင်း ပြန်လှည့်မောင်းလေ၏။

နောက်တစ်နေ့နံနက် မိုးသောက်သည်နှင့် ဦးဝင်းနိုင်က ဂျစ်ကားလေးနှင့် လာခေါ်နေတော့သည်။ ကားပေါ်မှာ မည်သူမျှမပါ။ သို့နှင့် ကားရှေ့ခန်းပေါ်တက်၍ သူ့ဘေးမှကပ်ထိုင်လိုက်ပြီး စကားတပြောပြောနှင့် ခရီးနှင်လာခဲ့ကြ၏။

ကနဦးက လမ်းဖြူးသော်လည်း တောတွင်းပိုင်းရောက်သောလမ်းကဆိုးလေ ဖြစ်တော့၏။ သစ်တောနှင့် ဌာနဆိုင်ရာယာဉ်များသာ တစ်ခါတစ်ရံသွားသည့်လမ်းဖြစ်သည့်အားလျော်စွာ လမ်းက မကောင်းပါ။ ချိုင့်များ၊ ကျင်းများ၊ ချုံများကို ရှောင်မောင်းနေရ၍ ခရီးက မတွင်လှ။

"ဦး...ကိုကိုလတ်ရေ...ဒီနေ့ကားမောင်းရတာ သိပ်ဟန်မကျလှဘူး။ တစ်ခုခုလိုနေသလိုပဲဗျာ"

"ခင်ဗျားစိတ်ထင်လို့ နေမှာပါ။ ဘာမှဖြစ်မှာ မဟုတ်ပါဘူး" ဟုသာ ဦးထိပ်ထားပြီး တောဆောင့်နတ်၊ တောင်စောင့်နတ်တို့ မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ပို့ဗျာ။ မေတ္တာသုတ်များလည်း ရွတ်ဗျ။ ဒါ တောတောင်ထဲ ခရီးသွားရင် မဖြစ်မနေလုပ်ရမယ့် အလုပ်ပဲဗျ။ ကျုပ်တောင် မေတ္တာသုတ်ရွတ်ပြီး လိုက်လာတာဗျ"

"ရွတ်ပါသော်ကောဗျာ။ နတ်တွေလည်း မေတ္တာပို့ပါရဲ့။ ဒါ ထက် နေဇမ်းပါဦး။ ဟိုးရှေ့က မည်းမည်းကြီးဟာ ဘာစ်တုံးကြီးများ လား"

"မှန်းစမ်း...။ အင်း...လမ်းကို ကန့်လန့်ဖြတ်ကြီးနဲ့။ သစ်တုံး ကြီးနဲ့တော့ တူပါရဲ့။ ဒါပေမဲ့ သစ်တုံးမဟုတ်ဖို့တော့ များတယ်"

ကျွန်ုပ်က ရှေ့မှခပ်ဝါးဝါးသဏ္ဌာန်ကို သေချာကြည့်ရင်း ဝေဖန်စစ်ကြောနေမိ၏။ အချိန်မှာ မွန်းလွဲချိန်ဖြစ်သော်လည်း မိုးသား များအုံ့ဆိုင်းညို့တက်နေ၍ တောကြီးမှာ မှောင်နေ၏။ အရာဝတ္ထုဟူ သမျှ မပီထင်ရှား ဝိုးတဝါး။

"ဗျို့...ဦးကိုလတ်။ လှုပ်သလိုပဲဗျ။ သစ်တုံးမဟုတ်တာတော့ သေချာနေပြီ"

"သေချာကြည့်ပါဦးမယ်။ ကားကို စက်ရပ်ထားလိုက်ဗျာ"

ကျွန်ုပ်တို့လည်း ကားစက်ကိုရပ်ထားလိုက်ပြီး အရာဝတ္ထုကြီး ဆီသို့ မျက်တောင်မခတ် ကြည့်နေမိကြတော့သည်။ သစ်လုံးသဏ္ဌာန် အရာဝတ္ထုကြီးမှာ လမ်းကိုကန့်လန့်ပြုလျက်ရှိနေသည်မှာ သစ်လုံးကြီး လား ထင်မှတ်မှားစရာ။

"ဦးကိုလတ်...မည်းမည်းကျူတ် 'တ် တလှုပ်လှုပ်နဲ့ ကျွေ





မြွေကြီးဖြစ်လိမ့်မယ်ဗျ။ ကြီးမှကြီးဗျာ"

"မြွေကြီးဖြစ်လိမ့်မယ် လုပ်မနေနဲ့။ တကယ့်မြွေကြီးပဲ။ လမ်း ဖြတ်ကူးနေတာ။ အမြီးနဲ့ခေါင်း ပျောက်နေတယ်။ အတော်ရှည်လျား တဲ့အကောင်ပဲ"

"အခုနေ ကားနဲ့ဖြတ်ကြိတ်လိုက်ရရင် ကောင်းမယ်ထင် တယ်"

"ဟာ...မလုပ်ပါနဲ့ဗျာ။ ကိုယ့်ကိုဒုက္ခပေးတာမှ မဟုတ်ဘဲ ဟာ။ သူ့လမ်းသူသွားပါစေ"

ကျွန်ုပ်မှ ဟန့်တားလိုက်သဖြင့် ဦးဝင်းနိုင်ငြိမ်သွားသည်။ ကားပေါ်တက်၍ စတီယာရင်ကိုကိုင်ကာ မြွေကြီးအမြီးဖြတ်သွားမည့် အချိန်ကို စောင့်နေလေ၏။

ကျွန်ုပ်လည်း မြွေကြီးအားမေတ္တာများပို့လျက် ဘေးရန်ကင်း စွာ ထွက်ခွာသွားစေနိုင်ဖို့ ဆုတောင်းပေးနေမိသည်။ မြွေကြီးဖြတ် သွားချိန်ကိုစောင့်ရင်း ကားပေါ်တက်ထိုင်နေမိတော့သည်။ နှစ်ဦးသား စကားမပြောဖြစ်ကြဘဲ မြွေကြီးကိုသာအာရုံစိုက်ရင်း မျက်လုံးများဖွေး၍ စောင့်နေမိတော့သည်။

"ဗျို့...ဦးဝင်းနိုင်။ ထ...ထ...။ မြွေကြီးမရှိတော့ဘူး"

"ဟာ...ဟင်..."

ဦးဝင်းနိုင်မှာ 'ဟာ..ဟင်' သံပြုလျက် အိပ်ရာမှ

သလို ဖြစ်နေ၏။ သူအိပ်ပျော်နေပြီး ကျွန်ုပ်နှိုးမှ နိုးလာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့မှာ မြွေကြီးကိုစောင့်ရင်း ကားပေါ်မှာ အသီးသီး အိပ်ပျော်သွားမိကြခြင်းဖြစ်သည်။ ဦးဝင်းနိုင်က စတီးရာရင်ပေါ် ခေါင်းတင်၍လည်းကောင်း၊ ကျွန်ုပ်က နောက်မှီကို မှီ၍သော်လည်းကောင်း အိပ်ပျော်သွားကြခြင်းပင်။

မည်မျှကြာသွားသည်မသိ။ နိုး၍ ကြည့်လိုက်တော့ မြွေကြီး လည်းမရှိတော့။ မိုးရိပ်များလည်း ကင်းစင်သွားလေပြီ။ နေမွန်းတိမ်း ပြီမှန်သော်လည်း အလင်းရောင်လေးများ ပိုမိုကောင်းမွန်လာ၏။ ခုန မိုးသားများအုံ့ဆိုင်းနေ၍ မှောင်သလောက် ယခုမမှောင်တော့။

ကျွန်ုပ်တို့လည်း ကားကိုမောင်းခဲ့ရင်း အတွေးကိုယ်စီနှင့် ရှိကြလေ၏။ နှစ်ဦးသား အိပ်ပျော်သွားရသည့်အဖြစ်နှင့် မြွေကြီး ပျောက်ခြင်းမလှပျောက်သွားရသည့်အဖြစ်များကို တွေးနေမိကြလေ သတည်း။

▶▶ ◀◀

"ဟာ…ဆရာတို့ပါလား။ မိုးချုပ်လှပေါ့"

"အေးကွာ။ လမ်းမှာ နည်းနည်းကြာသွားလို့"

နောက်ဆုံးဝင်ရမည့်စခန်းသို့ မိုးချုပ်လှမှ ရောက်သွားသဖြင့် တပည့်များက ဆီးကြိုရင်း ပွပွန်စွာပြောခြင်းဖြစ်သည်။ ခရီးပန်းလှ သဖြင့် စကားသိပ်မပြောနိုင်ကြဘဲ တဲပေါ်တက်၍ တုံးလုံးပက်လက်နား





ကြ၏။ ကားကိုတော့ သစ်ဝင်အောက် မှောင်ရိပ်မှာ ထိုးထားခဲ့သည်။

တပည့်များချက်ကျွေးသည့် ညနေစာကို စားသောက်ပြီးချိန်၌ ခေတ္တမျှစကားပြော၍ စောစီးစွာအိပ်ရာဝင်ကြသည်။ မနက်စောစောထ၍ အပြန်ခရီးသွားကြရမည်မို့ နံနက်စောစောနိုးရန် မှာကြားထားရ သေး၏။

"ဆရာ…ဆရာ…"

ခေါ်သံသဲ့သဲ့ကြား၍ မျက်လုံးဖွင့်ကြည့်လိုက်မိသည်။ ရောင်နီ ပျိုးနေပြီဖြစ်၍ လူးလဲထလိုက်ရသည်။ ဦးဝင်းနိုင်ကိုလည်း ပုတ်နှိုး လိုက်ရသည်။

"နိုးပြီလားဆရာ။ ကောင်ညှင်းပေါင်းနဲ့ ဆတ်သားခြောက် လေး စားလိုက်ကြပါဦး။ ပြီးမှ ခရီးဆက်ကြတာပေါ့ဆရာ"

"အေး…အေး"

အသင့်ခပ်ပေးထားသည့်ရေနှင့် မျက်နှာသစ်၍ အငွေ့ တထောင်းထောင်းထနေသော ကောက်ညှင်းပေါင်းကို ထိုင်စားနေမိ၏။ လတ်ဆတ်သောဆတ်သားခြောက်အား မီးဖုတ်၍ မွနေအောင်ထုကာ ဆီရွှဲရွှဲဆမ်းထားသည်မို့ ခံတွင်းတွေ့လှ၏။ စားကောင်းတုန်းရှိသေး တပည့်တစ်ဦးက အမောတကောပြေးလာပြီး…

"ဆရာတို့…ဆရာတို့ကားပေါ်မှာ မြွေကြီးဗျ။ နည်းတာကြီး မဟုတ်ဘူး။ ကားသီးကြီးမှတ်လို့ ကြည့်နေတာ"

"ဟေ…"



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏စကားကြောင့် ကျွန်ုပ်တို့ အာမေဋိတ်ပြုမိကြသည်။ လက်နှိပ်ဓာတ်မီးကိုဆွဲ၍ တဲထဲမှဆင်းခဲ့ကြသည်။ ကားအနီးမှာတော့ လူသုံးလေးဦးခန့် ဝိုင်းနေကြ၏။

"ဟော...ဘယ်မှာလဲ"

"ဒီမှာဆရာ။ နည်းတဲ့ကောင်ကြီး မဟုတ်ဘူး"

ကားထဲသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးပြ၏။ မြွေကြီးသည် အသံကြားရာသို့ လှမ်းကြည့်နေရာ မျက်လုံးဝင်းဝင်းနှစ်လုံးကို ထင်းထင်းကြီးမြင်နေရ၏။

"ဒါ...ကျုပ်တို့ လမ်းမှာတွေ့ခဲ့ရတဲ့ အကောင်ကြီးပဲဗျ။ ဘယ်လိုများ ကားပေါ်ပါလာပါလိမ့်"

ဦးဝင်းနိုင်က တအံ့တသြပြော၏။ ကျွန်ုပ်လည်း လွန်စွာအံ့သြနေမိတော့သည်။ စိတ်ထဲမှလည်း မေတ္တာပို့ရင်း တီးတိုးပြောနေမိတော့သည်။

"မင်း...ဘာလို့ ငါတို့ကားပေါ် လိုက်လာရတာလဲ။ ဘာအကြောင်းရှိလို့လဲ။ မင်းကို တို့အန္တရာယ်မပြုဘူး။ ကိုယ့်လမ်းကိုယ်သွားပါ။ တို့လည်း ပြန်ကြရဦးမှာ"

ရင်ထဲမှတီးတိုးစကားကို မြွေကြီးနားလည်ဟန်တူ၏။ ခေါင်းထောင်ကြည့်ရင်း ခေါင်းဆတ်ဟန်ပြုသည်။ ကျွန်ုပ်မှ မြွေကြီးအားရန်မမူကြရန် ဟန့်တားရင်း မြွေကြီးအေးကင်းရာသွားဖို့ တီးတိုးပြောနေမိသည်။





တစ်အောင့်မျှကြာသော် မြွေကြီးလှုပ်ရှားလာ၏။ လူများလည်း မျက်တောင်မခတ်ရဲ။ မြွေကြီးက ဦးခေါင်းကို ကားနောက်ပိုင်းသို့ ရွေ့လျားလာရင်း တရွေ့ရွေ့ဆင်းလာသည်။ မြွေကြီးဆင်းလာသည်ကိုကြည့်ရင်း အားလုံးပင် အသက်ရှူဖို့မေ့နေကြ၏။

ကျွန်ုပ်၏တစ်သက်နှင့်တစ်ကိုယ် ဒီမျှကြီးမားရှည်လျားသောမြွေမျိုး မတွေ့ခဲ့ဖူးပါချေ။ လုံးပတ်မှာ ဝါးဘိုးကြီးကြီးတစ်လုံးမျှ။ အရှည်ကလည်း ဆယ့်နှစ်တောင်ကျော်လိမ့်မည်ထင်သည်။

"ဟာ..."

"ဟယ်..."

အားလုံး အံ့သြ၍ အသံများပင်ထွက်သွားကြ၏။ မြွေကြီးဆင်း၍ ဆုံးလုဆုံးခင်၌ ထူးဆန်းသောမြင်ကွင်းကြောင့် အံ့သြကြရခြင်းပါ။

ကြည့်ပါဦး...။ မြွေကြီးနှင့်အတူ ဆင်းလာကြသည်က မြွေပေါက်ကလေးများ။ မြွေပေါက်ဆိုသော်လည်း ငယ်ငယ်လေးမဟုတ်တော့။ အတန်ငယ်ကြီးသောမြွေအရွယ်ခန့် ရှိနေပါပြီ။ သုံးလေးကောင်ဆင်းလာကြပြီး မြွေကြီးနောက်သို့ လိုက်သွားကြ၏။

ကျွန်ုပ်တို့အားလုံးမှာ ဖြစ်စဉ်အစအဆုံးကိုကြည့်ရင်း မှင်တက်နေမိကြသည်။ အားလုံးသောလူများထဲ၌ ကျွန်ုပ်သည် ရင်အခုန်ဆုံးနှင့် စိတ်အလှုပ်ရှားဆုံးပင် ဖြစ်ပါတော့သည်။

အကြောင်းမှု...



www.burmeseclassic.com

www.burmeseclassic.com



မြွေကြီးနှင့်စဆုံကြပုံကိုက ဆန်းသလို မြွေကြီးကိုစောင့်ရင်း နှစ်ဦးလုံးအိပ်ပျော်သွားကြရသည်မှာလည်း ဆန်းနေပါသည်။ ထို့ပြင် မြွေကြီးကားပေါ်တက်ခွေ၍ လိုက်လာသည်ကို မသိလိုက်ကြခြင်းပင်။


စခန်းရောက်တော့လည်း မည်သူမျှသတိမထားမိကြ။ မနက်စောစော ကားပေါ်သို့ တောထွက်လက်ဆောင်များတင်ရန် သွားတော့မှ သိကြခြင်းပင်။ ဒါတောင် ကားတာရာကြီးထင်မှတ်၍နေကြသေးသည်။ မည်းမည်းပြောင်ပြောင်ကြီးက လှုပ်မှ သိကြခြင်းပါတဲ့။

ထူးခြားသည်မှာ မြွေကြီးသည် မည်သူ့ကိုမျှ အန္တရာယ်မပြု။ ထိုမြွေကြီးကား ကလေးမွေးရန်အတွက် ကျွန်ုပ်တို့နှင့်လိုက်ခဲ့ခြင်း ဖြစ်တန်ရာ၏။ တောထဲမှာ သဘာဝအတိုင်းမွေးလျှင် ဖြစ်ပါလျက် ကားပေါ်တက်လိုက်လာခြင်းကတော့ အံ့ဩမကုန်နိုင်စရာ။ အဖြေလည်း ရှာမရပါချေ။

အဖြေရှာမရသော ထိုအတွေ့အကြုံဆန်းကို မှတ်တမ်းတင်၍ စာစ်နေ့ပြန်လည်ရေးသားရပါဦးမည်။ ကျွန်ုပ်၏ခေါင်းထဲမှာတော့ ကျွန်ုပ်နှင့်မြွေကြီးသည် မည်ကဲ့သို့ပဋ္ဌာန်းဆက်ရှိလေသနည်းဟူသော ပဟေဠိပေါင်းများစွာနှင့်...။ ။

မြင်ကွင်းစုံမှုခင်းမဂ္ဂဇင်း (၂၀၀၀၊ မေ)






www.burmeseclassic.com

www.burmeseclassic.com

# မြွေသူခိုး

**နိဒါန်း**

ဒေါ်ခင်ခင်ကြီးတစ်ယောက် အိပ်ရာထက်မှာအိပ်ပျော်ရင်း အိပ်မက်တွေမက်နေ၏။ နေ့ခင်းကြောင်တောင် ခေတ္တအနားယူအိပ်စက်ရင်း အိပ်မက်မက်နေခြင်းဖြစ်သည်။

အိပ်မက်ထဲမှာ ကြီးမားလှသောမြွေဟောက်ကြီးတစ်ကောင်သည် သူမ၏အခန်းတွင်းသို့ ဝင်ရောက်လာသည်။ အခန်းလယ်လောက်တွင် ပါးပျဉ်းထောင်ကာ သူမကိုကြည့်နေသည်။

ပြီးတော့ ပါးပျဉ်းချ၍ လျှောခနဲဆို သူမအိပ်နေရာခုတင်ဆီသို့ ဦးတည်လာသည်။

ဤတွင် သူမကြောက်လန့်၍ အော်ဟစ်မိသည်။ သို့သော်ငြားလည်း မြွေကြီးက ရပ်တန့်မသွား။

သူမမှာ ကြောက်လန့်၍ ဖောချွေးများပင်ပြန်နေပြီ။ ကြောက်





ကြောက်နှင့်ပင် မြွေကြီးကိုကြည့်နေမိသည်။

ကြည့်နေရင်းမှပင် လက်ထဲတွင် ခြုံစောင်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားမိသည်။

မြွေကြီး မိမိခုတင်နားရောက်လာပြီး ခုတင်ဘေးမှာ ပါးပျဉ်းထောင်ပြန်၏။

ဒေါ်ခင်ခင်ကြီးက လက်ထဲရှိစောင်ဖြင့် မြွေကြီးထံ ကွန်ပစ်သလို လှမ်းပစ်လိုက်မိသည်။

မြွေကြီးကား စောင်နှင့်အုပ်မိကာ လုံးထွေးနေလေပြီ။

ထိုစဉ် ဒေါ်ခင်ခင်ကြီးလန့်နိုးသွား၏။

တစ်ကိုယ်လုံး ချွေးများဖြင့်နစ်လို့။

မြွေကြီးရှိနေရာသို့ မရဲတရဲကြည့်မိသည်။

ဘာမှမရှိ။

ထူးခြားလှသောအိပ်မက်အကြောင်းကို ပြန်တွေးရင်း ကြက်သီးဖြန်းဖြန်းထမိသည်။

မြွေကြီး၏ပုံရိပ်က ထင်ရှားစွာမြင်နေရဆဲမဟုတ်လား။

▶▶ ◀◀

≺၁≻

"လာ...အစ်မကြီး။ ကျွန်တော် ဘာကူညီရပါမလဲခင်ဗျာ"

"တိုင်ချက်ဖွင့်ချင်လို့ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှာပါတယ်ခင်ဗျ။ ဘာဖြစ်တယ်ဆိုတာ ကျွန်တော့်ကို အရင်ရှင်းပြပါဦး"

တာဝန်မှူးကျနေသည့် ဒုရဲအုပ်ဇော်သောင်းက ရဲစခန်းအတွင်း ရေးကြီးသုတ်ပျာဝင်လာသည့် အမျိုးသမီးကြီးကို အကဲခတ်ရင်း ပြောလိုက်သည်။ အမျိုးသမီးကြီး၏အနေအထားကို ကြည့်၍ တရားလိုအစစ်ဖြစ်မည်ဟုလည်း ခန့်မှန်းမိ၏။ သည်လိုခန့်မှန်းတတ်အောင်လည်း လုပ်သက်နှင့် အတွေ့အကြုံက သင်ထားပြီးဖြစ်သည်။ တစ်ခါတစ်ရံ၌ တရားခံများသည်လည်း တရားလိုအသွင်ဆောင်လာတတ်သည် မဟုတ်ပါလား။

"...ဖြစ်စဉ်ကတော့ ဒါပါပဲရှင်"

အမျိုးသမီးကြီးက ခရေစေ့တွင်းကျ ရှင်းပြသည်။ ဖြစ်ပုံက သူမ၏စိန်လက်စွပ် ပျောက်ဆုံးသွားသည်။ တရားခံရှာမရ။ ဖောက်ထွင်းဝင်ရောက်ခိုးခံရခြင်းလည်း မဟုတ်။ မိမိအခန်းတွင်းမှာတင် ပျောက်ဆုံးရခြင်း။

ညဦးပင် ရှိသေးသည်။ မှန်တင်ခုံမှာ အခြားလက်ဝတ်ရတနာများနှင့်အတူ တင်ထားသည်။ မသိမ်းမိဘဲ အိပ်ရာဝင်ခဲ့သည်။ မနက်လင်းတော့ စိန်လက်စွပ်မရှိတော့။ အခြား [illegible] လက်ဝတ်ရတနာများကတော့ သည်အတိုင်းရှိနေ၏။

တစ်အိမ်သားလုံးကိုလည်း မေးစစ်ပြီးပြီ။ သူမ၏အခန်းတွင်းသို့ တစ်ညလုံး မည်သူမျှအဝင်အထွက် [illegible]။ ခင်ပွန်းဖြစ်သူကလည်း





ခရီးထွက်နေသဖြင့် အိပ်ခန်းထဲမှာ သူတစ်ယောက်တည်းအိပ်သည်။

အမျိုးသမီးကြီးပြောသမျှကို ဒုရဲအုပ်ဇော်သောင်း မှတ်သားလိုက်၏။ ပထမသတင်းပေးတိုင်ချက် ရေးသွင်းစေလိုက်သည်။ ရဲလုပ်ငန်းအားလုံး ပြည့်ပြည့်စုံစုံဆောင်ရွက်ထားလိုက်သည်။ စိန်လက်စွပ်၏ တန်ဖိုးကလည်း မနည်းလှ။ လေးသိန်းခွဲမျှတန်သည်တဲ့။

"တွေ့အောင်စုံစမ်းစစ်ဆေးပါဆရာရယ်။ ဆရာတို့ကို အားကိုးပါတယ်"

ဒေါ်ခင်ခင်ကြီးဆိုသော အမျိုးသမီးကြီးက ငိုမဲ့မဲ့ဖြင့်ပြော၏။ ဒုရဲအုပ်ဇော်သောင်းက အားပေးနှစ်သိမ့်လိုက်သည်။

"စိတ်ချပါ။ အတတ်နိုင်ဆုံး စုံစမ်းပေးပါ့မယ်။ အစ်မကြီးပြန်နှင့်ပါ။ ခဏကြာရင် ကျွန်တော်လာခဲ့ပါ့မယ်။ အိပ်ခန်းထဲကိုတော့ ဘယ်သူမှ မဝင်ပါစေနဲ့။ ခြေရာလက်ရာတွေလည်း မပျက်ပါစေနဲ့"

"ဟုတ်ကဲ့...ဟုတ်ကဲ့ပါရှင်။ မြန်မြန်သာလိုက်ခဲ့ကြပါ။ ကျွန်မစောင့်နေပါ့မယ်"

အမျိုးသမီးကြီးက အားကိုးတကြီးပြော၍ နှုတ်ဆက်ထွက်ခွာသွားသည်။ တာဝန်မှူးခများမှာတော့ သက်ပြင်းမှုတ်ထုတ်ရင်း ကျန်ခဲ့၏။ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရပေဦးတော့မည်။

▶▶ ◀◀



www.burmeseclassic.com

www.burmeseclassic.com



<၂>

စိန်လက်စွပ်ပျောက်ပြီး သိပ်မကြာသေး။ စိန်နားကပ်ပျောက်မှုတစ်မှုက ထပ်တိုးလာပြန်ပြီကော။

ဖြစ်ပွားပုံချင်းကတော့ တူနေ၏။ လက်ရာက တစ်ပုံစံတည်း။ ပြောမယ့်သာပြောရသည်။ သဲလွန်စက ရှာမတွေ့။ အခင်းဖြစ်နေရာသို့ လိုက်သွားကြပြီး သဲလွန်စရှာကြသည်။ ဘာသဲလွန်စမှ မတွေ့။ စခန်းမှူးကိုယ်တိုင် လိုက်ကြည့်သည်။ ထူးခြားမှုမတွေ့။

"ဆရာဇော်သောင်း...။ ပျောက်ပုံချင်းကတော့ အတူတူပဲဗျ။ သဲလွန်စရှာမရတာ ခက်တယ်။ ဒါထက် နယ်မြေထဲက ကျော်စောတဲ့ကောင်တွေရော စောင့်ကြည့်တာ ဘာထူးလဲ"

"ဒီကောင်တွေတော့ အနေအသွားမပျက်ဘူးဆရာ။ မြို့ထဲမှာ ထူးခြားတာတစ်ချက်ကတော့ မျက်လှည့်အဖွဲ့တစ်ဖွဲ့ ရောက်နေတယ်။ ဈေးရှေ့မှာ မျက်လှည့်ပြငြီး မြွေဆေးရောင်းတယ်။ သုံးယောက်အဖွဲ့ပဲ။ သူတို့အဖွဲ့ကြည့်ရတာတော့ အနေအစားထူးတယ်"

"ဟုတ်လား...ဘယ်လိုထူးတာလဲ"

စခန်းမှူးက စိတ်ဝင်တစားမေး၏။ ဒုရဲအုပ်ဇော်သောင်းလည်း ၎င်းစုံစမ်းသိရှိထားသမျှ တင်ပြလိုက်သည်။

"သူတို့ ဘုရားပွဲကြီးမစခင်ကတည်းက ရောက်နေတာ။ အခု ဘုရားပွဲပြီးပေမယ့် မပြန်သေးဘူး။ ဂေါပကမှာ အလှူငွေထည့်ပြီး





ယာယီအခန်းငှားထားကြတယ်။ စားတာက ဆိုင်မှာချည်းပဲ။ ကောင်းကောင်းစားတယ်။ ဘီယာတွေဘာတွေတောင် ချလိုက်ကြသေးတယ်။ အင်း...ဝင်ငွေနဲ့စာရင် အသုံးအစွဲတော့ ထူးသလိုပဲ"

"သူတို့ကို စောင့်ကြည့်ထားဗျာ။ မနက်ဖြန် မျက်လှည့်ဝိုင်းရှိသေးလား။ ကြည့်ချင်တယ်"

"ရှိမယ်ဆရာ။ မနက်ပိုင်းရှိတတ်တယ်။ ဝိုင်းရှိရင် ဆရာ့ကို သတင်းပို့မယ်"

"အိုကေ...ဆက်လုပ်ဗျာ"

▶▶◀◀

<၃>

မျက်လှည့်ပွဲမှာ လူများဝိုင်းနေ၏။ ထိုလူများထဲတွင်တော့ အရပ်ဝတ်နှင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်နေသည်ကို မည်သူမျှမသိနိုင်။ စခန်းမှူးကိုယ်တိုင်ဆင်းကြည့်သည်မို့ နယ်ထိန်းများလည်း အသင့်ရှိနေကြသည်။

ဝိုင်းလယ်မှ မျက်လှည့်သမားများကတော့ သူဟို့အလုပ်သူတို့လုပ်နေကြ၏။ မြွေဟောက်ကြီးတစ်ကောင်ချ၍ ဟန်ရေးပြနေသည်။ ပါးပျဉ်းထောင်ထားသောမြွေကြီးက ကြောက်စရာ။

မြွေနှင့်ကစားနေသူမှာ အသက်သုံးဆယ်ခန့်သာ [illegible] ယ်မင်း။ ပိန်ပိန်သွယ်သွယ်နှင့် စကားပြောသွက်သည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



များက ထူးခြားနေသယောင်။ မြွေကိုကြည့်နေသော မျက်လုံးများက အရောင်လက်နေသည်။ သာမန်လူတစ်ယောက်၏ မျက်လုံးများနှင့်မတူ။ တစ်မူထူးခြားနေတာကတော့ အမှန်။

နောက်တစ်ဦးကတော့ လူငယ်လေးတစ်ယောက်။ သူ့အလုပ်က လင်းကွင်းတီးခြင်း၊ တောက်တိုမယ်ရလုပ်ခြင်းမျှသာ။

ဝိုင်းလူယ်မှာ စတိုင်လ်တစ်ခွဲသားနှင့် စီးကရက်လက်ကြားညှပ်ရင်း အာဘောင်အာရင်းသန်သန် ဖြီးလုံး၊ လိမ့်လုံး၊ ခြောက်လုံးများ တွင်တွင်သုံးနေသူကတော့ ဝိုင်းခေါင်းဆောင်ဖြစ်လိမ့်မည်။ အသက် လေးဆယ့်ငါးနှစ်ခန့်ရှိပြီး ဝဝတုတ်တုတ်၊ အသားညိုညို။ ဆံပင်ရှည် ထားသဖြင့် ဆံပင်များမှာ ကုပ်မှာပျံ့ဝဲနေသည်။

စခန်းမှူးက ဒုရဲအုပ်ဇော်သောင်းအား လက်ကုပ်၍ နေရာရွှေ့သည်။ မသိမသာနေရာရွှေ့ရင်း ရှေ့မှရပ်ပေးထား၏။ စခန်းမှူး ဘာလုပ်မည်ကို ဒုရဲအုပ်ဇော်သောင်းသိသည်။ စခန်းမှူးဖော်ပေးထားသည့် ရိုက်ကွင်းက ဖြူးနေသည်။ ဒုရဲအုပ်ဇော်သောင်းက အသင့်ပါသည့် ကင်မရာကို ထုတ်၍ စခန်းမှူး၏ပခုံးပေါ်မှ ကျော်ရိုက်လိုက်သည်။ နှစ်ကွက်ရိုက်ပြီး ပြန်ခဲ့ကြ၏။ နယ်ထိန်းများကို ဆက်လက်စောင့်ကြည့်နေကြရန် အချက်ပေးထားခဲ့သည်။

"အင်း…ဒီအဖွဲ့ရဲ့အနေအထားက ထူးတော့ထူးတယ်ဗျ။ မျက်လှည့်ဝိုင်းကာဝင်ငွေကို သိပ်အလေးအနက်ထားပုံမရဘူး။ ဝိုင်းက အဖြစ်ပြနေတဲ့ပုံပဲ။ သူတို့မှာ တခြားခွင်တော့ ရှိလိမ့်မယ်။ အတွင်းစည်း





ဝင်ဖို့ စီစဉ်လိုက်ဗျာ"

စခန်းပြန်ရောက်တော့ စခန်းမှူးက တွေးတွေးဆဆပြောသည်။ အနီးကပ် ဝင်ပူးစုံစမ်းဖို့လည်း ညွှန်ကြားနေပြီ။

"ဟုတ်ကဲ့ ဆရာ"

စခန်းမှူးကို အလေးပြု၍ သူ့ရုံးခန်းမှ ထွက်ခဲ့၏။ ဘာဆက်လုပ်ရမည်ကိုလည်း သူသိသည်။ ခိုင်းရမည့်သူကို ရွေးကြည့်မိသည်။ ဒုတပ်ကြပ်ရွှေတင်နှင့်ဆို အဆင်ပြေနိုင်သည်။ အရိုန်အစွဲရှေ့။ ဆရာ ရွှေတင်ကိုခေါ်၍ တာဝန်ပေးလိုက်တော့သည်။

ဆရာရွှေတင်က သူ့ကိုအလေးပြု ထွက်ခွာသွားသည်။ ဆောင်ရွက်နေကျလုပ်ငန်းတွေမို့ သိပ်ပြောမနေရ။ ချက်ဆို နားခွက်က မီးတောက်ကြပြီးသား။

"အင်း…ဒီစိန်လက်စွပ်ပျောက်မှု၊ စိန်နားကပ်ပျောက်မှုတွေဟာ ဒီကောင်တွေအဖွဲ့နဲ့များ ဆက်စပ်နေမလားပဲ"

ဒုရဲအုပ်ဇော်သောင်း ဦးနှောက်ကိုအလုပ်ပေးထားလိုက်သည်၊ သည်အမှုများအတွက် သူပဲကိုင်တွယ်နေရသည။ မြို့နယ်မှူးကလည်း ဖိအားပေးလာပြီမို့ တရားခံကို မိချင်လှပါပြီ။

အင်း…ဒီသူခိုးတော့ မိရင်တော့လားကွာ"

သူတို့ကို ဒုက္ခပေးသည့်သူခိုးကို အသားလွတ်ဝင် ကြိမ်းမောင်းတော့သည်။ ယခုတော့သဲလွန်စလည်းတွေ့ပြီ။ နယ်မြေခံသူခိုးတွေကလည်း မှုမှန်နေကြသည်။ သူတို့ကဝင် ထိုသူခိုးကို နှိမ်နှင်းဖော်ထုတ်

www.burmeseclassic.com



ချင်နေကြသည်။ ဒီသူခိုးမိမှ သူငါ့ အသက်ရှူချောင်လိမ့်မည်။

ဒါတင်မဟုတ်ပါ။ ထူးဆန်းသော စိန်ထည်များပျောက်ဆုံးမှုက မြို့ထဲမှာလည်း သတင်းပျံ့နေပြီ။ တစ်မြို့လုံးလည်း စိတ်ဝင်စားနေကြသည်။ ပျောက်ဆုံးသည့်အိမ်များကလည်း မြို့ပျော်နှာဖုံးတွေချည်း ဖြစ်နေကြသည်။

သည်တော့...

စိန်ထည်များမှ ရွေးခိုးတတ်သည့် စိန်သူခိုးကို မြန်မြန်ဖော်ထုတ်ဖို့ ကြိုးပမ်းရပေမည်။

▸▸◂◂

<၄>

"ထူးတော့ ထူးတယ်ဆရာ။ ဒီကောင်တွေက သူတို့ဆီ လူကပ်တာ သိပ်မကြိုက်ဘူး။ မြွေတွေကိုတော့ တအားဂရုစိုက်တယ်။ နွားနို့နဲ့ ငါးလေးတွေ ဝယ်ကျွေးတယ်"

"အင်း...ဆက်စမ်းပါဦး"

"သူတို့ ဒီမြို့ကနေ သုံးလေးရက်အတွင်း ခွာလိမ့်မယ်။ နောက်ဆုံးနှုတ်ဆက်ပွဲလေး နွှဲကြတာပေါ့လို့လည်း ပြောသံကြားတယ်"

"အင်း...သူတို့ကို ဒီနယ်မြေထဲက ပေးထွက်လို့တော့ မဖြစ်သေးဘူး။ နှုတ်ဆက်ပွဲနွှဲမယ်ဆိုတာတော့ ဉ်းစားစရာပဲ။ ဒါသာမန်





မျက်လှည့်ဝိုင်းလုပ်ဖို့ ပြောတဲ့စကား မဖြစ်နိုင်ဘူး"

"ကျွန်တော်လည်း ဒီလိုပဲသုံးသပ်မိတယ်ဆရာ။ သူတို့မှာ တစ်ခုခုလုပ်ဖို့ အစီအစဉ်ရှိပုံရတယ်"

"အင်းလေ...သူတို့အစီအစဉ်ရှိသလို တို့ကလည်း စီစဉ်မှုလေးတွေ တိုးချဲ့ရတာပေါ့။ ကဲ...ကဲ..ဆရာနားလိုက်ပါဦး"

အတွင်းစည်းဝင်ရောက်စုံစမ်းပြီး တွေ့ရှိချက်များကို သတင်းလာပို့သည့် ဒုတပ်ကြပ်ရွှေတင်ကို နားခိုင်းလိုက်သည်။ မိမိစီစဉ်ဆောင်ရွက်မည့် ကိစ္စများကိုလည်း စခန်းမှူးထံတင်ပြ၍ အတည်ပြုချက်ယူလိုက်သည်။

စိန်သူခိုးပစ်မှတ် ဖြစ်နိုင်ခြေရှိသော သူဌေးအိမ်များတစ်ဝိုက်စောင့်ကြည့်ခိုင်းထားလိုက်သည်။ ပုံဖျက်လှုပ်ရှားသွားလာနေကြသော ရဲတပ်ဖွဲ့ဝင်များအား စခန်းမှူးကိုယ်တိုင် ညွှန်ကြားချက်များပေးနေသည်။

သည်အခြေအနေအတွင်းမှာ ထူးခြားမှုတစ်ရပ်ဖြစ်လာသည်။ မျက်လှည့်အဖွဲ့သည် ယနေ့နံနက် ဈေးကြီးရှေ့တွင် မျက်လှည့်ပြပြီး ဝိုင်းသိမ်းတော့ တစ်ယောက်က လမ်းကြောင်းဖဲ့ထွက်သွားသည်။ ပြန်နေကျ သုံးယောက်မပြန်ဘဲ မြွေဆရာလေးက မြွေပခြုပ်တစ်လုံးနှင့် တစ်နေရာသို့ ထွက်သွားသည်။

သူဦးတည်သွားနေသည့်နေရာကား သူဌေးရပ်ကွက်တည်း။ သူ့နောက်မှ ထိလက်မှတ်ရောင်းသည့် စက်ဘီးတစ်စီး[illegible]



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ကိုလည်း လှမ်းပြောလိုက်သည်။

"မြွေဆရာ...ဝိုင်းသိမ်းခဲ့ပြီလား။ ထီလေးဘာလေးထိုးပါဦး။ ထီဖွင့်ဖို့ သုံးရက်ပဲလိုတော့တယ်"

မြွေဆရာလေးက ခေါင်းခါ၏။ ထီသမားက စက်ဘီးကိုမှေးနင်းရင်းမှ...

"ပခြုပ်ကြီးက လေးတယ်ထင်ပါရဲ့။ အထဲမှာ မြွေဘယ်နှကောင်ပါလို့လဲ"

မြွေဆရာလေးမှာ မနေသာ၍ ဖြေရတော့သည်။

"တစ်ကောင်တည်းပါ။ ဒီကောင် သိပ်နေမကောင်းချင်လို့ ဆေးရှက်ရှာကျွေးမလို့ ဒီဘက်ထွက်လာတာ။ မြွေကလည်း သူ့ဆေးနဲ့ သူမှဗျ"

"လုပ်...လုပ်...ဆရာလေးရေ။ ကျွန်တော်တို့က ဆရာလေးမြွေတွေကို သိပ်သဘောကျတာ။ မနက်ဖြန်ကျမှ လာကြည့်ဦးမယ်။ မနက်ဖြန် ဝိုင်းရှိဦးမှာလား"

"မလာနဲ့တော့ ကိုယ့်ဆရာရေ။ မနက်ဖြန် ခရီးဆက်တော့မှာဗျ။ ဒီနေ့နောက်ဆုံးပဲလေ"

မြွေဆရာလေး၏ အဖြေကြောင့် ထီသမားမျက်ခုံးမြင့်တက်သွားသည်။ မြွေဆရာကိုတော့ စိတ်ပျက်သံဖြင့်...

"ကိုင်း...ဆရာလေးမထိုးလည်း လိုက်ရောင်းလိုက်ဦးမယ်ဗျာ"



ဟု ပြောပြောဆိုဆို စက်ဘီးကိုအရှိန်မြှင့်နင်းထွက်သွားလေ၏။ မြွေဆရာကတော့ ခပ်နှေးနှေးလျှောက်ရင်း ဘောဘီဝဲယာသို့ အတဲခတ်လိုက်၏။ တစ်လမ်းလုံး ထီရောင်းသည့်စက်ဘီးတစ်စီးသာရှိသည်။ ထိုစက်ဘီးကလည်း ခပ်လှမ်းလှမ်းရောက်၍ လမ်းမှာ ဝယ်သူတစ်ဦးကို ထီလက်မှတ်ရပ်ရောင်းနေ၏။

မြွေဆရာလေးက တိုက်တစ်လုံးရှေ့ သံစပ်ငရိပ်တွင်ရပ်၍ အမောဖြေနေသည်။ ထမ်းပိုးဖြင့်လျှိုထမ်းလာသည့်မြွေပခြုပ်ကိုလည်း သူ့ဘေးမှာချထားသည်။ ခဏကြာတော့ ပခြုပ်ဘေးမှထိုင်၍ ပခြုပ်အဖုံးကိုဖွင့်သည်။ အတွင်းမှ မြွေကိုထုတ်၍ တိုက်ကြီး၏ခြံဝသို့ ချပေးလိုက်သည်။ မြွေက လျှာခနဲလူးလွန့်သွားနေပါပြီ။ ထိုဖြစ်စဉ်များကို ထီရောင်းသူရော၊ ထိုးနေသူပါ မြင်နေရ၏။

ထီဆရာက စက်ဘီးကိုနင်း၍ မြွေဆရာလေးထံ ပြန်ရောက်လာသည်။ ထီထိုးသူကလည်း သူတို့ထံလျှောက်လာနေ၏။ မြွေကြီးကတော့ ခြံထဲဝင်ရောက် ပျောက်ကွယ်သွားလေပြီ။

"မြွေဆရာ...ပခြုပ်ထဲကမြွေရော"

"ရှိသွားပဲ"

"ရှိရင်ပြ"

"ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ။ ကြည့်ချင် ကိုယ်တိုင်ထုတ်[illegible]"

ထိုစဉ် အနားသို့ ထီထိုးသူရောက်လာသည်။ ထီ[illegible] မြွေဆရာနှင့် ထီသမားတို့အားမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေကြတာလဲ"

"ကျွန်တော့်ပခြုပ်ထဲကမြွေကို ထုတ်ပြခိုင်းနေလို့ပါ ဆရာ ရယ်။ ဒီလောက်အဆိပ်ပြင်းတဲ့မြွေကို ကိုင်ချင်တိုင်း ကိုင်လို့ရတာ ကျနေတာပဲ"

"သူကြည့်ချင်ရင် ပြလိုက်ကွာ။ ပခြုပ်ထဲမှာ မင်းမြွေက ရှိ သေးလို့လား။ မင်း ခြံထဲလွှတ်လိုက်ပြီမဟုတ်လား။ ဘာသွန်နေတာလဲ"

နောက်ရောက်လာသူ၏ ပြောစကားများကြောင့် မြွေဆရာ လေးအံ့အားသင့်သွားသည်။ သူ၏ တောက်ပသောမျက်လုံးများဖြင့် ရှုးရှစွာကြည့်သည်။

"မင်း ငါ့ကိုကြည့်မနေနဲ့။ မင်းအပြောနောက် လိုက်မယ့်သူ မဟုတ်ဘူး။ မှတ်ထား...ငါ ဒုရဲအုပ်ဇော်သောင်း။ မင်းတို့ကိုစောင့်ကြည့် နေတာ ကြာပြီ။ မင်း ဘာသဘောနဲ့ ဒီခြံထဲ မြွေလွှတ်လိုက်ရတာလဲ။ မင်းမြွေကို ပြန်ခေါ်စမ်း"

မြွေဆရာမှာ ပါးစပ်အဟောင်းသား။ ထိရောင်းသည့် ဆရာ နိုင်ဝင်းကလည်း လက်ထိတ်ကိုင်၍ သူ့ကိုကြည့်နေပြီ။

"ဟေ့ကောင်...မင်းမြွေကိုပြန်ခေါ်။ ပခြုပ်ထဲပြန်ထည့်ပြီး မင်း မြွေပါယူ။ စခန်းလိုက်ခဲ့"

ဆရာနိုင်ဝင်းက ဟောက်လိုက်သည်။ မြွေဆရာမှာ ဘာမျှ ပြန်မပြောနိုင်ဘဲ လှုပ်ရှားမှုကိုစတင်သည်။ သူ့လှုပ်ရှားမှုများအား ရဲ တပ်ဖွဲ့ဝင်နှစ်ဦးက စောင့်ကြည့်နေကြသည်။





ဒီလိုကျတော့လည်း မြွေဆရာမှာ လက်ထိတ်ကိုကြောက်ရွံ့ ရ၏။ လေချွန်သံပေးသည်။ မြွေတွန်သံကဲ့သို့ ပြုလုပ်သည်။ သိပ် မကြာ။ ခြံစည်းရိုးအပေါက်မှ မြွေဟောက်ကြီးပြန်ထွက်လာ၏။ ခေါင်း ထောင်၍ သခင့်အမိန့်ကို နာခံရန် အသင့်ရှိနေသည်။

"ဟေ့ကောင်...ပခြုပ်ထဲပြန်ထည့်လေ"

မြွေဆရာက မြွေကိုဖမ်း၍ ပခြုပ်ထဲပြန်ထည့်သည်။ မြွေ ထည့်ပြီးသည်နှင့် မြွေဆရာလေးလက်တစ်ဖက်မှာ လက်ထိတ်ခတ်ပြီး ဖြစ်နေသည်။ ကျန်တစ်ဖက်နှင့် မြွေပခြုပ်ကိုထမ်းခိုင်းပြီး စခန်းသို့ခေါ် ခဲ့၏။

အကြောင်းစုံသိရဖို့ စခန်းကျမှ စစ်မေးရတော့မည်။ ယခု အချိန်တော့ ဒုရဲအုပ်ဇော်သောင်း၏ရင်ထဲမှာ မတင်မကျနှင့်ပါ။

▶▶ ◀◀

"ကဲ...ပြောစမ်း။ မင်းရဲ့မြွေကို ဘာကိစ္စ ခြံထဲလွှတ်လိုက်ရ တာလဲ"

"ဟို...ဟို...ဆေးရွက်ရှာစားဖို့ပါ"

မြွေဆရာလေးအဖြေကြောင့် ဒုရဲအုပ်ဇော်သောင်း စောစော ဖြစ်သွားသည်။ သို့သော် သမ္မာရင့်သူပီပီ ချက်နှာတည်တည်ဖြင့်—

"မင်း ငါ့ကိုလိမ်လို့ အပိုပါပဲကွာ။ မင်းလွှန်စ်သယ်ပေါ့ တို့ဖမ်းစစ်ပြီးလို့ ဟိုကအကုန်ဖော်ပြီးနေပြီ။ ဒါကို မင်းက ခြေခြင်းဝှယ်



www.burmeseclassic.com

www.burmeseclassic.com



နေရင်တော့ မင်းနာမှာပဲ။ စဉ်းစားလေ”

မြွေဆရာလေး တွေသွားသည်။ တစ်စုံတစ်ရာကို လေးလေးနက်နက်စဉ်းစားနေပုံရသည်။

“မင်းမဖော်ရင်တော့ မင်းကို သူတို့နဲ့ တစ်တွဲတည်းထားလိုက်မယ်။ သိသမျှပြောပြရင်တော့ မင်းအတွက် ငါတာဝန်ယူတယ်။ မင်းကို သက်သေအဖြစ် သက်သာမှုရအောင် ငါလုပ်ပေးမယ်။ ဘယ့်နဲ့လဲ”

“ကျွန်တော်သိသမျှ ပြောပြပါ့မယ်ဆရာ။ ကျွန်တော့်ကို သက်သာအောင်လုပ်ပေးပါ”

“စိတ်ချ…။ တို့လုပ်ငန်းကို ကူညီတဲ့သူဆို တို့ကလည်း ပြန်ကူညီမှာပဲ။ ကဲ…မင်းသိတာတွေ အကုန်ပြောစမ်း”

“ဒီလိုပါဆရာ”

ဒီလိုပါ အစချီ၍ မြွေဆရာလေးအစစ်ခံသမျှ အားလုံးအံ့သြကြရ၏။ ဒီအတိုင်းဆို စိန်လက်စွပ်၊ စိန်နားကပ်များကို ခိုးယူနေသူမှာ မြွေဟောက်များပါလား။ သိပ်ယုံစရာမရှိပေမယ့် မယုံ၍ရတော့။ မြွေဆရာလေးက အခိုင်အမာပြောနေခြင်းပါပဲ။ ဒုရဲအုပ်ဖော်သောင်းကိုလည်း သူယုံကြည်ကိုးစားဟန်ပြနေပြီ။ သူလိမ်ပြောမည်မဟုတ်တော့မှန်းလည်း အမှုစစ်အရာရှိက သိနေပါပြီ။

သူ့ကိုစစ်နေဆဲပင် နယ်ထိန်းတပ်ဖွဲ့ဝင်လာ၏။ ကျန်သည့်မျက်လှည့်ဆရာနှစ်ယောက်ကို ဖမ်းဆီးလာခဲ့ပြီတဲ့။ သူတို့ကို တစ်ဦးစီခွဲ၍ စစ်ဆေးသည်။ သက်သေများရှေ့မှာ ရှာဖွေတော့ ခေါင်းဆောင်





လုပ်သူ၏လက်ကိုင်အိတ်ထဲမှ ပျောက်ဆုံးသွားသောစိန်လက်စွပ်နှင့် စိန်နားကပ်ကိုတွေ့သည်။

လက်စွပ်က နှစ်ကွင်းဖြစ်နေ၍ မေးတော့ တစ်ကွင်းက တခြားမြို့မှ ခိုးယူလာခြင်းဖြစ်ပါသတဲ့။ သက်ဆိုင်ရာမြို့နယ်တပ်ဖွဲ့သို့ ဆက်သွယ်သတင်းပေးရပါဦးမည်။

လောလောဆယ်တော့ ရာဖြတ်များကိုခေါ်၍ ပစ္စည်းကိုစစ်ခေ..စေသည်။ စိန်အစစ်၊ ရွှေအစစ်ဖြစ်ကြောင်း သက်သေခံကြသည်။ တရားလိုများကိုခေါ်ယူ၍ အလားတူပစ္စည်းများနှင့် ရောနှောပြသသည်။ သူတို့ပစ္စည်းအမှန်ကို ခွဲပြနိုင်ကြသည်။

မြွေများကခိုးယူပေးသည်ဆိုသည့်အချက်ကတော့ စဉ်းစားစရာဖြစ်နေသည်။ သက်သေခံပစ္စည်းများက တရားခံများထံမှ ရှာဖွေရရှိထားပြီမို့ အမှုတည်ဆောက်လို့ ရနေပါပြီ။ အခြေအနေကတော့ ကိုယ့်ဘက်ရောက်နေပြီတည်း။

စခန်းမှူးက အမှုစစ်အရာရှိအား သူ့ရုံးခန်းထဲခေါ်လိုက်၏။ မြွေမျ--ါလှုပ်ရှားမှုကို လက်တွေ့လုပ်ခိုင်းပြီး ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ရန်အစီအစဉ်များ ညွှန်ကြားသည်။ အမှုစစ်အရာရှိဒုရဲအုပ်ဖော်သောင်းမှာ ခေါင်းတညိတ်ညိတ်နှင့် ညွှန်ကြားချက်များကို မှတ်သားနေသည်။ ပြီးတော့ အလေးပြုထွက်ခွာခဲ့သည်။

တရားခံများထဲမှ မြွေဆရာလေးတစ်ဦးတည်းကို ထုတ်ခိုင်းလိုက်သည်။ လက်ထိတ်ဖြုတ်၍ သက်သက်သာသာထိုင်ခိုင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စီးကာရက်တစ်လိပ်ကို မီးညှိပြီး ကမ်းပေးလိုက်သေးသည်။

"ရော့...ဆေးလိပ်သောက်။ လက်ဖက်ရည်သောက်ဦးမလား"

"ရရင်တော့ သောက်ချင်တာပေါ့ဆရာ"

ဒုရဲအုပ်ဇော်သောင်းက လက်ဖက်ရည်တစ်ခွက်မှာပေးလိုက်သည်။ လက်ဖက်ရည်ရောက်မလာခင် မေးခွန်းများမေးနှင့်သည်။

"ကိုင်း...ညီလေး။ ကူညီလက်စနဲ့ ကူညီကွာ။ မင်းမြွေတွေနဲ့ မင်းသရုပ်ပြပေးနိုင်မလား"

"ဘာကိုပြရမှာလဲဆရာ"

"ဟိုကွာ...မင်းမြွေရဲ့စွမ်းရည်ကို လက်တွေ့ကြည့်ချင်တယ်။ ပစ္စည်းကို ဘယ်လိုယူလာပြီး မင်းကိုလာပေးတယ်ဆိုတာ ကြည့်ချင်တယ်"

"ဖြစ်ပါတယ်ဆရာ။ လက်စွပ်တစ်ကွင်းလောက်ကတော့ ကိုက်ချီလာပြီး ကျွန်တော့်ရှေ့မှာချပေးခိုင်းလို့ ရပါတယ်"

"အေး...အဲဒါကို စခန်းထဲမှာပဲ လုပ်ပြခိုင်းလို့ ဖြစ်မလား"

"ဖြစ်ပါတယ်ဆရာ"

"အိုကေ...ဒါဆို ငါစီစဉ်လိုက်မယ်။ ပြီးရင် အခင်းဖြစ်တိုက်ပေါ်က ပစ္စည်းကို ဘယ်လိုခိုးပေးခဲ့တယ်ဆိုတာလည်း သရုပ်ပြစေချင်တယ်"

"အဲဒါတော့ နည်းနည်းခက်မယ်ဆရာ"

"ဘာဖြစ်လို့လဲကွ"





"တကယ်ခိုးရမယ့်တိုက်ထဲ လွှတ်တာမျိုးကျတော့ အချိန်ယူရတယ်ဆရာ။ လူတွေလှုပ်ရှားမှုရှိရင် သူတို့က မလှုပ်ရှားဘူး။ လုံခြုံတဲ့နေရာမှာ ပုန်းနေကြတာ။ ခွေးတွေဘာတွေရှိမယ်ဆိုလည်း သူတို့ကြောက်တယ်ဆရာ။ အဲဒါဆို တော်တော်နဲ့ အလုပ်မဖြစ်ဘူး"

"ဒီလောက်အဆိပ်ပြင်းတဲ့မြွေက ခွေးတော့ကြောက်သတဲ့လား"

"ဟာ...သူတို့က လူထက် ခွေးကို ပိုကြောက်တယ်ဆရာရဲ့။ တချို့ခွေးက မြွေဆိုရင် မလွှတ်တမ်းခဲကြတာ။ ခွေးက အနံ့ခံလည်းကောင်းတော့ မြွေပုန်းလို့မရဘူး။ ထိုးဟောင်နေတော့တာ။ ရင်ဆိုင်တွေ့ရင်လည်း မြွေကအပေါက်မှာ ကုပ်ကိုအရခဲတော့တာ ဆရာရဲ့။ ကုပ်ခဲပြီး တစ်ချက်ယမ်းလိုက်တာနဲ့ မြွေသေရတာပဲ။ ကျွန်တော့်မြွေတစ်ကောင်တောင် ခွေးရှိတဲ့ခြံထဲသွင်းမိလို့ သေခဲ့ရသေးတယ်"

မြွေဆရာလေးက စိတ်ပါလက်ပါပြောရင်း ရောက်လာသည့် လက်ဖက်ရည်ကို တစိမ့်စိမ့်သောက်ဖနေသည်။ ဒုရဲအုပ်ဇော်သောင်းလည်း စုံထောက်ကြီးဦးစံရှား၏စတိုင်လ်ဖြင့် စီးကရက်ကို ဟန်ပါပါခဲရင်း မျက်လုံးမှေး၍ တွေးနေမိသည်။ သည်ကိစ္စ မည်သို့ဆက်လက်ဆောင်ရွက်ရမည်နည်း။ ဖြစ်အောင်တော့ လုပ်ရပေလိမ့်မည်။

"ကျေးဇူးပါပဲဆရာရယ်။ လက်ဖက်ရည်တိုက်နေတာနဲ့ ထမင်းကျသွားတော့တယ်။ ဆရာဖြစ်ချင်တာကိုလည်း ဖြစ်အောင်လုပ်ပေးပါမယ်။ ကျွန်တော်ပြောတဲ့အစီအစဉ်အတိုင်းသာ ဆရာပြောတာ ပြည့်

www.burmeseclassic.com



စုံအောင်လုပ်ပေးပေါ့"

မြွေဆရာလေး၏စကားကြောင့် ဒုရဲအုပ်ဇော်သောင်း ပျော်သွားသည်။

"စိတ်ချကွာ။ မင်းလိုအပ်တာ အကုန်လုပ်ပေးမယ်။ စိတ်အေးအေးနဲ့သာလုပ်။ ကြားလား...။ မင်းအခန်းထဲကမြွေတွေအတွက် ရော အစာရေစာပြည့်စုံရဲ့လား"

"ပြည့်စုံပါတယ်ဆရာ"

"အေး...အေး...လိုတာရှိရင်တော့ ပြောပေါ့ကွာ။ ဗိုင်း...မင်း လက်ဖက်ရည်သောက်ပြီးရင်တော့ မင်းမြွေရဲ့အစွမ်းကို စခန်းထဲမှာပဲ အရင်ပြကွာ"

"ဖြစ်ပါတယ်ဆရာ"

▶▶◀◀

## ‹၅›

စခန်းတစ်ခုလုံး ထူးခြားစွာတိတ်ဆိတ်ငြိမ်သက်နေသည်။ စခန်းကို အထူးအစီအစဉ်ဖြင့် ရှင်းလင်းထားခြင်းဖြစ်သည်။ စခန်းက နှစ်ထပ်ဖြစ်၏။ မြွေဆရာလေး၏အစီအစဉ်အရ အောက်ထပ်ခန်းမ ကျယ်မှာ သူနှင့်မြွေများ အသင့်ရှိနေသည်။ မြို့နယ်မှူး၊ စခန်းမှူးနှင့်





ဒါတ်ပုံဆရာ၊ ရဲတပ်ဖွဲ့တချို့က ခပ်လှမ်းလှမ်းမှာ ငြိမ်သက်စွာရှိနေကြသည်။

မြွေဆရာလေးက ပခြုပ်တစ်ခုထဲမှ မြွေတစ်ကောင်ကို ထုတ်ယူသည်။ မြွေကိုချ၍ ချော့သလို၊ ကစားသလို လုပ်သည်။ မြွေက ပါးပျဉ်းထောင်၍ ငြိမ်နေ၏။ သူက မြွေကိုစူးစိုက်ကြည့်ရင်း တိုးတိုးလေးပြောသည်။ ဘာပြောမှန်း သဲကွဲစွာမကြားရ။ သူ့အိတ်ကပ်ထဲမှ အသင့်ပေးထားသည့် စိန်လက်စွပ်တစ်ကွင်းအား မြွေကိုပြလိုက်သည်။ နှာဝသို့ကပ်ပေးသည်။ အနံ့ကိုသိအောင် ပေးသည့်သဘောဖြင့်။

နောက်ပြီး မြွေကြီးရှေ့မှာ လက်စွပ်ကို ဖြည်းဖြည်းချင်းလှုပ်ယမ်းပြသည်။ လက်စွပ်ယမ်းရာဘက်သို့ မြွေကလိုက်ကြည့်သည်မှာ ယိမ်းကနေသည်နှင့်ပင် တူလှ၏။ ကြည့်ကောင်းကောင်းရှိလှသဖြင့် တစ်ဖွဲ့လုံးမျက်တောင်မခတ်အားကြ။ သည်မြွေသည် အပေါ်ထပ်ရှိ လက်စွပ်ကို မည်သို့ယူပေးနိုင်မည်နည်းဟု တွေးနေမိကြသည်။

စခန်းအပေါ်ထပ်ရှိ စားပွဲကစ်လုံးပေါ်ဝယ် စိန်လက်စွပ်တစ်ကွင်း အသင့်တင်ထားသည်။ အပေါ်မှာ လူမရှိ။ အောက်ထပ်မှာတော့ ငြိမ်သက်စွာထိုင်ကြည့်နေသူများရှိသည်။ အားလုံးစိတ်ဝင်စားလှသဖြင့် အသက်ရှူရန်ပင် မေ့နေကြသည်။ မြွေနှင့် မြွေဆရာလေး၏ လှုပ်ရှားဟန်များက သူတို့ကိုဖမ်းစားထားကြသည်။

မြွေကြီးကိုကြည့်ရသည်မှာ တာဝန်တစ်ခုကိုထမ်းဆောင်ရန် အတွက် သတိဆွဲ၍ အမိန့်နာခံနေသည့် တပ်ဖွဲ့ဝင်တစ်ဦး[illegible]ရွ



www.burmeseclassic.com

www.burmeseclassic.com



သေးတော့၏ဟု စခန်းမှူးတွေးနေမိသည်။

"ရှီ…ရှီ…ရှီ…"

မြွေတွန်သံသဲ့သဲ့ထွက်လာသည်။ မြွေကြီးထံမှမဟုတ်။ မြွေဆရာလေးဆီမှဖြစ်သည်။ မြွေကြီးက မြွေတွန်သံကြားတော့ ခုတ်ခနဲဖြစ်သွားသည်။ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ပါးပျဉ်းကိုချ၍ လမ်းကြောင်းရှာသည်။ သူတို့ဘက်များ လာလေမလားဟု စခန်းမှူးနှင့်အဖွဲ့ ယောင်ယမ်း၍ ခြေများရုပ်တင်ထားမိကြသည်။

မြွေဆရာလေးက မြွေကြီးအား အပေါ်ထပ်လှေကားရင်းဆီသို့ ခေါင်းတည်ပေးလိုက်သည်။ ခေါင်းကိုအသာပုတ်ရင်း 'ရှူး'ဟု တစ်ချက်အသံပြုလိုက်သည်။ မြွေကြီး လျောခနဲထွက်သွားသည်။ အံ့တော့ အံ့သြစရာ"

မြွေကြီးက လှေကားရင်းဆီသို့ ဦးတည်သွားသည်။ လှေကားထစ်ကို တက်နေသည်။

တစ်ထစ်ပြီးတစ်ထစ် တက်သွားသည်မှာ အံ့သြစရာ။ လှေကားထစ်ကို တွန့်လိမ်တက်ရုံတင်မဟုတ်။ အပေါ်ရောက်ဖို့ အမြီးဖြင့်ထောက်ကန်ရွေ့လျားသွားသည်။ မြွေဆရာလေးကတော့ ခပ်အေးအေး။ ကျန်ပခြုပ်များထဲမှ သူ့မြွေများကို ကြည့်နေသည်။ မြွေများကို သူအတော်သံယောဇဉ်ရှိပုံရသည်။

"ဒီမြွေတွေဟာ ကျွန်တော့်ရဲ့ဘဝဖော်မွန်တွေပါပဲဆရာရယ်။ ကျွန်တော်ဟာ ဒီမြွေတွေနဲ့ ကြီးပြင်းခဲ့ရတာပါ။ ကျွန်တော့်အဖေဟာ





အလမ္ပာယ်ဆရာတစ်ဦးပါ။ အဖေ့ဆီက မြွေပညာတွေရခဲ့တဲ့ကျွန်တော့်ကို အသုံးချဖို့အတွက် မြွေတွေကို ခိုးတတ်အောင်သင်ပေးဖို့ ကျွန်တော့်ဆရာက ခိုင်းခဲ့တာပါ။ သူခိုင်းတဲ့အတိုင်း သင်ကြားလေ့ကျင့်ပေးတော့ မြွေတွေက လုပ်တတ်လာပါတယ်။ ကျွန်တော်တို့ ပွဲဦးထွက် တခြားမြို့မှာ ခိုးခဲ့ကြလို့ အောင်ပွဲခံခဲ့ပါတယ်။ အခု ဒီမှာက ဒုတိယအကြိမ်လှုပ်ရှားခြင်းပါပဲ"

မြွေဆရာလေး၏ အစစ်ခံချက်တချို့ကို ဒုရဲအုပ်ဇော်သောင်းပြန်တွေးနေမိသည်။ သူတွေးနေဆဲမှာပဲ မြွေကြီးက လှေကားထိပ်သို့ရောက်ရှိသွားလေပြီ။ အတန်ကြာတော့ မြင်ကွင်းမှပျောက်ကွယ်သွားသည်။ မြွေဆရာလေးက အပေါ်သို့မော့ကြည့်ရင်း မြွေတွန်သံပြုပြန်၏။

"ရှီ…ရှီ…ရှီ…"

အပေါ်ထပ်မှ ခပ်တိုးတိုးခပ်အုပ်အုပ် 'ရှီ'ခနဲ တစ်ချက်ပြန်ကြားသည်။ ပြန်ကြားပုံမှာ တိတ်တိတ်နေဟု သဘောသက်ရောက်ပုံရသည်။ နောက် ဘာသံမှမကြားရတော့။ အားလုံးငြိမ်သက်နေမိကြသည်။ မြွေကြီးပြန်ဆင်းလာမည့်လမ်းသို့ လှမ်းကြည့်နေမိကြသည်။

အချိန်က နည်းနည်းကြာသွားသည်။ အများနည်းတူ ဒုရဲအုပ်ဇော်သောင်းလည်း စိုးရိမ်စပြုလာသည်။ အဆင်မပြေပါမည်လား။ မြွေဆရာလေးပြောသလို ဖြစ်မလာလျှင် ဘာဆက်လုပ်ရမည်နည်း။ သူလည်း လူကြီးတွေရှေ့ မျက်နှာပူရဦးမည်။

သူမနေနိုင်တော့။ မြွေဆရာလေးကို အသာလှမ်းသတိပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ တိုးတိုးလေးမေးလိုက်သည်။

"ဟော့ကောင်...မင်းဟာ ဖြစ်ပါ့မလား"

"မပူပါနဲ့ဆရာ။ ဒီကောင် ပြန်ဆင်းလာတော့မှာပါ။ သူ့အလုပ် သူကျွမ်းပြီးသားပါ"

"ဟုတ်မှလည်း လုပ်ပါကွာ။ မဟုတ်ရင်တော့ ငါတော့ အရှက်ကွဲတော့မှာပဲ"

"စိတ်ချပါဆရာရဲ့။ ကြည့်နေ။ ကျွန်တော်ပြန်ခေါ်လိုက်မယ်"

မြွေဆရာလေးနှင့် အမှုစစ်တို့ တီးတိုးပြောနေကြသည်ကို စခန်းမှူးက မသိမသာ အကဲခတ်နားစွင့်နေ၏။ စခန်းမှူးလည်း စိတ်ပူနေဟန်ရှိသည်။ မြို့နယ်မှူးကတော့ ခပ်အေးအေး။ ဘာသိဘာသာ စီးကရက်ဖွာနေသည်။

"ရှီ...ရှီ..."

မြွေဆရာလေးထံမှ မြွေတွန်သံနှစ်ချက်ထွက်လာသည်။ အပေါ်မှ ဘာသံမှုထွက်မလာ။ အားလုံး၏မျက်လုံးများကတော့ လှေကားထိပ်ဆီမှာ။ သည်မြင်ကွင်းမှပင် မြွေကြီးပြန်ဆင်းလာရမည်မဟုတ်လား"

"ဟာ..."

အသံထွက်မသွားအောင် မနည်းသတိထားလိုက်ကြရသည်။ တစ်ယောက်ထံမှ 'ဟာ'သံတိုးတိုးထွက်သွားသဖြင့် မြွေကြီး ဖြိမ်၍ ရပ်သွားသည်။ မြွေကြီးကား ပရိသတ်မြင်ကွင်းသို့ ပြန်လည်ချင်းနင်း





ဝင်ရောက်လာပါပြီ။ လှေကားသို့ဆင်းရန် လှေကားထိပ်မှာ ရောက်ရှိနေပါပြီ။ လှေကားကိုဆင်းရန် တာစူနေသည်။ ခုန'ဟာ'သံကြောင့် ရပ်၍နားစွင့်နေဟန်ရှိသည်။

ထူးတော့ထူးသည်။ လှေကားထိပ်သို့ရောက်ရှိနေသည်မှန်သော်လည်း အလယ်မှ မြင်သာအောင်လာခြင်းမဟုတ်။ ထောင့်ကွယ်မှ ခေါင်းထွက်လာပြီး ခေါင်းထောင်ကြည့်နေခြင်းဖြစ်သည်။ အထူးခြားဆုံးမှာ ပါးစပ်မှာ အရာဝတ္ထုတစ်ခုကိုက်ချီထားသည်။ သေချာပေါက် စိန်လက်စွပ်လေးပါပဲ။

မြွေကြီးဟန်ပန်က တကယ့်သူခိုးတစ်ယောက်နှင့်တူသည်။ ထောင့်ကွယ်မှ ပုန်းလျှိုးပြီး လမ်းကြောင်းကိုလှေ့လာနေပုံတည်း။ မြွေကြီးက စိတ်ချဟန်မတူ။ တော်တော်နှင့် ပြန်ဆင်းမလာ။ အောက်မှာ လူများရှိနေသည်မဟုတ်လား။

"ရှီ...ရှီ..."

မြွေဆရာလေးက မြွေတွန်သံဖြင့် အချက်ထပ်ပေးလိုက်သည်။ ပြတ်တောင်းပြတ်တောင်းသုံးကြိမ်ပြုလုပ်လိုက်တော့ မြွေကြီးလျှောခနဲ ဆင်းလာသည်။ စိတ်ချသွားပုံရသည်။ သူ့ဆရာထံမှ အန္တရာယ်ကင်းကြောင်း အချက်ပေးသံပဲဖြစ်လိမ့်မည်။ သူ့ကြည့်ရသည်မှာ စိုးရိမ်စရာ ပန်ဟန်မရှိတော့။ လှုပ်ရှားဟန်ကတော့ တကယ့်လူသူခိုးလိုပါပဲ။

မြွေကြီးက အောက်ရောက်သည်နှင့် မြွေဆရာလေးထံ အရောက်လာသည်။ မြွေဆရာလေးရှေ့မှာ ဝါးထျွင်းဘောင်းခွေနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ဖြင့် လ ာ်စွပ်ကို ကိုက်ချီထားဆဲ။ ပါလာ၊ ရလာသည်ကို ပြ နေဟန်ရှိသည်။

ကြိုတင်မှာထားသည့်အတိုင်း ဒုရဲအုပ်ဖေဝ်သောင်း မြွေဆရာလေးနောက်ကျောသို့ ကပ်သွားသည်။ အနီးကပ်ဓာတ်ပုံရိုက်ယူရန် ဖြစ်သည်။ မြွေဆရာလေးက မြွေကို ဂါ•ျှုဥ်းထောင်မြဲ ထောင်ထားစေသည်။ ဓာတ်ပုံရိုက်ပြီး‌တော့မှ မြွေရှေ့မှာ လက်ဝါးလေးဖြန့်လိုက်သည်။ မြွေက လက်စွပ်ကို သူ့လက်ထဲချပေးလိုက်သည်။ နောက်ပြီး မြွေကြီးမှာ မောသွားဟန်ဖြင့် ပါးပျဉ်းချ၍ ငြိမ်နေ၊ ခွေနေတော့သည်။ မြွေဆရာလေးက ကောက်ယူပြီး ပခြုပ်ထဲထည့်လိုက်သည်မှာ အရုပ်တစ်ရုပ်ကို ကောက်ထည့်သလိုရှိတော့၏။

"ဟင်း..."

ယခုမှ အားလုံးသက်ပြင်းချဖြစ်ကြသည်။ မြို့နယ်မှူးက မြွေဆရာလေးအား စီးကရက်တစ်ဘူး ဆုချလိုက်သည်။

"ညီလေး...။ အမှုပြီးရင် မင်းရဲ့အတတ်ပညာနဲ့ ကောင်းကောင်းမွန်မွန်လုပ်ကိုင်စ ား။ ကြားလား...။ ဖြတ်လမ်းက မလိုက်ချင်နဲ့။ ကိုယ့်ပညာနဲ့ကိုယ် ကြီးပွားနိုင်ပါတယ်"

ဟူ၍လည်း ဆုံးမသွားသည်။

"ဟုတ်ကဲ့ပါ...ကျွန်တော်ကတိပေးပါတယ်"

မြွေဆရာလေးကလည်း လိုက်ဂ ာ်လှဲလှဲကတိပေးသည်။ သူပျော်ရွှင်အားတက်နေပုံရသည်။ ရဲတပ်ဖွဲ့ဂ ျား၏ နွေးထွေးသောထိ





တွေ့ဆက်ဆံမှုများကြောင့် သူ့ရင်မှာ လန်းဆန်းနေဟန်ရှိသည်။ သူ့ရင်တွင်းမှ ဆန္ဒကို လှစ်ဟသည်။

"အမှုပြီးရင်တော့ ကျွန်တော့်မြွေတွေကို ကျွန်တော်ပြန်ရမှာပါနော်"

"ဘာလဲ...စိန်တွေခိုးခိုင်းဦးမလို့လား"

စခန်းမှူးက ရယ်သွမ်းသွေး၍ ပြောလိုက်သည်။ မြွေဆရာလေးက ခေါင်းငုံ့လျက်မှ...

"မဟုတ်ပါဘူးဆရာရယ်။ ကျွန်တော် သူတို့အပေါ် သံယောဇဉ်ရှိလို့ပါ။ ဥပဒေနဲ့မကင်းတာလုပ်ရင် ဘယ်လိုမှ လွတ်လမ်းမရှိဘူးဆိုတာ ကိုယ်တွေ့မို့ ကြောက်မှါပြီဆရာရယ်"

"နောက်တာပါကွာ။ မင်းတကယ်နောင်တရနေပြီဆိုတာ ယုံပါတယ်"

စခန်းမှူးက မြွေဆရာလေး၏ပခုံးကိုပုတ်ရင်း ပြောလိုက်သည်။ အားပေးနှစ်သိမ့်သည့်သဘောပါ။ မြွေဆရာလေးက လေးလေးနက်နက်ပြောပြန်သည်

"တကယ့်ကို နောင်တရတ ပါ ဆရာရယ်။ ကျွန်တော်တို့တစ်ဖွဲ့လုံးက သေချာပေါက်တွက်ထားတာက ဒီအမှုတွေဟာ ဘယ်လိုမှမပေါ်နိုင်ဘူးလို့ပဲပေါ့။ လူကိုယ်တိုင်ဝင်ခိုးတာမဟုတ်ဘဲ မြွေတွေက ဝင်ထွက်ခိုးယူတာဆိုရင်တော့ သဲလွန်စလည်းအကျန်မထားခဲ့မိဖို့ ခြေရာကောက်နိုင်လိမ့်မယ်မဟုတ်ဘူးလို့ ကျိန်းသေတွက်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြတာ"

"အခုတော့..."

"အခုတော့ ဆရာတို့က ရအောင်ဖော်ထုတ်ဖမ်းဆီးပြလိုက်တယ်ဆိုတော့ ကျွန်တော် နောက်လုပ်ဖို့ စိတ်မကူးဝံ့တော့ပါဘူး။ ဒါနဲ့ ကျွန်တော့်ဆရာနဲ့ ချာတိတ်လေးရောဆရာ"

"ရှိပါ့ကွာ...။ မင်းဆရာကတော့ နောင်တရဟန်မတူပါဘူး။ မင်းညံ့လို့ အဖမ်းခံရတာဆိုပြီး တက်တခေါက်ခေါက်ဖြစ်နေလေရဲ့။ ဒါကြောင့် မင်းကို သူနဲ့အတူမထားဘဲ ခွဲထားရတာပေါ့"

"သူလည်း တစ်နေ့တော့ အမြင်မှန်ရမှာပါ ဆရာရယ်။ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမှ မရှိဘဲဟာ"

"မင်းကမှ ဒီလိုသိသေး။ ဒါထက် မနက်ဖြန် တို့ကို အခင်းဖြစ်တိုက်မှာ သရုပ်ပြပေးဦးနော်။ ကဲ...ကဲ...မင်းလည်း ပင်ပန်းမယ်။ နားလိုက်ဦး"

"ဟုတ်ကဲ့ပါဆရာ။ မနက်ဖြန်အတွက် ကျွန်တော်အဆင်သင့်လုပ်ထားပါ့မယ်"

"အိုကေ..."

▶▶◀◀

<၆>

"အတော်ချီးကျူးဖို့ကောင်းတဲ့ မြွေပဲဗျာ"

စခန်းမှူးအာ ဗီဒီယိုခွေကိုကြည့်ရင်း ပြော၏။ ချီးကျူးမည်ဆိုလည်း ချီးကျူးထိုက်ပါသည်။ ဗီဒီယိုခွေထဲမှ မြွေ၏လှုပ်ရှားမှုမှာ မယုံနိုင်စရာဖြစ်နေ၏။ စခန်းထဲမှ သရုပ်ပြပွဲကို ရိုက်ထားခြင်းဖြစ်သည်။

မြွေကြီးမရိုပ်မိရန် တိုးတိုးတိတ်တိတ်ခိုးရိုက်ရခြင်းဖြစ်သည်။ အောက်ထပ်မှာရှိစဉ် စတင်ထွက်ခွာစဉ်ကတော့ လူအများရှေ့မှာမို့ ပြဿနာမရှိ။ ရှင်းရှင်းကြီးမြင်နေရသည်။ အပေါ်ကမြင်ကွင်းကျတော့ ဘယ်သူမှမမြင်နိုင်။

အပေါ်ထပ်မြင်ကွင်းကိုရဖို့ အသေအချာစီမံရသည်။ စိန်လက်စွပ်တင်ထားသည့်နေရာ၊ မြွေကြီးဝင်ထွက်လမ်းတို့ကို မြင်သာမည့်နေရာမှာ ဗီဒီယိုဆရာကို ကြိုတင်ပုန်းလျှိုးထားပေးရသည်။ အဆော စီးမှနေ၍ မြွေကြီး၏လှုပ်ရှားမှုကို အစအဆုံးရိုက်ကူးနိုင်ခဲ့သည်။

အပေါ်ထပ်ရှိ ဗီဒီယိုကင်မရာမြင်ကွင်းထဲသို့ မြွေကြီး၏ဦးခေါင်း စဝင်လာသည်မှ ပြန်ထွက်သွားသည်အထိ ကြည့်ကောင်းလှသည်။ မြွေဟုဆိုငြားလည်း အသိဉာဏ်မဲ့တိရစ္ဆာန်တစ်ကောင်လို လှုပ်ရှားသွားလာခြင်းမဟုတ်။ ဝါရင့်သူခိုးတစ်ယောက်လို ချွတ်နင်းဝင်ရောက် လှုပ်ရှားနေခြင်းဖြစ်သည်။

စတင်တက်လာကတည်းက ထောင့်ကွယ်မှ တစ်တက်လာသည်။ ထောင့်နားမှနေ၍ ငြိမ်သက်စွာ ပတ်ဝန်းကျင်ကိုလှမ်းကြည့်၏။ လှေကားထိပ်တိုင်ကိုကွယ်၍ ပါးပျဉ်းထောင်ပြီး ချောင်းကြည့်နေ၏။ ပြီးမှ စိန်လက်စွပ်တင်ထားရာ စားပွဲဆီသို့ လှမ်းခနဲ့သွားလေ၏။







www.burmeseclassic.com

www.burmeseclassic.com



စားပွဲအောက်ကျတော့ ငြိမ်ခွေ၍ အကဲခတ်နေပြန်သည်။ စိတ်မချသလို ဟိုကြည့်သည်ကြည့်လုပ်နေသည်။ နောက်ပြီး ကုလားထိုင်ခြေထောက်ကို လိမ်ပတ်၍ ကုလားထိုင်ပေါ်အရောက်တက်သည်။ ကုလားထိုင်ပေါ်ရောက်တော့ ခွေလျက် ပါးပျဉ်းထောင်ပြီး စားပွဲပေါ် မှီးကြည့်သည်။

ပြီး...ကုလားထိုင်မှပင် စိန်လက်စွပ်ကို အသာအယာကိုက်ချီသွားသည်။ ကိုက်ချီပြီး ပြန်ဆင်းတော့လည်း ဖြောင့်လို့ဖြူးလို့။ သို့သော် ချက်ချင်းအောက်ပြန်မဆင်း။ လှေကားထိပ်ထောင့်ကွယ်မှာ ငြိမ်နေသေးသည်။

မြွေကြီးကား တော်တော်စိတ်ရှည်၍ ကျွမ်းကျင်လှသည်။ အခန်းတွင်းကို သိပ်သက်ဘုံမရ။ လှေကားမှပြန်ဆင်းရမှာကိုလည်း ချင့်ချိန်နေပုံရသည်။ အောက်မှ'သူ့သခင်က 'ရှီး...ရှီး...'အသံပြုလိုက်မှ စိတ်ချလက်ချပြန်ဆင်းသွားခြင်းဖြစ်သည်။

စတက်လာစက လှေကားထိပ်ထောင့်မှာခိုနေစဉ် အောက်မှ ရှီသုံးကြိမ်ပေးတော့ မြွေကြီးကြိုက်ပုံမရ။ ခပ်တိုးတိုး 'ရှီ'တစ်ချက်သာ အသံပြန်ပေးသည်။ တိတ်တိတ်နေ၊ အပေါ်ရောက်နေပြီဟု ဆိုချင်နေပုံရသည့်ဟန်ပန်ကို တွေ့ရသည်။

မြွေကြီး၏လှုပ်ရှားမှုများကို ရိုက်ကူးသည့်ကင်မရာမင်းမှာ အသက်ရှူမှားး၍ ချွေးများနစ်နေခဲ့ရသည်။ အတတ်နိုင်ဆုံးတော့ ကြိုးစားရိုက်ကူးပေးရှာသည်။ အပေါ်ထပ်ကင်မရာမင်းတာဝန်က မြွေကြီး





ပြန်ဆင်းသွားသည်အထိ တာဝန်ကျေရိုက်ပေးထားသည်။ မြွေနှုတ်ရှားမှာ ကိုက်ချီသွားသည့် စိန်လက်စွပ်ကိုလည်း အမိအရရိုက်ကူးပေးထားသည်။

"အိန္ဒိယမြွေကား ကြည့်ရသလိုပဲနော်"

"အေးဗျာ...။ ဟိုဟာက ဖန်တီးချက်နဲ့ ရိုက်တဲ့ဇာတ်လမ်းဆိုတော့ ဒီလောက်မငြိဘူး။ ဒါက ကိုယ်တွေ့ဖြစ်နေတော့ ငြိတယ်"

"ဒီမြွေတွေနဲ့ ကောင်းကောင်းအလမ္ပာယ်ပြစားရင် ဖြစ်သားနဲ့။ ဗီဒီယိုရိုက်မယ်ဆိုရင်တောင် ဖြစ်ဦးမှာ"

"ဗီဒီယိုဆိုလို့ မနက်ဖြန် အခင်းဖြစ်တိုက်မှာ သရုပ်ပြဖို့ စီစဉ်ပြီးပြီလား"

"စီစဉ်ပြီးပြီဆရာ။ သူကတော့ ညပွဲဖြစ်လိမ့်မယ်။ အချိန်လည်း ပေးရမယ်တဲ့။ စိန်နားကပ်အခိုးခံရတဲ့တိုက်မှာ စီစဉ်ထားတယ်"

"အဆင်ပြေတယ်မဟုတ်လား"

"အဆင်ပြေပါတယ်။ အိမ်ရှင်တွေကလည်း မြွေတွေအပေါ်စိတ်ဝင်စားပြီး အစီအစဉ်အားလုံးအတွက် ခွင့်ပြုပါတယ်။ အိမ်ထလူပိုတွေကိုလည်း ရှင်းပေးထားပါမယ်တဲ့။ ခွေးကတော့ နဂိုကတည်းက မရှိလို့ ပြဿနာမရှိဘူး"

"ဒီကောင်တွေက ခွေးတော့ကြောက်သားမှုနော်"

"လူသူခိုးနဲ့ ဘာထူးလဲဆရာရယ်။ လူသူခိုးတွေလည်း ခွေးကြောက်တတ်တာပဲမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ဗျာ...ဟုတ်ပါ့"

▶▶ ◀◀

<၇>

'စံရိပ်ငြိမ်ခြံကြီးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ ညနေစောင်းခန့်တွင် ကားဖြူလေးတစ်စီးဝင်လာပြီး ခြံထောင့်နားမှာရပ်လိုက်၏။

ကားခေါင်းမှ ရဲအုပ်ဇော်သောင်းက အချက်ပေးလိုက်သဖြင့် သူ့လူများဆင်းကြသည်။ မြွေဆရာလေးဆင်းလာပြီးတော့ ပခြုပ်နှစ်လုံးချပေးသည်။ မြွေဆရာလေးက ပခြုပ်နှစ်လုံးကို ခြံထောင့်တစ်နေရာယူသွားပြီး...

"ဒီနေရာကနေ လွှတ်လိုက်တာ"

ဟု ပြောသည်။ မှတ်တမ်းတင်သူကတင်၍ ဗီဒီယိုရိုက်သူက ရိုက်သည်။ တကယ်လည်း မြွေနှစ်ကောင်ကို လွှတ်ပေးလိုက်သည်။ ပြုလုပ်နေကျအတိုင်း ပြုလုပ်ပြသည်။ မြွေများကလည်း လျှောခနဲ ခြံထဲဝင်သွားကြပါပြီ။

အိမ်ထဲမှာတော့ အိပ်ခန်းမှန်တင်ခုံပေါ်မှာ စိန်နားကပ်တစ်ရံတင်ထားသည်။ ညဖြစ်တော့မည်မို့ အိမ်တွင်းမြင်ကွင်းကိုတော့ ဗီဒီယိုမရိုက်ကူးတော့။

မြွေများလွှတ်ပြီး မြွေဆရာလေးနှင့်အတူ ရဲတပ်ဖွဲ့ဝင်များစောင့်ကြသည်။ လူခြေတိတ်ခြင်း၊ ဝင်ထွက်လမ်းတံခါးများ ဟထား





ခြင်းတို့ကြောင့်လားမသိ။ မြန်မြန်ပြီးသွားခဲ့သည်။ တကယ်ခိုးစဉ်ကသန်းခေါင်ကျော်ချိန်မှ ပြန်ထွက်လာသည်ဟု ဆိုသည်။

ယခု ညဦးပိုင်းနှင့် ပြန်ထွက်လာကြသည်။ မြွေနှစ်ကောင်ရှေ့ဆင့်နောက်ဆင့် ပြန်ရောက်လာကြသည်။ တစ်ကောင်စီ၏ နှုတ်များမှာ စိန်နားကပ်တစ်ဖက်စီ ပါလာသည်။ မြွေဆရာလေးက စိန်နားကပ်များကို လက်ဖြန့်တောင်းယူပြီး အမှုစစ်အရာရှိထံ ပြန်ပေးသည်။

"ဆရာမြင်တဲ့အတိုင်းပါပဲ ဆရာရယ်။ သူတို့ကို ကျွန်တော်သိပ်ချစ်တယ်"

ဟု ပြောရင်း ငိုပါတော့သည်။ ပခြုပ်ထဲပြန်ထည့်နေသည့်မြွေကိုင်လက်များ တုန်ယင်နေဘိသို့။ သည်တစ်ကြိမ် သည်တလေးဘယ်လိုဖြစ်သနည်း။

ဒုရဲအုပ်ဇော်သောင်း သူ့ကိုလှမ်းကြည့်မိသည်။ ညဖြစ်နေတော့ မီးရောင်နှင့်မို့ ဝိုးတဝါး။

"ဟော့...ဟော့...မလုပ်နဲ့လေ"

ဒုရဲအုပ်ဇော်သောင်းက အမြန်ပြေးသွားပြီး မြွေဆရာလေးကိုဆောင့်ဆွဲလိုက်သည်။

"မိုက်လှချည်လား။ မင်းဘယ်လိုလုပ်လိုက်တာလဲ"

မြွေဆရာလေး ပြန်မဖြေ။ ဒုရဲအုပ်ဇော်သောင်း [illegible] ကိုင်ရင်း ကြုံကြုံပြုံပါအောင်ငိုတော့သည်။ ငိုသံကြီး [illegible] က "ကျွန်တော် သူတို့နဲ့ကင်းကွာပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



"မိုက်ပါ့ကွာ။ ဒီအမှုပြီးရင် မင်းလွတ်နိုင်တဲ့ဟာကို။ အမှုပြီးရင် မြွေတွေလည်း ပြန်ရနိုင်တာ ပဲဥစ္စာ"

"ဟုတ်ပါ့မလား ဆရာရယ်"

"တောက်...တော်တော်ခက်တဲ့ကောင်။ မဟုတ်ဘဲ မင်းကို ငါက ပြောပါ့မလား။ တော်သေးတာပေါ့။ ကိုက်များကိုက်မိရင်...။ မြွေကိုက်အောင် လက်ဖမိုးကို ထိုးပေးရတယ်လို့ကွာ"

"ကျွန်တော်လည်း ဆောက်တည်ရာမရလို့ လုပ်မိတာပါ ဆရာရယ်။ သူတို့ကလည်း ကျွန်တော့်ကို မကိုက်ကြပါဘူးဗျာ"

ဟုတ်တော့လည်းဟုတ်၏။ သူလက်ဖမိုးထိုးပေးလိုက်ပြီး ခေါင်းကိုပုတ်ပေမယ့် မြွေကမကိုက်။ တွေကြည့်နေပြီး ပခြုပ်ထဲခေါင်း လျှိုဝင်သွားသည်။

သံယောဇဉ်ဟူသည် ငြိတွယ်တတ်ကြစမြဲ။ မြွေဆရာလေးနှင့် မြွေတို့၏သံယောဇဉ်ကို သူ နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရပါပြီ။

အားလုံး ကားပေါ်ရောက်၍ စခန်းသို့ပြန်ရင်း ဒုရဲအုပ်ဖော် သောင်း တစ်ခုတွေးလာမိသည်။

"ပခြုပ်ထဲကမြွေများလည်း မျက်ရည်သွင်သွင်စီးကျနေကြ ပြီလား" ။ ။

မှုခင်းရောင်စုံမဂ္ဂဇင်း (၂၀၀၀၊ နိုဝင်ဘာလ)